www.burmeseclassic.com

# ဒိမုဂသပ်

နေရင်ခွင်ထဲကလေသရိပ်မြှာ

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

# အိုမာဆမ်

## နေရင်ခွင်ထဲက လရိပ်ပြာ

စာမူခွင့်ပြုချက်အမှတ် - ၁၂၁၂/၂၀၀၂ (၁၂)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၂၇၂/၂၀၀၃ (၃)

၂၀၀၃ခုနှစ်၊ မေလ

ပထမအကြိမ်

တန်ဖိုး - ၃၀/-

အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ ... ဒေါ်ခင်ခင်စိန်(ချစ်မင်းလှုံစာပေ-၁၈၁၉)
အမှတ်-၄၃/က၊ မလိခလမ်း၊ ၇-မိုင်၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

ပုံနှိပ်သူ ... ဦးကျော်လှိုင်(၅၅၇၃) စေတနာOFFSET
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်။

BURMESE CLASSIC




နေ ရင် ခွင် ထဲ က လ ရိပ် ပြာ

မောင် ကျော် လှိုင်
စေတနာစာပေ
မှ
စီစဉ်သည်။

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

### ပြည်သူ့သဘောထား

★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

★ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
★ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
★ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
★ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေး ဦးတည်ချက် (၄) ရပ်

★ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
★ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
★ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
★ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေး ဦးတည်ချက် (၄) ရပ်

★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
★ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
★ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး



# အပိုင်း (၁)

www.burmeseclassic.com

www.burmeseclassic.com







ဒီအခန်းထဲမှာ ထိုင်နေရတာ နာရီဝက်ခန့်ရှိပြီဖြစ်၍ ခြေဆောက်များပင် အေးတောင့်လာသည်။ ခြေထောက်တင်မဟုတ်ပါဘူး ဆေး…စွပ်ကျယ်လက်ပြတ်လေးသာ ဝတ်လာတဲ့ သူ့တစ်ကိုယ်လုံး အေးခဲတောင့်နေတာပါ…။

အေးလွန်း၍ ယိုစီးကျလုဖြစ်ဖြစ်နေတတ်တဲ့ သူ့နှာခေါင်းမှ နှပ်ချေးများကို ထိန်းရတာလည်း တစ်ဒုက္ခ။

"တိတ်တိတ်ဆိတ်ဆိတ်နဲ့ ငြိမ်ငြိမ်ထိုင်နေ"

လို့ သူ့ကိုလာခေါ်တဲ့ အဒေါ်ကြီးက မှာသွား၍ သူ လှုပ်ပင်မလှုပ်ရဲ။



www.burmeseclassic.com

www.burmeseclassic.com



ခန်းဆီးကြားက သူနဲ့ ရွယ်တူကောင်လေးတစ်ယောက် ဆော့နေတာကိုတော့ လှမ်းမြင်နေရသည်။

အနီရောင်ကားလေးတစ်စီးက သူ့ခြေထောက်နား ရောက်လာလိုက် ပြန်ထွက်သွားလိုက်နဲ့ အဲဒီကောင်လေးက ဘယ်လိုဆော့နေသည်လဲမသိ။

သူ့အတွက်တော့ ရွှံ့နဲ့လုပ်တဲ့ကား၊ သစ်သားနဲ့လုပ်တဲ့ကားကိုသာ မြင်ဖူးသည်မို့ အဲဒီကားနီလေးက မက်မောချင်စရာ၊ ကိုင်ချင်စရာ။

ဒါပေမဲ့...မကိုင်ရဲပါဘူးလေ။

တရှုံ့ရှုံ့နဲ့ နှပ်ရှုသွင်းရင်း ဦးလေးကြီးထွက်အလာကို ပင်ပန်းကြီးစွာ စောင့်နေရသည်။

မကြာခင်ပင် ဦးလေးကြီးနဲ့ အန်တီကြီးက သူရှိရာအခန်းထဲသို့ ဝင်လာသည်။

ပြောင်လက်နေသော ကြမ်းပြင်ပေါ်ကို ဖွဖွနင်းလာတဲ့ သူ့ရဲ့ခြေထောက်တွေက မွေးဆွတ်လို့....။

သူ့ခြေထောက်များကတော့...





အသာလေး ခြေထောက်များကို ကွေး၍ ယို့ယို့လေးထိုင်နေလိုက်သည်။

သူက ကြမ်းပြင်ပေါ်မှာ ထိုင်နေရခြင်းဖြစ်၍ ခုံပေါ်ထိုင်နေကြသော ဦးလေးကြီးနဲ့ အန်တီကြီးကို မော့ကြည့်လိုက်သည်။

"မင်း...မနက်ဖြန် ကျောင်းစတက်ရမယ်"

ဦးလေးကြီးအသံက မာပြီး ကျယ်လွန်းသဖြင့် သူ ပခုံးမင်တွန့်ခနဲဖြစ်အောင် လန့်သွားသည်။

အသံမာပေမဲ့ မျက်နှာကတော့ နူးညံ့နေသလိုပါပဲလေ။

ဒါပေမဲ့ မေမေ့ဆီက သူ့ကိုတောင်းခဲ့သောမျက်နှာလောက်တော့ နူးညံ့ဟု သူထင်သည်။

"သူ့နာမည် ဘယ်သူ..."

အန်တီကြီးက ဦးလေးကြီးကို လှမ်းမေးလိုက်စဉ်...

"နေဝန်းသစ်"

အန်တီကြီးက မျက်ခုံးနှစ်ဘက်ကို တွန့်ရင်း နှုတ်ခမ်းကို ရှုံ့လိုက်သည်။ မေမေ့ထက် လှပေမဲ့ အဲဒီလိုအမူအရာနဲ့ကျတော့ လှလိုက်တာဟု...သူ တွေးနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"သားနဲ့အတူတူ ကျောင်းထားဖို့ကို မောင် မစဉ်းစားတော့ဘူးလား…သားနဲ့သူက အဆင့်အတန်း မတူဘူးနော်"

အဆင့်အတန်းတဲ့…အတန်းမတူတာကို ပြောတာထင်တယ်။

"မောင် သိပါတယ် နှင်းရဲ့…သူ့ကို ဒီလိုလုပ်ပေးထားတာကလည်း မောင့်အကြောင်းနဲ့မောင် ရှိပါတယ်…သူ့ကို အစွမ်းကုန် ပြုစုပျိုးထောင်ပေးမယ်…သားနဲ့အပြိုင်ပေါ့…သားအတွက် သူ့ကို ပြိုင်ဘက်တစ်ယောက်အဖြစ် မွေးပေးရမယ်…ဒါမှ သားလည်းတိုးတက်…သူလည်း အခြေမြင့်သွားတာပေါ့"

ဘာတွေလဲ…သူ နားမလည်တဲ့စကားတွေကို ပြောနေကြတာပဲ။

ဟော…ကားနီလေး ထွက်လာပြန်ပြီ။

သူတို့ပြောနေတဲ့ သူတို့သားဆိုတာ အဲဒီကောင်လေးထင်တယ်…အသားဖြူဖြူလေးနဲ့၊ သူလည်း အသားဖြူပါတယ်…မေမေကဆို သူ့ကို နေပူထဲတောင် ထွက်မဆော့ခိုင်းဘူး။

တွေးရင်းနဲ့ မေမေ့ကိုတောင် သတိရလာပြီ။

မငိုဘူး…။ မေမေ နောက်ဆုံး သူ့ကို သေသေချာချာ မှာခဲ့တယ်။ မငိုရဘူးတဲ့။





"နေဝန်းသစ်"

အမယ်လေး…ခေါ်ပြန်ပြီ…လန့်လိုက်တာ။

ဦးလေးကြီးကို သူ မော့ကြည့်လိုက်ပြန်သည်။

"မင်း…ကျောင်းမှာ စာကြိုးစားရမယ်၊ စာမေးပွဲကျရင် ကျောင်းဆက်မထားတော့ဘူးနော်…ပြီးတော့ အိမ်အလုပ်တွေ ကူလုပ်ရမယ်…မင်းရဲ့ စားဝတ်နေရေးနဲ့ ကျောင်းစရိတ်ကို ဦးတို့ ထောက်ပံ့ပေးမယ်၊ အဓိက ကတော့ လိမ်လိမ်မာမာနေပြီး စာကြိုးစားဖို့ပဲ…နားလည်တယ်နော်"

"ဟုတ်ကဲ့"

မေမေလည်း ဒီလိုမှာခဲ့တာပဲ…

အေးလိုက်တာ…ခုထိ မပြန်နိုင်သေးဘူးလား။

"ဒါဆို မင်း ပြန်လို့ရပြီ…ခဏနေရင် မင်းဝတ်ဖို့ အဝတ်အစားတွေ လာပို့ပေးလိမ့်မယ်၊ မနက်ဖြန်မနက် ၈ နာရီ ကျောင်းဝတ်စုံဝတ်ပြီး ဒီကိုလာခဲ့…မင်းကို ကျောင်းပို့ပေးမယ်…နောင် မင်း ဘာသာမင်း သွားတတ်တော့မှ မင်းဘာသာမင်း သွားပေါ့…ဟုတ်ပြီလား"

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းဖွင့်ချိန်ထက် နှစ်လတောင်နောက်ကျနေပြီလို့… မေမေ ဖျားတုန်းကပြောခဲ့သေးတယ်။ သူ စာတွေအများကြီးကူးရဦး မှာပေါ့။

"သွား…သွား…မင်း ပြန်လို့ရပြီ"

သူ ဝမ်းသာစွာ နေရာမှ ထလိုက်တာမို့ ညောင်းညာနေသော ခြေထောက်များက လဲပြိုသွားသည်။

"ဟား…ဟား…ဟား"

ခန်းဆီးနောက်က ကောင်လေးထွက်လာပြီး သူလဲကျသွား သည်ကို အားပါးတရ လှောင်ရယ်လေသည်။

နည်းနည်းလည်း နာသွားသဖြင့် သူ ငိုမဲ့မဲ့ဖြစ်သွားသည် အပြင် သူ့ကိုကြည့်ပြီး အားလုံးက ပြုံးစေ့စေ့ဖြစ်နေသဖြင့် ပို၍ ငိုချင် သွားသည်။

ဒါပေမဲ့…ဦးလေးကြီးကတော့ သနားနေသည်ထင်… သူ နားသို့ ဆွဲထူရန် ရောက်လာသည်။

မငိုရဘူး…မေမေ မှာထားတယ် မငိုရဘူးတဲ့။

သူဘာသာသူ ထလိုက်ပြီး အခန်းထဲမှ ထွက်လာလိုက်သည်





ကောင်လေးရဲ့ ရယ်သံကတော့ နောက်ဆီမှ ကျယ်လွင့်လျက် ရှိသည်။

"ဖေဖေ…တောသားက ရယ်ရတယ်နော်"

တောသား…တဲ့။

မေမေရေ…သား မေမေနဲ့ပဲ နေချင်တယ်…ဘာဖြစ်လို့ အဝေးကြီး သေသွားရတာလဲ။

ဝမ်းနည်းစွာဖြင့် ခြံထောင့်ရှိ သူနေရသော အိမ်လေးဆီ လျှောက်လာခဲ့လိုက်သည်။

ဒီအိမ်လေးမှာ…သူရယ်…ခြံစောင့်ဦးလေးရယ်။

သူ့အတွက်တော့ ဘဝကို အသက်ကိုးနှစ်အရွယ်မှစ ဆန်းစစ် နေလည်တတ်နေပြီဟု သတ်မှတ်ရမလိုပင်။

❀❀❀



www.burmeseclassic.com

www.burmeseclassic.com



မွေးအိအေးစက်နေသော ကားလေးထဲသို့ သူ ဝင်လိုက်သည်နှင့်…

"မေမေ…သား သူနဲ့သွားရမှာလား…မသွားချင်ဘူး"

ဘုရားရေ…အကျယ်ကြီးအော်ချလိုက်ပုံက အမြင်ကပ်စရာကောင်းလောက်အောင် ပိုလွန်းလျက်…။

ကားထဲက ဝုန်းခနဲ ပြန်ဆင်းလိုက်ပုံက မြန်လွန်းသဖြင့် သူငံ့ဲသြနေသည်။

"သားကလည်း…သူ့ကို တစ်ရက်နှစ်ရက်ပဲ ပို့ပေးမှာပါ။ ကျောင်းကို သူမှမသိသေးဘဲ…နောက်ကျရင် သူ့ဘာသာသူ သွားမှာပါ…လိမ္မာတယ်…သွား သွား…ဟဲ့…နေဝန်းသစ်…သားကြီးအနိုင်မကျင့်ရဘူးနော်"





သူ ကားထဲမှာ ကုပ်ကုပ်လေးထိုင်ပြီး ခေါင်းညိတ်ပြလိုက်သည်။ သူ့ထက် လူကောင်ပိုသေးသော အဲဒီကောင်လေးရဲ့ အဝတ်အစားများကို ဝတ်ထားရသဖြင့် အနည်းငယ်ကျပ်ပြီး နေရခက်နေသည်။ တောမှာပဲ ကောင်းတယ်…အဖြူနဲ့ အစိမ်းမှ မဟုတ်ပါဘူး…အပဲဝတ်ဝတ်…။

ရှုပုပ်ပြီး ကားထဲပြန်ဝင်လာသော ကောင်လေးကို သူ ပြုံးပြလိုက်စဉ် ကောင်လေးက နှာခေါင်းရှုံ့ပြီး ချာခနဲ ခေါင်းကိုလှည့်သွားသည်။

နေပေါ့…။ လူပုံက ဖြူဖြူနွဲ့နွဲ့နဲ့ တောမှာတုန်းကလို လုံးထိုးလိုက်ရင် ခဏလေးနဲ့ ရှုံးမဲ့ပုံမျိုး။

ကားက ငြိမ့်ခနဲ လျှောထွက်သွားစဉ် သူ့ကိုယ်က ယိုင်ခနဲဖြစ်သွားသည်။ ကောင်လေးကတော့ စီးနေကျမို့ထင်…ဣန္ဒြေပင်ရလျက်။

ခဏလေးသာစီးလိုက်ရသည်။ သူနေရသောကျောင်းသို့ရောက်သွားသည်။ ခြံအကျယ်ကြီးနဲ့ အုတ်နီနီတွေဖြင့် စီဆောက်ထားသောအရာကြီးက ကျောင်းတဲ့။



www.burmeseclassic.com

www.burmeseclassic.com



အထပ်ကလည်း နှစ်ထပ်။

အဲဒီကျောင်းကြီးမှာ သူတက်ရမှာပေါ့။

ကျောင်းသားတွေအားလုံးကလည်း အဖြူနဲ့အစိမ်း သပ်သပ်ရပ်ရပ်လေးတွေနဲ့…။ သူ့လို နှစ်ချေးတွဲလောင်း ဘယ်သူမှမရှိ။

လွယ်နိုင်းသဖြင့် လွယ်လာရသော ကျောပိုးအိတ်လေးလွယ်ကြိုးကားထဲမှ သူ ဆင်းလိုက်စဉ်…

"ဟိတ်…နေဦး"

ကောင်လေးက လှမ်းခေါ်သဖြင့် သူ ရပ်စောင့်နေလိုက်သည်။

"မင်းအတန်းလည်းမသိဘဲနဲ့ ဘယ်လိုသွားမလို့လဲ၊ ငါ့ကျောပိုးအိတ်လွယ်ပေး…ငါ့နောက် လိုက်ခဲ့"

အမယ်…စောစောက ငိုမလိုနဲ့ ပျော့နွဲ့နွဲ့ကောင်လေးကနေတော့လည်း မာကျောရဲရင့်လို့။

"လွယ်လေ…ဘာကြောင်ကြည့်နေတာလဲ"

သူ့အတွက် ကျောပိုးအိတ်နှစ်အိတ်လောက်တော့ အ[illegible]နိုင်တာပေါ့…

"ပေး…ပေး"





လက်က ကောင်လေးအိတ်ကို ကိုင်ရင်းနှင့်ပင် အနောက်[illegible] လိုက်သွားလိုက်သည်။

အခန်းတွေများလွန်းသဖြင့် ဟိုငေးဒီငေးနှင့်ပင် သူ့နေရမည့်[illegible]နံ၀ကို ရောက်လာသည်။

"မင်း…ဒီအခန်းမှာတက်ရမှာ…ငါလည်းတက်နေတာပဲ၊ [illegible]နောက်မှာသွားထိုင်နော်…မင်းက ကျောင်းနောက်ကျတဲ့သူဆိုတော့ [illegible]နောက်မှာသွားထိုင်ရမယ်၊ ကျောင်းဆင်းရင်လည်း အိတ်ကို လာ[illegible]ယ်ပေးဦးနော်"

ကောင်လေးကို သူ ခေါင်းညိတ်ပြပြီး အိတ်ကို စားပွဲပေါ်[illegible]င်ပေးထားလိုက်သည်။

အနောက်ဆုံးတန်းရှိ နေရာတစ်ခုကို ရွေးချယ်လိုက်ပြီး သူ [illegible]ယောက်တည်း အားငယ်စွာထိုင်နေမိသည်။

သူငယ်ချင်းများနဲ့ စကားပြောရင်း သူ့ကိုလှည့်ကြည့်လှည့်[illegible] လုပ်နေသော ကောင်လေးရှိနေခြင်းကြောင့် အနည်းငယ်အားရှိ[illegible]တော့ အမှန်ပင်။

?

သို့သော်…အတန်း၊ ဘက်သည့်နှင့် ဆရာမ၏ နေရာ[illegible]



www.burmeseclassic.com

www.burmeseclassic.com



ဆက်ပေးမှုကြောင့် ခဏလေးနှင့်ပင် သူငယ်ချင်းတွေ သူရလာသည်။

တောမှာတုန်းကလို ပေတီပေညစ်မဟုတ်ပေမဲ့ တောက သူငယ်ချင်းများလိုမင် သူ့အပေါ် ခင်မင်ကြသော သူငယ်ချင်းများ ကြောင့် ကျောင်းတက်ရသည်ကို သူ မကြောက်တော့ပေ။

ကောင်လေးနာမည်ကို ဆရာမခေါ်လိုက်စဉ် သူ မှတ်ထား လိုက်မိသည်။

"သိဂ်ါရ"

တဲ့…။ ဘာအဓိပ္ပာယ်လည်းတော့ သူမသိ။ မကြားဖူးသော နာမည်ဖြစ်၍ မနည်းကြိုးစား၍ မှတ်ထားလိုက်မိသည်။ မမှတ်မိမည် စိုး၍ ဗလာစာအုပ်တစ်အုပ်ထဲမှာ အောက်ပါအတိုင်း သူ မှတ်ထား လိုက်သည်။

"သိရ်ဂါယ"

❀ ❀ ❀





လမ်းလျှောက်နေသော သူ့ဘေးက သိဂ်ါရ စီးသွားသော ကားဖြတ်သွားတိုင်း ထူးခြားစွာ ဝမ်းမနည်းမိတော့။

ကားထဲမှာ အနေကျုံ့ကျုံ့ ထိုင်နေရသည်ထက် လွတ်လွတ် လပ်လပ် လမ်းလျှောက်သွားရသည်ကို ပိုနှစ်သက်လာသည်။

ကျောင်းအသွားတွင် သိဂ်ါရ၏ ကျောပိုးအိတ်ကို သယ်ပေး ရာမလိုပေမဲ့ ကျောင်းအဆင်းတိုင်းတွင်တော့ ကားထဲသို့ ကျောပိုး အိတ် လိုက်ထည့်ပေးရသည်မှာ အကျင့်ဖြစ်နေပြီဖြစ်သည်။

ခြောက်တန်းနှစ်အထိ ဒီကိစ္စအပေါ် မကျေမနပ်မဖြစ်ခဲ့ပေမဲ့ နှစ်တန်းအရောက်တွင်တော့ ဒီကိစ္စကို မတရားဟု သူ ယူဆမိလာ သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့လိုပင် လူကောင်ထွားလာသော သိင်္ဂါရအတွက် ဒီကျော
ပိုးအိတ်က ဘယ်လောက်လေးမှာမို့လို့လဲ…တမင်သက်သက် သူ
အပေါ် အနိုင်ယူခြင်းဖြစ်ကြောင်း နားလည်လာသည်။

ပြတ်ပြတ်သားသား ငြင်းရမည်ဟု ဆုံးဖြတ်ထားသောနေ့က
ကျောင်းဆင်းချိန်တွင် သိင်္ဂါရ နေရာသို့ သူ မသွားဖြစ်တော့။ အိမ်ကို
ပင် တန်းပြန်ခဲ့လိုက်သည်။

သူ့ဘေးက ဖြတ်သွားသောကားပေါ်တွင် သိင်္ဂါရ မကျေမန
ပါသွားသည်ကို မြင်ဖြစ်အောင် မြင်လိုက်မိသည်။

အိမ်ရောက်ပြီး သိပ်မကြာလှ။

အဝတ်အစားလဲပြီး ထုံးစံအတိုင်း အပင်များ ရေလောင်းနေ
ချိန်တွင်…

"နေဝန်းသစ်"

သိင်္ဂါရ အသံမှန်း လှည့်ကြည့်ဘဲ သိနေသည်။

"ဘာပြောမလို့လဲ"

ရေလောင်းလက်စကို မရပ်ဖြစ်တော့ဘဲ လှည့်မေးလိုက်၏

"မင်း…ဘာအချိုးချိုးတာလဲ"





"အော်…မင်းရော ငါရော အသက်တူ၊ အရွယ်တူပဲ…မင်း
အိတ် မင်းနိုင်နေပြီ…နောက် ငါ မသယ်ပေးနိုင်တော့ဘူး"

ပြောစရာရှိတာပြောပြီး ရေဆက်လောင်းနေလိုက်သည်။

"တောသားက လူပါးဝနေတယ်…အေး…ကြည့်နေ…
တစ်နေ့ မင်း ငါ့အကြောင်း သိမယ်"

ဒေါသတကြီးပြောပြီး လှည့်ထွက်သွားသော သိင်္ဂါရ ကျောကို
ကြည့်ပြီး သူ ရယ်နေလိုက်သည်။

ဒီကျောပိုးအိတ်လေးလွယ်ခြင်း၊ မလွယ်ခြင်းကိစ္စလောက်
အတွက်နဲ့ ဒီလောက်ဒေါသဖြစ်စရာမလိုဟု ယူဆမိသောကြောင့်ပင်။

သူ့အတွက်ကတော့ စာမှန်မှန်ကြိုးစားခြင်းနှင့် အိမ်ကြီးသခင်
တို့အလုပ်ကို လုပ်ပေးရခြင်းသည် လုပ်ပေးသင့်သောအလုပ်အဖြစ်
ခံယူထားသည်။ သူ ထားရှိသောစေတနာနှင့် ခံယူချက်ကို သူတို့က
သာ အလွဲသုံးစားမလုပ်ခဲ့လျှင်…

❀❀❀



www.burmeseclassic.com

www.burmeseclassic.com



သူ ကျောင်းတက်ခဲ့သည့်တစ်လျှောက်လုံး အဆင့်နှစ်နှင့်သာ ကျေနပ်နေခဲ့ရသော်လည်း ဒီနေ့တော့ အဆင့်တစ်နေရာကို သူ ရ လေပြီ။

အတန်းပိုင်ဆရာမက…

"ဒီတစ်ခါ အဆင့်တစ်ရတဲ့သူကတော့…

ဟု ပြောပြီး တစ်တန်းလုံးကို ဝေ့ကြည့်စဉ် အားလုံးရဲ့အကြည့်များက သိင်္ဂါရ ထံသို့ စုပြုံလျက် (သူလည်းအပါအဝင်ပေါ့)။

"နေဝန်းသစ်"

အားလုံးက အံ့ဩစွာ သူ့ဘက်ကို လှည့်ကြည့်လာစဉ် သူ ကိုယ်တိုင်လည်း အံ့ဩရင်ခုန်လွန်းလျက်…





"သိင်္ဂါရက အဆင့်နှစ်ဖြစ်သွားတယ်…နောက်ထပ် ပြန် ကြိုးစားပေါ့…နေဝန်းသစ်လည်း ဆက်ကြိုးစားရမယ်နော်"

ပြိုင်ဘက်တစ်ယောက်အဖြစ် သူ သဘောမထားခဲ့သော်လည်း အခြအနေက ပြိုင်ဘက်အဖြစ်ကို တွန်းပို့နေသည်။

ဘာပဲဖြစ်ဖြစ် ဒီတစ်ခါတော့ ဦးလေးကြီးရဲ့ ချီးကျူးမှုကို တော့မည်ဟုတွေးပြီး ကျေနပ်နေမိသည်။

အရင်အခေါက်တွေတိုင်း…

"မင်းရဲ့ ကြိုးစားနှုန်းက မတက်လာပါလား၊ အမြဲတမ်း ဒုတိယသားနောက်ကချည်းပဲ"

ဒီတစ်ခါတော့…

"မင်း တိုးတက်လာပြီ"

လို့ ဦးလေးကြီး ချီးကျူးမယ်ထင်တယ်…။

ဒီကြည်နူးမှုကြောင့်ပင်…အိမ်ရောက်သည်နှင့် အောင်စာရင်း စာရွက်လေးကိုကိုင်ပြီး ဦးလေးကြီးအလာကို မျှော်နေမိသည်။

သူနဲ့အတူနေသော ခြံစောင့် ဦးလေးမြိုင်ကပင်…

"ဒီနေ့…မင်းကို ဂုဏ်ပြုတဲ့အနေနဲ့ မင်းအလုပ် ငါလုပ်ပေး မယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောပြီး အပင်တွေ ရေလောင်းပေးနေရှာသည်။

မေမေသာရှိရင်လည်း သူကြိုက်တဲ့ဟင်းတွေ ချက်ကျွေးပြီး ဂုဏ်ပြုမယ်ထင်ရဲ့…။

ပါလာသော မေမေ့ဓာတ်ပုံကို ထုတ်ကြည့်ပြီး ကြည်နူးစွာ အတွေးပွားနေစဉ်…

"နေဝန်းသစ် ရှိလား"

အိမ်ရှေ့က သိင်္ဂါရအသံကြောင့် သူ ထွက်လာလိုက်သည်။

ဦးလေးကြီး ခေါ်ခိုင်းတာဖြစ်မယ်…။

တစ်ခါတည်း အောင်စာရင်းစာရွက်ပါ ယူလာပြီး ဖြစ်နေသည်။

"မေမေက မင်းကိုခေါ်ခိုင်းလိုက်တယ်"

ဘယ်သူခေါ်ခိုင်းတာပဲဖြစ်ဖြစ် သူလိုက်သွားရမည်မို့ သိင်္ဂါရ နောက်က လိုက်သွားမိသည်။

ခြံဝင်းတစ်ခုထဲမှာဖြစ်သော်လည်း ကိစ္စရှိမှ လာခွင့်ရသော ဒီအိမ်ကြီးကို ရောက်တိုင်းလည်း သူ ငေးမောနေရသည်။

လှပခမ်းနားလွန်းသော အိမ်ကြီးထဲက ပစ္စည်းများအားလုံးဟာ





…ဆိုင်သောပစ္စည်းများမဟုတ်သော်လည်း သူပိုင်ပစ္စည်းများကဲ့သို့ …ခင် တန်ဖိုးထားမက်မောစွာ…

ရှိုးကေ့စ်ထဲတွင် သိင်္ဂါရ ငယ်ငယ်ကတည်းက ကစားခဲ့သော …စားစရာများက အခုထိ သပ်ရပ်စီရီလျက်…သူ ရောက်စနေ့က တွေ့ခဲ့သော ကားနီလေးအပါအဝင်ပေါ့။

"မင်း ခဏနေဦး…မေမေ့ကို ငါသွားခေါ်ဦးမယ်"

ထုံးစံအတိုင်း ပြောင်လက်နေသော ကြမ်းပြင်ပေါ်တွင် ထိုင်ရင်း စောင့်နေလိုက်သည်။

အင်း…ကတ္တီပါအနီရောင်နဲ့ ရုပ်ကြွပန်းခက်တွေ မွမ်းမံထားတဲ့ ဒီခုံတွေက ထိုင်လိုက်ရင် အိစက်နေမယ်ထင်တယ်။

ဖုံကလေးတစ်စက်တလေမျှပင် တင်နေခြင်းမရှိသော ခုံကို လက်ဖြင့် ပွတ်သပ်နေစဉ်…

ဖြူဖွေးနေသော ခြေထောက်တစ်စုံက သူ ပွတ်နေသော ခုံအနီးတွင်ရပ်သွားပြီး…

"မင်း…အဆင့်တစ်ရတယ်ဆို"

အန်တီနှင်းဆာ ခုံပေါ်တွင် ထိုင်ရင်း မေးလိုက်သဖြင့်



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

"အောင်စာရင်း…ပြစမ်းပါဦး"

သူ့လက်ထဲက အောင်စာရင်းကို ဆွဲယူရင်း ပြောလိုက်တာမို့ သူ မပေးခင်ပင် အန်တီနှင်း လက်ထဲပါသွားသည်။

"သားထက် အမှတ်နှစ်ဆယ်တောင်ကွာသွားတာပဲ"

သူ အသက်အောင့်ပြီး သတ်မှတ်ချက်တစ်ခုကို စောင့်မျှော်နေစဉ်…

"ဒီအောင်စာရင်းကို ငါ လက်မှတ်ထိုးပေးလိုက်မယ်…မင်းမောင့်ကို မပြနဲ့တော့…တကယ်လို့ သူမေးရင် စာမေးပွဲကျလို့ မပြရဲတာလို့ပြော"

သူ သိပ်နားမလည်၍…

"ဘာဖြစ်လို့လဲ အန်တီနှင်း"

မရဲတရဲ ပြန်မေးလိုက်စဉ်…

"မင်း သားထက်သာနေလို့…အဲဒါ မောင် သိလို့မဖြစ်ဘူး၊ ငါပြောတဲ့အတိုင်းပြောနော်…အောင်စာရင်းမေးရင် ပြန်အပ်လိုက်ပြီလို့ပြော…ကြားလား…အေး…ငါပြောတဲ့အတိုင်း မလုပ်ရင်တော့ အထုပ်သာပြင်ထားပေတော့"





အနိုင်ကျင့်ခံလိုက်ရသလို ရင်ထဲတွင် တနုံ့နုံ့ နာကျင်စွာ… ဘာဖြစ်လဲ…ငါ သိဂ်ါရထက်သာတာကို ဘာဖြစ်လို့ ပြခွင့်…တာလဲ။

"သွားလို့ရပြီ…ငါပြောတဲ့အတိုင်းပြောနော်"

ဆုပ်ထားသော သူ့လက်သီးများက တဆတ်ဆတ်တုန်… ငိုချင်လာတာလို ရင်ထဲ တလှပ်လှပ် ဝမ်းနည်းလာသည်။

ဒါပေမဲ့ သူ ငိုလို့မဖြစ်။

အဖြစ်မှန်ဆိုတာ တည်ရှိနေတဲ့အရာပဲ။ ဘယ်လိုပဲ ပြောင်းလဲ…စားကြိုးစား…တည်ရှိနေမှာပဲလေ။

အောင်စာရင်းစာရွက်ကို ဦးလေးကြီးဆီမှာ မပြရုံနဲ့ သူ့အဆင့်… ပြောင်းလဲသွားမှာမှ မဟုတ်တာ။

ဒါပေမဲ့ ဦးလေးကြီးရဲ့ ချီးကျူးမှုကိုတော့ မခံရတော့ဘူး

လေးပင်စွာ နေရာမှထပြီး ထွက်လာစဉ်…

"နောက် မင်း ဘယ်လိုပဲကြိုးစားကြိုးစား…ငါ့ထက်သာတဲ့…ရမှာမဟုတ်ဘူး…ပင်ပန်းပါတယ်ကွာ"



www.burmeseclassic.com

www.burmeseclassic.com



သူ့ပခုံးကိုပုတ်ပြီး သိင်္ဂါရက ပြောလာခြင်းဖြစ်ရာ သိင်္ဂါရ၏ လက်များကို သူ ပုတ်ထုတ်လိုက်ပြီး…

"အရင်က…ငါ မင်းကို မပြိုင်ခဲ့ဘူး၊ ဒါပေမဲ့ ဒီနေ့ကစပြီး ငါ မင်းကိုပြိုင်တော့မယ်"

ဦးလေးကြီးဖြစ်စေချင်တာလည်း ဒါပဲမဟုတ်လား။

ပြိုင်ဘက်အဖြစ် ကြိုးစားရမယ်ပြောပြီး အနိုင်ရတာကို လက်မခံပေးနိုင်တဲ့ သူတို့ကို သူ ပြိုင်ကိုပြိုင်တော့မည်။

မေမေရေ…

ဒါတွေက သားဖန်တီးတာမဟုတ်ဘူးနော်…

သူတို့က တွန်းပို့ကြတာပါ။

❀ ❀ ❀





ဦးလေးကြီးရဲ့ မျက်လုံးများကို သူရင်ဆိုင်မကြည့်ရဲ။

အမှားလုပ်ထားမှုမဟုတ်။ အမှန်လုပ်ထားသူလည်း မရင်ဆိုင်ဝံ့ကြောင်း လက်တွေ့အနေနှင့် သူကြုံနေရသည်။

"ပြောလေ…အောင်စာရင်း စာရွက်ရော"

နှုတ်ခမ်းကို ဖိကိုက်ထားခြင်းသည် မပြောလို၍ မဟုတ်။ ပြောရန်အားယူနေမိခြင်းပင်။

"ပြန်ပေးလိုက်ပြီခင်ဗျ"

စူးရှပြတ်သားသောမျက်လုံးများကို ဖျတ်ခနဲသာ ရင်ဆိုင်လိုက်ပြီး ချက်ချင်းခေါင်းပြန်ငုံ့ထားလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့ အိမ်ကိုမပြရတာလဲ"

ပြခွင့်မရှိလို့ပါ။

ရင်ထဲမှာသာ တီးတိုးအဖြေပေးရင်း…

နှုတ်ကမူ…

"စာမေးပွဲကျလို့ပါ"

မျက်လုံးနှစ်လုံးစလုံးကို စုံမှိတ်၍ ဖြေချလိုက်စဉ်…

"နေဝန်းသစ်"

အသံမာမာက နားယဉ်နေပြီဖြစ်သော်လည်း ဒီတစ်ခါအသံကိုမူ ကြားရတာ ဝမ်းနည်းနေမိသလိုပင်။

"ဟုတ်ကဲ့"

"မင်းကို စာကြိုးစားရမယ်လို့ မှာထားတာ…မင်း မှတ်မိရဲ့လား…ငါ့စကားကို နားမထောင်ချင်ရင်တောင် မင်းအမေစကားကို နားထောင်ဖို့ကောင်းတယ်…ခုတော့ကွာ…"

သူ့ခေါင်းကိုတတ်နိုင်လျှင် မြေကြီးထဲစိုက်နေသည့်တိုင် ငုံ့ချထားလိုက်ချင်သည်။





ကျစ်ကျစ်ဆုပ်ထားသောလက်သီးများသာမရှိလျှင် သူ ယိုင်လဲသွားမည်လားမသိ။

"မင်း…ငါ့ကို စိတ်ပျက်စေတာပဲ နေဝန်းသစ်၊ ကောင်းပြီ…မကြိုးစားတဲ့ကလေးကို ကြိုးစားအောင်လုပ်တဲ့နည်းတွေ ငါ့မှာအများကြီးရှိတယ်…စမ်းကြည့်ပေါ့…အခုတော့ လပတ်စာမေးပွဲမို့လို့ မင်းကို ပြစ်ဒဏ်နည်းနည်းပဲ ပေးမယ်၊ မင်းကို တစ်လစာမုန့်ဖိုးဖြတ်ထားမယ်"

သူ့အတွက်တော့ မုန့်ဖိုးရခြင်း၊ မရခြင်းကို မက်မက်မောမော မရှိလှ။ မုန့်ဖိုးရလည်း သူ့ရဲ့ သံဖြူဘူးစုဘူးလေးထဲ ရောက်သွားတာပဲ။

"မင်း…သင်္ချာကို မကျော်နိုင်တောင် မင်းကိုယ်မင်း စာမေးပွဲအောင်ရုံလောက် အားထုတ်သင့်တယ်"

သင်္ချာ…ဒီနာမည်ကို သူ မကြားချင်တော့။

"သွား…သွားတော့"

ဆင်ဝင်အောက်တွင် ပြောနေခြင်းဖြစ်ပြီး သူ့ကို ပြန်နိုင်းပြီးသည်နှင့် ဦးလေးကြီးက အိမ်ထဲဝင်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



သူကသာ မာကျောသောကွန်ကရစ်ပေါ်တွင် ရပ်ရင်း ခြေကျွံ ကျမတတ် ပူလောင်လေးလံလျက်…။

အကြောင်းစုံ ပြောပြထား၍ သိနေနှင့်သော ဦးလေးမြိုင်က ချောင်းကြည့်နေရာက ထွက်လာပြီး သူ့ပခုံးကိုဖက်၍ ခေါ်သွားသည်။

"ဘာတွေပဲဖြစ်နေဖြစ်နေ … ဖြစ်လာသမျှအားလုံးကို အကောင်းတွေအတွက်ပဲ ဖန်တီးပြလိုက်စမ်းပါကွာ…လောကမှာ ရှေ နဲ့ မဖန်တီးနိုင်တာတွေ ရှိပါသေးတယ်"

ဒဿနတွေကို သူ သိပ်နားမလည်သေး။

သူ နားလည်သည်မှာ သူ့အတွက် လောကက ဖန်ဆင်းပေး သောအရာမှန်သမျှသည် အကောင်းနည်းပြီး အဆိုးများနေခြင်းပင် ဖြစ် သည်။

❀❀❀





နောက်စာသင်နှစ်များတွင် အန်တီနှင်း မည်သို့လုပ်လိုက်သည် သိ။ သူနဲ့ သိင်္ဂါရ အတန်းကွဲသွားသည်။

သိင်္ဂါရ က အေတန်း၊ သူက ဘီတန်းဖြစ်သွားသည်။

ဒီလိုအတန်းကွဲသွားခြင်းသည် သူနဲ့ သိင်္ဂါရကို ခွဲထုတ်လို သည့် ရည်ရွယ်ချက်ပင်ဖြစ်စေဦးတော့…သူ့အတွက် လွတ်လပ်စွာ ကြိုးစားခွင့်ရသွားသဖြင့် ကျေနပ်နေသည်။

ဒီလိုနဲ့ အေတန်းရဲ့ အဆင့်တစ်သည် သိင်္ဂါရဖြစ်လာသလို ဘီတန်းရဲ့ အဆင့်တစ်သည်လည်း သူဖြစ်လာသည်။

ဆယ်တန်းရောက်သောနှစ်တွင် သိင်္ဂါရအတွက် ဗိုင်းကျူရှင် အဖြစ် အိမ်၌ ဆရာခေါ်သင်သည့်အပြင် ဂိုက်အဖြစ်လည်း ထူးချွန် ဆောင်းသားတစ်ယောက်ကို ခေါ်ထားပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့အတွက် ကျောင်းတစ်ခုတည်းနှင့် လုံလောက်စွာကြိုး… နေချိန်တွင် ဦးလေးကြီးဆီက မထင်မှတ်သောအခွင့်အရေးတစ်ခု… ရခဲ့လေသည်။

ငယ်ငယ်က အပင်ရေလောင်းခြင်းနှင့် တောက်တိုမယ်… အလုပ်များကိုသာလုပ်ခဲ့ရပြီး ကိုးတန်း၊ ဆယ်တန်းရောက်သော… တွင်မူ ကားရေဆေးခြင်း၊ အိမ်ဆေးသုတ်ခြင်း၊ မြက်ရိတ်ပေးခြင်း… စသည့်အလုပ်များကို ပြောင်းလုပ်ပေးခဲ့ရသည်။

ထုံးစံအတိုင်း သံချေးတက်နေသော ခြံတံခါးတိုင်များကို … ပတ်စားနေစဉ်…

"နေဝန်းသစ်…ခဏလာပါဦး"

အလုပ်က ပြန်လာသော ဦးလေးကြီးက ကားပေါ်မှဆင်းဆင်း… ခြင်း အိမ်ထဲမဝင်သေးဘဲ သူ့ကိုလှမ်းခေါ်လေသည်။

လုပ်လက်စများကို ချထားပြီး သံချေးများပေနေသော လက်… နှစ်ဘက်ကို နောက်ထား၍ ဦးလေးကြီးရှေ့ ရပ်လိုက်စဉ်…

"မင်း…ဒီနေ့ကစပြီး အိမ်အလုပ်တွေ မလုပ်ရတော့ဘူး… ပြီးတော့ သိဂ်ါရဲ့အတူ ကျူရှင်လာတက်ရမယ်"





ဝမ်းသာစရာဖြစ်သော်လည်း သူ ဝမ်းမသာနိုင်။ ကြည်နူးရုံ …သာ…။

မလိုလားသောနယ်ပယ်တစ်ခုကို သွားရမယ့်လူကဲ့သို့ သူ …ခိုက်သွားသည်။

"ငါပြောတာကြားရဲ့လား"

ဆံပင်ဖြူများကို ဆေးမဆိုးသဖြင့် ကျိုးတိုးကြဲတဲဖြစ်နေရ…သော ဦးလေးကြီး၏ဆံပင်ဖြူများကို စိုက်ကြည့်ရင်း…

"ကြားတော့ကြားပါတယ်…ဒါပေမဲ့…"

ဘယ်တုန်းကမှ စာဒကမတက်ဖူးသော်လည်း ဒီနေ့ …ကတက်ရန် သူကြိုးစားလိုက်သည်။

သို့သော်…

"ဒါပေမဲ့တွေ လုပ်မနေနဲ့…ခု လက်ဆေး၊ စာအုပ်တွေ …ပြီး လိုက်လာခဲ့…ငါ စာကြည့်ခန်းထဲက စောင့်နေမယ်"

မလွန်ဆန်ရဲသဖြင့် ပြောသည့်အတိုင်းပင် လက်တွေကို သွား…ပြီး စာအုပ်များကို ယူ၍ ထွက်လာခဲ့လိုက်သည်။

အိမ်ရှေ့အဝရောက်မှ ပုဆိုးစုတ်နှင့်ဖြစ်နေသော သူ့ကိုယ်သူ …သွားမိလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့အတွက် ဘယ်လိုမှ မခံစားရပေမယ့် ဦးလေးကြီး[...]
ဂုဏ်ငယ်မှာကို စိုးရိမ်သွားမိသည်။

ဒါပေမဲ့ မတတ်နိုင်တော့။ ပုဆိုးပြန်လဲလျှင် အချိန်ကြ[...]
မည့်အတွက် ဦးလေးကြီး ဆူမှာစိုး၍ ဒီအတိုင်းပင် ဝင်လာခဲ့လို[...]
သည်။

စာကြည့်ခန်းကို အပေါ်ထပ်မှာထားကြောင်း အိမ်ကို [...]
သုတ်ခဲ့ဖူးသဖြင့် သူ သိနေသည်။

သို့သော်…ဘယ်သူမှမသိဘဲ အိမ်ပေါ်တက်ရမည်ကိုလ[...]
စိုးရွံ့နေသဖြင့် ချိတုံချတုံ…

ထိုအချိန်တွင်…

"ဟဲ့…နေဝန်းသစ်…ဘာကိစ္စရှိလို့လဲ"

အလိုက်သင့်ပင် အထဲကထွက်လာသော အန်တီနှင်းနှင့် [...]
ရသဖြင့်…

"ဟို…ဦးလေးကြီးက ခေါ်လို့ပါ"

မျက်မှောင်နှစ်ခုတွန့်သွားသည်ကို မြင်ရပြီးနောက်…

"မောင်ကခေါ်တာ ဟုတ်လား…ဘာကိစ္စတဲ့လဲ"





သူ့ကို ခြေဆုံးခေါင်းဆုံးကြည့်ပြီး မေးလိုက်ခြင်းဖြစ်သည်။

"စာသင်ဖို့တဲ့…"

ခပ်တိုးတိုး သူ ဖြေလိုက်သော်လည်း အကြီးအကျယ် အံ့ဩ
သွားပုံရသော အန်တီနှင်းကြောင့် သူ နေရခက်သွားသည်။

"အလိုလေး…မောင် ဘာတွေလျှောက်လုပ်နေတာလဲ…
သွား…သွား…ကိုယ့်နေရာကိုယ်ပြန်…ငါ မောင့်ကို ပြောပြလိုက်
မယ်"

ထင်သားပဲ…သူ့အတွက် အခွင့်အရေးရဖို့ ဒီလောက်မလွယ်
ဘူပါဘူးလို…

စိတ်ပျက်သွားသော်လည်း…အလုံးကြီးကျသွားသလို ခံစား
လိုက်ရတာမို့ စိတ်အေးလက်အေး ပြန်လှည့်လာလိုက်စဉ်…

"နေဝန်းသစ်"

ဦးလေးကြီးအသံကို လှေကားရင်းဆီမှာ ကြားလိုက်ရပြီး…

"ငါခေါ်ထားတာကို ဘာဖြစ်လို့ လှည့်သွားရတာလဲ"

အန်တီနှင်းက လှေကားထောင့်ချိုးတွင် ရပ်နေခြင်းဖြစ်၍
ဦးလေးကြီး မမြင်ရ။



www.burmeseclassic.com

www.burmeseclassic.com



သူ နှုတ်ကမဖြေတော့ဘဲ အန်တီနှင်းရှိရာသို့ အကြည့်များကို ပို့ရင်း ဖြေလိုက်သည်။

အန်တီနှင်းကလည်း ရိပ်မိစွာပင် ဦးလေးကြီး မြင်အောင် ရှေ့သို့ ထွက်လာလိုက်ပြီး…

"နှင်း ပြန်နိုင်းတာ မောင်ရဲ့"

"ဒါပေမဲ့…မောင် ခေါ်လာခဲ့တာ"

ဘယ်တုန်းကမှ အန်တီနှင်းကို နိုင်အောင် ဦးလေးကြီး မပြော ခဲ့ဖူး…ဟု…သူ သတင်းကြားခဲ့ဖူးသည်မို့ တိုးတိတ်နှာခံစွာဖြင့် ငြိမ် ရပ်နေလိုက်သည်။

"မောင် ဘာတွေလုပ်နေတာလဲ…သူနဲ့ သားကို စာအတူတူ သင်နိုင်းမလို့လား"

"ဟုတ်တယ်လေ…အဲဒါ ဘာအပန်းကြီးလို့လဲ၊ တစ် ယောက်သင်လည်း ဒီလောက်၊ နှစ်ယောက်သင်လည်း ဒီလောက် ဘဲဟာ…ပေးသင်လိုက်ပါကွာ…ဒီနှစ်က အရေးကြီးတယ်လေ… သူ့ကို ကျူရှင်အပြင်မှာတက်နိုင်းရင်လည်း ပိုက်ဆံထပ်ကုန်ဦးမယ် အတူတူ…သားနဲ့ ပေးတက်လိုက်တာ"





အန်တီနှင်းမျက်နှာက အလိုမကျစွာဖြင့် နီမြန်းလာသည်။

ဦးလေးကြီးကတော့ အေးအေးဆေးဆေးပင်။

ရပ်နေသော သူ့ကို လှမ်းကြည့်ပြီး

"သွား…နေဝန်းသစ်…အပေါ်ထပ်မှာ စောင့်နေကြတယ်၊ ဆရာနဲ့ သားကို ငါပြောထားပြီးခဲ့ပြီ"

သူ ခေါင်းငုံ့၍ အန်တီနှင်းနှင့် ဦးလေးကြီးရှေ့က ဖြတ်သွား ပြီး အပေါ်သို့တက်သွားစဉ် အနောက်ဘက်မှ အန်တီနှင်း၏ စူစူ ဆောင့်ဆောင့်အသံ…ဦးလေးကြီး၏ ချော့မော့ဖျောင်းဖျသံ။

သူ…သက်ပြင်းဖွဖွ ချလိုက်သည်။ စာကြည့်ခန်းထဲသို့ င်လိုက်သည်။

သူ့အတွက် ဒုတိယစည်းကို ထပ်မံတွေ့လိုက်ရပြန်သည်။

❀❀❀



www.burmeseclassic.com

www.burmeseclassic.com



မနှစ်မြို့သောအကြည့်ဖြင့် သိင်္ဂါရက သူ့ကို လှမ်းကြည့်လိုက်သည်။

"လာ...လာ...မောင်နေဝန်းသစ် မဟုတ်လား"

ဆရာက ဖော်ရွေစွာ လှမ်းခေါ်လိုက်သော်လည်း စားပွဲဝိုင်းအနားတွင် ထိုင်စရာခုံအပိုမရှိ။

ကြောင်တက်တက် သူ ရပ်နေမိစဉ်...

"ဟောကောင်...ခုံသွားယူလေ...မင်းကို ငါက ခုံသွားယူပေးရဦးမှာလား"

သိင်္ဂါရက ခပ်ငေါက်ငေါက် လှမ်းအော်လိုက်တော့မှ ခုံယူဖို့ သူ သတိရသွားသည်။



"ဆရာ...ခဏနော်"

အခြားတစ်နေရာတွင် တွေ့သော ခုံကို ဆွဲယူလာပြီး အိင်္ဂါရအနားတွင် ချထားလိုက်စဉ် သိင်္ဂါရက သူနဲ့ ဆန့်ကျင်ဘက်နေရာသို့ ကြည့်မသာ ရွှေ့ပေးလေသည်။

ပြီးတော့...သူ့ကို ခပ်စောင်းစောင်းကြည့်ပြီး...

"နောက်နေ့...မင်း ဒီလာရင် ရေမိုးချိုးပြီး သပ်သပ်ရပ်ရပ်လုပ်ပြီမှလာ...စိတ်ညစ်စရာပဲ...ဖေဖေကလည်း ဘာတွေလုပ်နေလဲ သိဘူး"

ရှင်ထဲအောင့်ခနဲ နာကျင်ရှက်ရွံ့သွားသော်လည်း သူ ကြိတ်မှိတ်ခံနေလိုက်သည်။

အခွင့်ရှိရင်တော့ မာကျောကျော သိင်္ဂါရမျက်နှာကို လက်သီးတစ်လုံး ကျွေးလိုက်ချင်သေးသည်။

"ကဲ...ကဲ...စာအုပ်တွေထုတ်တော့...နေဝန်းသစ်က အခုနောက်နေတဲ့နေရာကပဲ လိုက်နော်...နောက် တဖြည်းဖြည်း ဆရာပြန်ရှင်းပြမယ်"



www.burmeseclassic.com

www.burmeseclassic.com



ဆရာက သင်ခန်းစာများကို စေတနာနှင့် ရှင်းပြပေးရန် ပြေ... သော်လည်း...

"ရတယ် ဆရာ...သူ့ကို ပြန်ရှင်းပြနေရင် ကျွန်တော် စာ... နောက်ကျကုန်လိမ့်မယ်...သူ့ဘာသာသူ လိုက်နိုင်အောင်ကြိုးစား... ပစေ...သူ့ကို သနားလို့ ဒီလောက်လိုက်လျောပေးတာတောင် လွ... လုပြီ"

သနားလို့တဲ့...

ကြင်နာမှုမပါတဲ့ သနားမှုက ရက်စက်မှုထက် ပိုပြီး ကြေက... စရာကောင်းတယ်ဆိုတာ သိင်္ဂါရ မသိပေမယ့် သူ သိနေသည်။

အခု ခေါင်းငုံ့နေခြင်းသည် နောင် ခေါင်းမော့ရန် အားယူ... နေခြင်းဖြစ်ကြောင်း...တစ်နေ့တော့ သူတို့ သိလာပေလိမ့်မည်။

❀❀❀





ဘာအလုပ်မှ မလုပ်ဘဲနှင့် စာကျက်နေရခြင်းလောက် ပျင်း... ...ရာကောင်းတာမရှိဟု သူ သိလာသည်။

တစ်နေ့တစ်နေ့ ကျောင်းသွား၊ ကျောင်းပြန်၊ ကျူရှင်တက်၊ ...ကြည့်...ဒီလည်ပတ်မှုများထဲတွင် ဘာတာဝန်မှ မရှိဘဲနှင့် နေရ... ...ကို လိပ်ပြာမလုံလှ။ အထူးအခွင့်အရေးပေးခြင်းအတွက် ကျေးဇူး... ...င်စရာကောင်းသော်လည်း သူ မလိုက်နာနိုင်ဖြစ်နေသည်။

ဦးလေးမြိုင်၏အလုပ်များကို ကူလုပ်ပေးသော်လည်း...

"သွား...သွား...စာကျက်ချည်...ဒီအလုပ်တွေ ဦးလေး ...ပ်နိုင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ဦးလေးမြိုင်က အတင်းဆောင်းထုတ်တတ်သလိုပင်။

ကားရေဆေးပေးရန် ကားဒရိုင်ဘာဆီမှာ အလုပ်တောင်း

စဉ်…

"အမယ်လေး…မလုပ်ပါနဲ့ နေဝန်းသစ်ရယ်…ဆရာ

သေသေချာချာ မှာထားတယ်…မင်းကို အလုပ်မခိုင်းရဘူးတဲ့"

ဦးလေးကြီးရဲ့ တစ်ချက်လွှတ်မှာကြားထားမှုကို အလုပ်သမား

အားလုံးက လိုက်နာ၍ သူ့ကို ဘာမှမခိုင်းရဲ။

သို့သော် ခြွင်းချက်အနေနှင့် အန်တီနှင်း၏ အလုပ်ကိုတော့

သူ လုပ်ပေးရလေသည်။ ဒါပေမဲ့ ဒါတွေကို ဦးလေးကြီး မသိ

အောင် အန်တီနှင်း ခိုင်းခြင်းဖြစ်ကြောင်း သူ သိနေသည်။

ပန်းအိုးများကို ရွှေ့ခိုင်းခြင်း၊ ခြံထဲရှိ ကွန်ကရစ်လမ်းတွင်

အနည်းငယ်သာရှိနေတတ်သော ရေညှိများကို ခြစ်ပေးရခြင်း၊ နောက်ဆုံး

ဘာအလုပ်မှ လုပ်စရာမရှိရင်တောင် နောက်ဖေးခန်းတွင် ပန်းကန်

ဆေးခိုင်းတတ်လေသည်။

ကျူရှင်ချိန်မရောက်မီ နောက်ဖေးခန်း၌ ပန်းကန်ဆေးနေ

စဉ်…အန်တီနှင်း ရောက်လာပြီး…





"ကောင်လေးက ဒီလောက်မဟုတ်ပါဘူး…မောင်က

အရေးပေးလွန်းနေတာ"

အိမ်အကူ ဒေါ်တွေးကို လှမ်းပြောနေခြင်းဖြစ်သော်လည်း

သူ့အကြောင်း ပြောနေမှန်းတော့ သူသိနေသည်။

"ကြည့်လေ…သားနဲ့ အခွင့်အရေးတူ…သူ့ကို ဘယ်ပေး

လို့ဖြစ်ပါ့မလဲ…ရောင့်တက်သွားမှာပေါ့…ဒါနဲ့ နှင်းက လူကြမ်း

အလုပ်နေရတယ်"

ဆေးပြီးသားပန်းကန်ကိုပင် ရေဖြင့် အထပ်ထပ်အခါခါ ဆေး

ခိုင်းသည်။

"သားကလည်း…သူ့အဖေကို မကျေနပ်လို့ စကားတောင်

ကောင်းကောင်းမပြောဘူး၊ အင်းလေ…တစ်ဦးတည်းသော သားလေး

ကို မောင်က အိမ်ဖော်နဲ့ တန်းတူအခွင့်အရေးပေးတော့ ဘယ်ကျေနပ်

မလဲ"

အိမ်ဖော်တဲ့…။

ကြောထဲစိမ့်သွားသလို ရင်ထဲစူးအောင့်နာကျင်သွားသော

စကားမှတ်ချက်တစ်ခုကို ကြားလိုက်ရသောကြောင့်ပင်။

www.burmeseclassic.com

www.burmeseclassic.com



ဆပ်ပြာကြောင့်လား…လေပူလာသောကြောင့်လားမသိ။ သူ့
လက်တွေ ပူနွေးစပ်ဖျင်းဖျင်း ဖြစ်လာသည်။

ရပ်နေသော ခြေထောက်များက သံမှိုနဲ့ ရိုက်ထားသလို ရှ
ရွံ့ဗွာ ခိုင်မြဲတုံ့ဆိုင်းလျက်…

မင်းက မိဘမဲ့ တစ်ကောင်ကြွက်ပဲကွ…ဘာတွေများ ဂု
တင်အမည်ပေးရဦးမှာလဲ…

ဝမ်းနည်းသလိုလို ခံစားချက်ကို ရွံ့မုန်းစွာဖြင့် အံကြိတ်ထာ
လိုက်မိသည်။

"မနှင်းတောင် ဒီတစ်ခါပြောလို့မရဘူးဆိုတော့ ဆရာ သူ့
အပေါ် တော်တော်သံယောဇဉ်ကြီးတာပဲ"

"မသိပါဘူး…မောင်က တစ်ခါတလေ အဲဒီလိုပဲ…ခေါင်း
မာတယ်…ကြည့်နေ…သူ့ကို ကန်သွားတော့မှ သူသိမယ်"

သူ အမြန်ထွက်ပြေးချင်လှပြီ။

"ကောင်လေးတောင် လူပျိုပေါက်ဖြစ်နေပြီနော်…သိ
သက် ပိုထွားတယ်…အစားလည်း သိပ်စားနိုင်တယ်လို့ပြောတယ်"





ဒေါ်ထွေးကပါ အလိုက်သင့်လေး ပြန်ပြောနေတာကို ကြား
သည်။

"သမီး မမွေးထားလို့…မောင်လုပ်ပုံနဲ့ သမီးသာမွေးထား
ပါသွားဦးမယ်"

အလှအပကို ခံစားနားလည်တတ်နေပြီဖြစ်သော်လည်း ကျေး
နုးရလောက်အောင် မိုက်မဲသူမဟုတ်တာကို သူတို့အား သိစေ
သည်။

"ဟဲ့…နေဝန်းသစ်…ပန်းကန်တစ်ပုံဆေးနေတာ ကြာလှ
ခုထိ မပြီးသေးဘူးလား…အဲဒါသာကြည့်တော့ ဒေါ်ထွေးရေ…



www.burmeseclassic.com

www.burmeseclassic.com



သူကလည်းအပါး…အလုပ်တစ်ခုခိုင်းလိုက်ရင် အချိန်ဆွဲပြီး လုပ်
တော့တာပဲ…သွား သွား…သွားတော့…တော်ကြာ မောင်ရော
လာတော့မှာ…ကျူရှင်တက်ဖို့ သွားပြင်ချည်”

သခင်အလိုကျ ခေါင်းညိတ်ရခြင်းမျိုးတွင် ကျေနပ်လို
သော ခေါင်းညိတ်ခြင်းတစ်ခုတည်းသာ ရှိနေရင် လူ့လောက
ကျေးစွတ်ခြင်း ဆိုတဲ့ ကိစ္စတွေ ဘယ်ပေါ်ပေါက်တော့မှာလဲ။

❀ ❀ ❀





မထင်မှတ်တဲ့ သူတို့ စာသင်နေရာ စာကြည့်ခန်းထဲသို့ ဦးလေး
ကြီး ဝင်လာသည်။

ဆရာပေးသော ပုစ္ဆာများကို ငုံ့တွက်နေရာမှ ဝင်လာသော
ဦးလေးကြီးကို မော့ကြည့်လိုက်မိသည်။

“လုပ်…လုပ်…စာဆက်လုပ်နေကြ”

ဦးလေးကြီးက သူတို့နှစ်ယောက်လုံး၏ စာအုပ်များကို သူတို့
နောက်ကျောဘက်မှ ကျော်ကြည့်ရင်း အကဲခတ်နေသည်။

“ဆရာ…ဘယ်လိုလဲ…ကလေးတွေ စာလိုက်နိုင်ရဲ့လား”

သူတို့ဆရာက အမြဲတမ်း သူတို့ရဲ့ ကြိုးစားမှုကို ကျေနပ်
အားရနေသူပီပီ…



www.burmeseclassic.com

www.burmeseclassic.com



"လိုက်နိုင်တဲ့အဆင့် ဘယ်ကပါမလဲ…တော်တဲ့အဆင့်တောင်ရှိတယ်"

ဦးလေးကြီးက အားရစွာ ရယ်နေသည်။

ပြီးမှ…

"သိင်္ဂါရနဲ့ နေဝန်းသစ် ဘယ်သူပိုတော်လဲဆရာ"

သိင်္ဂါရနဲ့ သူ…တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်မိလိုက်စဉ်…သိင်္ဂါရက မဲ့ပြုံးဖြင့် လှောင်ကြည့်ကြည့်နေသည်။

သူကလည်း ထီမထင်စွာပြန်ကြည့်နေလိုက်သည်။

"နှစ်ယောက်စလုံး အတူတူလောက်ပါပဲ"

ဆရာက အလိုက်သင့် ဖြေပေးလိုက်သော်လည်း…

"မဟုတ်ဘူး ဆရာ…ကျွန်တော်က ပိုတော်တဲ့သူကို သိချင်တာ"

ဒီမေးခွန်းကို သူတို့နှစ်ယောက်လုံးရဲ့ရှေ့မှာ မမေးသင့်ဟု သူ ထင်သည်။

ကာယကံရှင်မပြောနှင့်။ ဖြေရမည့်ဆရာပင် တွန့်ဆုတ်ဆုတ်နှင့်။ သို့သော် ဆရာက မျှတစွာပင် ချင့်ချိန်စဉ်းစားလိုက်ပုံရသည်။





"သိင်္ဂါရက သေချာတယ်…ဒါပေမဲ့ နှေးတယ်…နေဝန်းသစ်က မြန်တယ်…အမှားအယွင်းပါတယ်"

"အော်…အင်း…အင်း"

ဘာမှတ်ချက်မှ မပေးတော့ဘဲ ဆရာပြောတာကို နားဆောင်ပြီး ပြန်ထွက်သွားလေသည်။

ဆရာ ပြောတာမှန်နေသဖြင့် သူတို့နှစ်ယောက်စလုံး စာဒကတတ်ကြတော့။

ဒီအားနည်းချက်ကိုစွကို ဒီနေရာတွင်သာ ပြီးသွားခဲ့ပြီဟု ထင်ခဲ့သော်လည်း….

❀❀❀



www.burmeseclassic.com

www.burmeseclassic.com



"နှစ်ယောက်စလုံး ပြီးရင် ဘယ်မှထွက်မသွားနဲ့ဦးတဲ့… ဆရာ စကားပြောစရာရှိလို့တဲ့"

ကျုရှင်ဆရာ ပြန်သွားသည်နှင့် သူလည်း ပြန်ရန်ပြင်နေစဉ်… ဒေါ်ထွေး လာပြောသဖြင့် မပြန်ဖြစ်တော့ဘဲ နေရာတွင် ပြန်ထိုင်… လိုက်မိသည်။

သိင်္ဂါရက ဆရာ့အတွက် ထားပေးသော ရေသန့်ဘူးထဲ… ရေကို မော့သောက်နေသည်။ ဒီအိမ်ကြီးပေါ်က ဘာပစ္စည်းကိုမှ … ခွင့်မရှိသော သူ့အတွက်တော့ ရေဆာခြင်းကို တံတွေးမျိုချခြင်း… သာ ဖြေသိမ့်လျက်…





သိပ်မကြာခင်ပင်…ဦးလေးကြီးက အခန်းထဲ ဝင်လာသည်။ …းထွားကျိုင်းသော ဦးလေးကြီးလို အဆစ်အပေါက်မျိုး သိင်္ဂါရ …ဘာဖြစ်လို့ မရှိတာပါလိမ့်လို့…ကြံကြံဖန်ဖန် တွေးနေမိသေး …။

"ဖေဖေ…သားရောနေရမှာလား"

သိင်္ဂါရ နေရာမှထပြီး ပြောလိုက်စဉ်…

"နေရမှာပေါ့ သားရဲ့…ဖေဖေက နှစ်ယောက်လုံးကို ပြော…နေတာ"

ဦးလေးကြီးက သိင်္ဂါရပခုံးကို ဖိချပေးရင်း ထိုင်ခိုင်းလိုက်… …ကို တွေ့ရသည်။

"သား…သိင်္ဂါရ…မင်းရဲ့ အားနည်းချက်က ဘယ်ကိစ္စ… …ဦးရိုမ်စိတ်များနေတတ်တာပဲ…ဒါကြောင့် သေချာအောင်လုပ် …ထောင်စေ့အောင်လုပ်တယ်…ဒီတော့ မလိုအပ်ဘဲ နှောင့် …ရော…မြန်လည်းမြန် သေချာလည်း သေချာအောင်… သား …သား ခုကတည်းက အလေ့အကျင့်လုပ်ပါ…ဖေဖေ လိုချင်တာ



www.burmeseclassic.com

www.burmeseclassic.com



မြန်ရမယ်၊ မှန်ရမယ်၊ တိကျရမယ်…ဒါပဲ…ပြီးတော့ နေဝန်းသ
ထက် သာရမယ်''

နောက်ဆုံးစကားစုက အေးစက်မာကျောလွန်းနေသည်။

တစ်ခါတလေ ဦးလေးကြီးကို နားမလည်နိုင်သည့်အချ
များထဲတွင် ဒီတစ်ချက်လည်း အပါအဝင်ပင်။

နူးညံ့မှုကို ရှာတွေ့တော့မယောင်နှင့် မာကျောခက်ထန်မှု
တွေ့ရတတ်ခြင်းမျိုးပင်။

သိင်္ဂါရနဲ့ သူ့ကို ပြိုင်ခိုင်းခြင်းသည် ရန်တိုက်ပေးခြင်း
သာဖြစ်သည်ဟု…သူ ထင်သည်။

သိင်္ဂါရ…မတုန်မလှုပ် ကြည့်နေနိုင်သော်လည်း သူက
နာစွာဖြင့်သာ…

''ပြီးတော့…နေဝန်းသစ်''

သူ့ဘက်သို့ စကားလမ်းကြောင်းလှည့်ရန် ဦးတည်လိုက်ခြ
ဖြစ်၍ သူ့ပခုံးက အလိုလိုမတ်သွားသည်။

''မင်းက မြန်မယ်…ဒါပေမဲ့ အမှားပါတယ်တဲ့…ဒါလည်း
မကောင်းဘူးကွ…မင်းက ဖြစ်ချင်ပြီးချင်တဲ့ဆန္ဒကချည်း ဦးဆော





တော့ သေချာမှုဘက်မှာ အားနည်းသွားတာ…ဒီတော့ မင်းရဲ့
လျော့မှုကို ပြင်ပါ၊ မြန်လည်းမြန်၊ မှန်လည်းမှန်အောင် အားထုတ်
…ပြီးတော့ ငါ့သားကို ပြိုင်ပါ…ငါ့သားရဲ့ ပြိုင်ဘက်အဖြစ် မင်း
ကြိုးစားနေမှုကိုဖြစ်မယ်''

ငါ့သားရဲ့ပြိုင်ဘက်တဲ့…သူက အဖြည့်ခံဖြစ်မသွားဘူးလား၊
သူ့ရဲ့ ပြိုင်ဘက်ကသာ သိင်္ဂါရ ဖြစ်စေရမယ်။ သူ့စိတ်ထဲက တိတ်
တိတ်လေး ကြိမ်းဝါးလိုက်မိသည်။

''နေဝန်းသစ်…မင်းကို အခုပေးထားတဲ့အခွင့်အရေးအားလုံး
အလကားပေးထားတာမဟုတ်ဘူး…တစ်ချိန်မှာ ထိုက်တန်တဲ့
ဆပ်မှုတော့ရှိမှာပဲ…ဒါကြောင့် တစ်ချိန်ပေးဆပ်နိုင်အောင် မင်း
ကောင်းဆုံးကြိုးစားနေရမယ်''

ဦးလေးကြီး မတိုက်တွန်းရင်တောင် သူ့ရဲ့ ဘဝပေးအခြေ
နေအရ ကြိုးစားရမည်ပင်။ အင်းလေ…ဖိအားတစ်ခုတိုးလာတော့
ည်း ကြိုးစားရတာ ပိုအဓိပ္ပာယ်ရှိလာတာပေါ့။

''ဟုတ်ကဲ့''



www.burmeseclassic.com

www.burmeseclassic.com



သူ ဖြေလိုက်စဉ်...ဦးလေးကြီးက ကျေနပ်စွာ ခေါင်းညိ
နေသည်။

"မင်းအမေဟာ ဘယ်တုန်းကမှ ပျော်ရွှင်အရှုံးပေးခဲ့တဲ့
မဟုတ်ဘူး၊ ဒီတော့ မင်းလည်း ဘယ်တော့မှ မပျော့ညံ့နဲ့"

ပြောချင်တာပြောပြီး ထွက်သွားစဉ်...သိင်္ဂါရက ဦးလေး
နောက်မှ လိုက်ထွက်သွားသည်။

မေမေ...မပျော့ညံ့ခဲ့ဘူး...ဟူသော စကားကြောင့် သူ မှ
နေဆဲ မေမေရဲ့ အရိပ်များကို ပြန်ဖမ်းနေလိုက်သည်။

သူမှတ်မိသလောက်ဆိုရင်တော့ သူ ရှင်ပြုစဉ်က မေ
ငိုခဲ့သည်ကို တစ်ကြိမ်သာတွေ့ဖူးခဲ့ခြင်းပင်။

သက်ပြင်းခဏခဏချတတ်သော မေမေသည် အငိုအ
နည်းသော မိန်းမတစ်ယောက်ဖြစ်ခဲ့တာကိုတော့ သူ...မှတ်မိနေသ

သူကိုယ်တိုင်ကရော...

သူ့ဘဝတွင် ငိုခြင်းရယ်ခြင်းကင်းခဲ့သည်မှာ ကြာလှပြီ
သည်။ မာကျောကြမ်းတမ်းလှသော သူ့နှလုံးသားကိုတော့ ပြန်
ချင်သည်။





ဖိအားများလွန်းရင် ဘယ်အရာမဆို မာကျောသွားတတ်ကြ
ပြီး တစ်ချိန်မှာ ပေါက်ကွဲတတ်တယ်ဆိုတာ ဟုတ်သလားလို့လေ။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com



ပျော်စရာကိစ္စဖြစ်ရက်နှင့် မပျော်နိုင်ဖြစ်နေသည့် လူနှစ်ယောက်ကို ပြပါဆိုလျှင်…သူနဲ့ သိင်္ဂါရကို ပြရမည်ဖြစ်သည်။

ဆယ်တန်းစာမေးပွဲကို ဘာသာစုံဂုဏ်ထူးနှင့် နှစ်ယောက်လုံး အောင်မြင်ခဲ့သော ဘဝကြောင်းရင်းသည် သူတို့ မပျော်နိုင်သော အကြောင်းရင်းပင်ဖြစ်လေသည်။

သိင်္ဂါရက သူနဲ့ တန်းတူဖြစ်နေခြင်းကြောင့် မပျော်နိုင်ခြင်းဖြစ်နေရသလို (သူ ခန့်မှန်းမိခြင်းဖြစ်သည်) သူကတော့…အပျော်ကို ရဲရဲဝံ့ဝံ့ ထုတ်မပြနိုင်သောအခြေအနေဖြစ်၍ မပျော်မိခြင်းပင်။





မနက်အစောကြီးကတည်းက သိခဲ့ရသော သတင်းဖြစ်သော်ငြားလည်း ဦးလေးကြီး သူ့ကို ခေါ်သောအချိန်သည် မနက် ဆယ်နာရီ ကျော်နေပြီဖြစ်သည်။

ဧည့်ခန်းထဲ၌ထိုင်နေသော လူသုံးယောက်ရှေ့ (ဦးလေးကြီး၊ ဒေါ်တီနှင်း၊ သိင်္ဂါရ)တွင် သူရပ်နေစဉ်…

"ထိုင်ပါ… နေဝန်းသစ်"

ဦးလေးကြီးက သူနဲ့အနီးစပ်ဆုံး ခုံတစ်ခုံကိုညွှန်ပြရင်း ထိုင်ခိုင်းလိုက်ခြင်းဖြစ်ရာ… သူ့ဘဝတစ်လျှောက်လုံး တစ်ခါမှထိုင်ခွင့်မရခဲ့ဖူးသော ခုံပေါ်သို့ထိုင်ချလိုက်သည်။

သူဆယ်တန်းအောင်မြင်ခြင်းရဲ့ရလဒ်သည် သူတို့နဲ့တန်းတူ ထိုင်ခွင့်ရခြင်း ဖြစ်လေမလားဟု… တွေးမိလိုက်သေးသည်။

ဦးလေးကြီးက သူ့ကိုစူးစိုက်စွာကြည့်နေသော်လည်း အန်တီနှင့်သိင်္ဂါရကမူ…စိတ်မဝင်စားစွာဖြင့်

ဦးလေးကြီး ထိုင်ခိုင်း၍ ထိုင်နေရသည့်ပုံစံမျိုးပင်–

"မင်းရော…သိင်္ဂါရပါ ဆေးကျောင်းတက်ရမယ်"

ဦးလေးကြီးက ကြိုတင်စဉ်းစားထားသည်နှင့်တူသော ဆုံး



www.burmeseclassic.com

www.burmeseclassic.com



ဖြတ်ချက်မျိုးဖြင့် ပြောချလိုက်စဉ်…သူ့အပါအဝင်အားလုံး အံ့ဩသွားသည်။

သို့သော် သူ့အံ့ဩမှုက အသံမထွက်။

အန်တီနှင်းက

"ဟာ…မောင်ကလည်းအစိုးပါယ်မရှိ၊ ဆေးကျောင်းစရိတ်ဘယ်လောက်ကြီးလည်းသိသားနဲ့…နှင်းသဘောမတူနိုင်ဘူး"

သိင်္ဂါရကမူ…

"ဖေဖေ ဘာရည်ရွယ်ချက်နဲ့ လုပ်နေသလဲဆိုတာ သားမသိပေမယ့်၊ သားနဲ့တန်းတူ ဒီကောင့်ကို အရေးပေးနေတာတော့ သားမကျေနပ်ဘူး ဖေဖေ…သူ့ကိုဆေးကျောင်းပေးတက်မယ်ဆိုရင်…သားမတက်နိုင်ဘူး ဖေဖေ"

အပြင်းထန်ဆုံး ကန့်ကွက်မှုများကို နားကျင်ဝမ်းနည်းစွာကြားနေရသည့်မို့…သူ့နှုတ်ဆိတ်နေ၍မရတော့…သူ့နေရာသူ့ဘာသာသူသတ်မှတ်နေရာယူလိုက်ချင်သည်။

"ကျွန်တော်လည်းမတက်နိုင်ပါဘူး…ဦးလေးကြီး"





သူ့အဖြေကြောင့်…ဦးလေးကြီးရဲ့မျက်မှောင်နှစ်ခု တွန့်ချိုးသွားသည်။

"ပြောစမ်းပါဦး…မင်းရဲ့မသေမချာ အစီအစဉ်ကို…"

သေချာမှုတိုင်းသည် မသေချာမှုကစရသည်ပင်

"ကျွန်တော်အလုပ်လုပ်မယ်…"

သူ့စကားအဆုံး ဦးလေးကြီးရဲ့မျက်နှာက…ပြုံးယောင်သမ်းသွားသည်။ ကလေးတစ်ယောက်ကကုမ္ပဏီထောင်မည် ဟုပြောလိုက်သလို…လှောင်ပြုံးပြုံးခြင်းမျိုးပင်

"မင်းလို ဆယ်တန်းအောင်ကာစကောင်ကို ဘယ်သူကအလုပ်ပေးမှာတဲ့လဲ…အလုပ်ကြမ်းမျိုးဆိုရင်တော့တစ်မျိုးပေါ့"

ဦးလေးကြီးကစိတ်ပျက်စွာခေါင်းခါနေသော်လည်း အန်တီနှင်းနှင့်သိင်္ဂါရကမူ သူ့အဖြေကိုထောက်ခံကျေနပ်သည့်ပုံနှင့်

သူ…နောက်ဆုတ်၍မဖြစ်နိုင်သည်မို့

"ကျွန်တော်…နေးတာကိုမကြိုက်ဘူး…ဆရာဝန်တစ်ယောက်ဖြစ်ဖို့ ပေးရမယ့်အချိန်တွေကို ကျွန်တော်စိတ်မရှည်ဘူး…ပြီးတော့ ကျွန်တော်ရည်မှန်းထားတဲ့ဘဝကလည်း ဆရာဝန်တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ပေါတ်ဘူး…အောင်မြင်တဲ့လုပ်ငန်းရှင်တစ်ယောက်ဖြစ်ချင်တာ…ကျွန်တော် အဓိပ္ပာယ်သင်ဘွဲ့ယူမယ်၊ အလုပ်လုပ်မယ်…ဒါ…ကျွန်တော့်ရည်မှန်းချက်ပဲ"

သူ့ရဲ့အကြောင်းပြချက်ကို…ရဲဝံ့သော စစ်သူကြီးတစ်ယောက်၏ စစ်ချီနည်းရှင်းပြပုံမျိုးဖြင့် ပြောလိုက်ခြင်းပင်ဖြစ်သည်။

ဆုံးဖြတ်ရခက်နေသော ဦးလေးကြီးဆီက အဖြေကို…သူစိတ်စောစွာမျှော်လင့်လျက်

ဦးလေးကြီးက…ခပ်ငေးငေးတွေးတွေးပုံစံနှင့် အတန်ကြာငြိမ်သက်နေသည်

ပြီးမှ

"အင်းလေ…ဝါသနာမပါတဲ့အလုပ်က အောင်မြင်မှာမဟုတ်ဘူး…ဒီတော့ မင်းဆန္ဒအတိုင်းလုပ်ပါ"

သူဝမ်းသာစွာဖြင့်

"ကျေးဇူးတင်ပါတယ်…ဦးလေးကြီး…"

"အေး…ရတယ်…မင်းအလုပ်လုပ်မယ်ဆိုတော့ ငါ့ကုမ္ပဏီမှာဘဲလုပ်ပါ…ဒါပေမဲ့ ဆယ်တန်းအောင်ရုံဘဲရှိတဲ့ မင်းအတွက်တော့





ဒရိုင်ဘာအလုပ်ဘဲရှိတယ်…ဒီတော့ မင်းကားမောင်းသင်ရမယ်…"

သူ ခေါင်းခပ်သွက်သွက်ညိတ်ပြလိုက်မိသည်။

"ကဲ…သားကရော…"

သိင်္ဂါရဘက် လှည့်မေးလိုက်စဉ်

"သားကဆေးကျောင်းဘဲတက်မှာပေါ့ ဖေဖေရ"

သိင်္ဂါရကခပ်ကြွားကြွားလေးပြောလိုက်ခြင်း ဖြစ်သော်လည်း သူ့အားမကျ၊ သူ့အတွက်ရထားသောနေရာလေးအတွက်သာ ကျေနပ်ပီတိဖြစ်နေသည်။

"ဘယ်လိုလဲ… ဖေဖေ… ဒရိုင်ဘာလုပ်မယ့်ကောင်နဲ့ ဆရာဝန်လုပ်မဲ့သူကို မပြိုင်နိုင်းတော့ဘူးလား"

သိင်္ဂါရစကားက ဦးလေးကြီးကို လှောင်ရာကျနေသဖြင့် ဦးလေးကြီးစိတ်ဆိုးသွားလေမလားဟု စိုးရွံ့စိတ်ဖြင့် ကြည့်လိုက်စဉ်…

"မင်းတို့ပြိုင်ပွဲက မပြီးသေးပါဘူး…တစ်ယောက်ယောက်ကမရှုံးသေးသရွေ့၊ ဒါမှမဟုတ် တစ်ယောက်ယောက်က အရှုံးမပေးသရွေ့ပေါ့"

သူ့ရဲ့ ငုံ့လျှိုးနေသောမာနက အရှုံးကိုလည်းရင်ဆိုင်နိုင်မည်



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်၊ အရှုံးပေးမိုင်းမည့်လည်းမဟုတ်တာ သေချာနေသည်။

"ဘယ်လိုလဲ···နေဝန်းသစ်···မင်းသဘောကရော"

ဦးလေးကြီးက တစ်စုံတစ်ရာသော ယုံကြည်ချက်တစ်ခုကို ဆွဲကိုင်၍မေးလိုက်သည့်နှယ်··

"ကျွန်တော်···အရှုံးမပေးပါဘူး ဦးလေးကြီး"

သူတို့ပုံစံက ရောမခေတ်က သုံ့ပန်းများကို ကွင်းလယ်လွှတ်ပြီး သတ်နေကြသည်ကို ကျေနပ်အားရစွာ ကြည့်နေကြသည့်နှယ်···

ထိုအချိန်က ခံစားခဲ့ရသော သိမ်ငယ်မှုများသည် သူ့ကိုပျင်းရိလေးတွဲခြင်းမှ ကင်းဝေးအောင် တိုက်တွန်းနိုင်ခဲ့သော လက်နက်များပင်ဖြစ်လေသည်။

❀ ❀ ❀





## အခန်း (၂)



www.burmeseclassic.com

www.burmeseclassic.com









ကားမောင်းကျွမ်းကျင်သော ဒရိုင်ဘာတစ်ယောက်၏ အမြင့်ဆုံးရလာဒ်သည် ကားကိုခေါက်ရေများစွာမောင်းပေးရခြင်းပင်ဖြစ်ကြောင်း၊ သူသိလာချိန်တွင် သူသည် ကုမ္ပဏီဒရိုင်ဘာဟူသော ရာထူးအပြင်၊ အိမ်ဒရိုင်ဘာအဖြစ်ပါ ပူးတွဲတာဝန်ယူထားရပြီးဖြစ်သည်။

သူနဲ့အတူတူ တစ်ရက်တည်း ကားမောင်းလိုင်စင်ရခဲ့သော အိဂ်ါရကမူ အန္တရာယ်များသည် ဟူသော အကြောင်းပြချက်ဖြင့် အားမောင်းခွင့်မရခဲ့။



www.burmeseclassic.com

www.burmeseclassic.com



"မတော်မဆလူတိုက်မိရင်…တိုက်ခံရတဲ့လူဘဲ မှားတယ်ထားဦး၊ ကားမောင်းတဲ့သူဘဲခံရတာ…ဒီတော့ ပိုက်ဆံကုန်ရင်ကုန်ပါစေ…သားကိုတော့ ကားမမောင်းခိုင်းဘူး…"

ဒီလိုနဲ့ အိမ်ဒရိုင်ဘာရာထူးကို အလိုလို သူရခဲ့ခြင်းဖြစ်သည်။

မနက်ပိုင်း သိင်္ဂါရကိုကျောင်းဝင်ပို့ပြီးမှ ကုမ္ပဏီသို့သွားရသလို၊ ညနေပိုင်းတွင်လည်း သိင်္ဂါရကိုဝင်ကြိုပေးခြင်း၊ သိင်္ဂါရကို ကျူရှင်ပို့ပေးခြင်း၊ ကျူရှင်မှ ကြိုပေးခြင်းတို့ဖြင့် သူ ကားပေါ်ကလုံးဝဆင်းနားရချိန်သည် ညရှစ်နာရီကျော်မှပင်ဖြစ်သည်။

တစ်နေ့တစ်နေ့ သိင်္ဂါရနဲ့လေးကြိမ်မျှ အတူသွားရသော်လည်း သူတို့နှစ်ယောက်၏ဆက်ဆံရေးသည် ထူးခြားစွာကောင်းမွန်ခဲ့ခြင်း မရှိပေ။

သိင်္ဂါရ၏မောက်မာမှု။

သူ့ရဲ့အညံ့မခံတတ်မှုတို့ကြောင့် သူတို့နှစ်ယောက်သည် အနီးဆုံးနှင့် အစိမ်းဆုံး အိမ်သားနှစ်ယောက် ဖြစ်ခဲ့လေသည်။

အဖြစ်အပျက်ကသိပ်မကြာသေး

ဒီတစ်ရက်နှစ်ရက်ကမှ…ဖြစ်ခဲ့ခြင်းဖြစ်သည်။





ညနေပိုင်း သိင်္ဂါရကို ကျူရှင်သွားပို့ပေးချိန်တွင် ဖြစ်ခဲ့ခြင်းဖြစ်သည်။

ပို့နေကျကျူရှင်အိမ်မဟုတ်ဘဲ၊ နောက်သူငယ်ချင်းတစ်ဦး၏အိမ်ကိုပို့ခိုင်းသဖြင့်…သိင်္ဂါရညွှန်းသည့်အတိုင်း သူမောင်းပို့ခဲ့သည်။

အိမ်ရှေ့ ဆင်ဝင်အရောက်တွင် သူမတွေ့ဘူးသေးသော သိင်္ဂါရ သူငယ်ချင်းများက…အုတ်ခုံလေးပေါ်တွင် ထိုင်လျက်..

သိင်္ဂါရ ကားပေါ်က ဆင်းလိုက်သည်နှင့်

"ဒီနေ့ ဆရာမလာဘူး…ခုနလေးတင်ဖုန်းဆက်တယ်…"

သိင်္ဂါရသူငယ်ချင်းဖြစ်ဟန်တူသော ခပ်သွက်သွက် ကောင်မလေးတစ်ယောက်က ပြောလိုက်သဖြင့် …

သိင်္ဂါရ ချက်ချင်းကားထဲသို့ လှည့်ကြည့်လိုက်ပြီး

"နေဝန်းသစ်…ငါ့ကိုစောင့်သွားဦး…ငါပြန်လိုက်မယ်"

ကားကိုစက်သပ်ပြီး…သိင်္ဂါရတို့စကားအပြတ်ကို စောင့်နေစဉ်-

"ဟဲ့…နင့်အစ်ကိုလား…"

စပ်စပ်စုစုမေးသံကို ကြားလိုက်ရပြီးနောက်



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ကလာ…နင်ကလည်း…ဒရိုင်ဘာကို… ငါ့အမျိုးလို့ ထင်ရသေးတယ်"

အပြောမှားသွားသောကောင်မလေးက ဟက်ဟက်ပက်ပက်ရယ်လိုက်ပြီး

"ဟဲ့…နင်နဲ့ရုပ်တူတာကိုး…ဒရိုင်ဘာသာဆိုတယ် သန့်သန့်ပြန့်ပြန့်ပါဘဲ…"

"သွားစမ်းပါ…တောသားဒရိုင်ဘာကို…သွားမလုပ်နဲ့…လူပါးဝလာလိမ့်မယ်"

ကြားနေရက်နဲ့ မကြားဟန်ဆောင်နေရခြင်းထက် သူ့နှုတ်များကို ဆို့ပိတ်ထားရခြင်းက ပိုပင်ပန်းလှသည်

ဒါမှမဟုတ် ခြေလှမ်းငါးလှမ်းစာမျှသာ ကွာဝေးသော သိင်္ဂါရ၏အင်္ကျီကော်လံကို ဆုပ်ကိုင်ပြီး ဆောင့်တွန်းပစ်လိုက်ချင်သည်။

ရှက်ရွံ့ပူနွေးလာမှုသည်…ယောကျာ်းကြီးတန်မဲ့ မျက်ဝန်းများပင်စိုစွတ်လုလု…

ဒါပေမဲ့…မာကြောကြမ်းတမ်းနေပြီဖြစ်သော သူ့နှလုံးသားက ခံနိုင်ရည်ရှိစွာဖြင့် ဝမ်းနည်းမှုအားလုံးကို ချေဖျက်စွန့်ပစ်ပေးလျက်…





ကျန်ရှိနေတာတွေကတော့ နာကျင်မှု၊ နာကြည်းမှုများပင်ဖြစ်သည်။

"သွားမယ်…"

ကားထဲသို့ သိင်္ဂါရဝင်လာပြီး ပြောလိုက်တော့မှ…သူ့ရဲ့စိတ်တွေကို…ကားစက်ထဲတွန်းပို့လိုက်ပြီး၊ ကားကို ဆောင့်ထွက်လာခဲ့လိုက်သည်။

ငိုက်ခနဲဖြစ်သွားသော သိင်္ဂါရ၏ ဟန်ချက်ပျက်မှုကို မျက်ဝန်းဆောင့်မှမြင်လိုက်ရပြီး…စက်ဆုပ်ရိပ်တွေရှိနေမယ့် သိင်္ဂါရမျက်ဝန်းများတိုတော့ သူမကြည့်မိတော့။

သိင်္ဂါရမျက်ဝန်းထဲမှာ စက်ဆုပ်ရိပ်တွေ ရှိနေနိုင်သလို၊ သူ့မျက်ဝန်းထဲမှာလည်း ရွံ့ရှာမုန်းတီးရိပ်တွေ ရှိနေနိုင်တယ်လေ…

❀❀❀



www.burmeseclassic.com

www.burmeseclassic.com



ဦးလေးကြီးဆီက နွေးထွေးမှုမဟုတ်ရင်တောင် အေးစက်စိမ်းကားမှုမျိုးကို မရခဲ့တာသေချာသည်။

သူ့ကိုမှမဟုတ်…သင်္ဂါရအပေါ်ကိုပင် သိပ်ပြီး ဟက်ဟက်ပက်ပက်…နွေးနွေးထွေးထွေး မရှိလှသဖြင့် ဦးလေးကြီး၏ သူ့အပေါ်ထားသော ဆက်ဆံမှုအပေါ်တွင်…သံသယမဖြစ်မိ။

သို့သော် အန်တီနှင်းနှင့် သင်္ဂါရဆီကတော့ သူ့အပေါ်တုန့်ပြန်တတ်သည်မှာ နိမ့်ချစော်ကားမှုမျိုးချည်း ဖြစ်နေတတ်သည်။

ကျေးဇူးရှိသည်ဆိုသော်လည်း၊ ထိုကျေးဇူးကို ကြည်ဖြူကျေနပ်စွာ ပေးဆပ်ခဲ့ခြင်းမျိုးမဟုတ်တာ သေချာနေသည်။

အမြဲတစေ သူ့ကိုသံသယနှင့် စောင့်ကြည့်နေတတ်ပြီး ထိုမှလောင်လှသော သံသယကိုပင် ပို၍ကြီးထွားအောင် မွေးမြူနေကြသူများဟု သူထင်သည်။





မိခင်မေတ္တာကို ငယ်စဉ်ကတည်းကဆုံးရှုံးခဲ့ရသလို ထိုမေတ္တာကို အစားထိုးဖို့ သူယုံကြည်စွာရှာဖွေခဲ့သော်လည်း အန်တီနှင်းထံတွင် မတွေ့ခဲ့၊ မရခဲ့ပေ။

ဒီတော့လေ…သူ့ဆီကရို့ကျိုးမှုကလွဲ၍ဘာမှမတုန့်ပြန်မိတော့…သို့သော်…အန်တီနှင်းရဲ့ နောက်ဆက်တွဲ အပြုအမူများကြောင့် သူ့ဆီက…ထပ်မံတုန့်ပြန်မှုကတော့ နာကြည်းမုန်းတီးမှု ဖြစ်နေသည်။

ထိုနေ့က မိုးတစိမ့်စိမ့်ရွာနေခဲ့ပြီး ကျောင်းပိတ်ရက် ရုံးပိတ်ရက်ဖြစ်၍…သူအားနေခဲ့သည်။

သို့သော်…သူ့အတွက် တစ်နေ့လုံးအားလပ်ရက်မျိုးသည် ရရှိစကောင်းသောအရာပမာ…ခိုင်းစေမှုတစ်ခုကို လက်ခံရသည်မို့…ဆန္ဒအတိုင်း အန်တီနှင်းကို အပြင်လိုက်ပို့ပေးခဲ့ရသည်။

"အိမ်မှာ…ဘယ်သူ့မှကားသုံးဖို့မရှိဘူး၊ အိမ်ပြန်မနေနဲ့တော့…ဆီကုန်တယ်၊ ကားထဲမှာဘဲ ထိုင်စောင့်နေတော့"

ခြံတစ်ခြံကို ပို့ပေးရခြင်းဖြစ်ပြီး…ဂိုထောင်မရှိ၊ ဆင်ဝင်မရှိသောခြံဖြစ်၍…မိုးရေထဲတွင်သာ ကားကိုရပ်ပြီးစောင့်ရမည်ပင်။

အိမ်ရှင်ဖြစ်သော အဒေါ်ကြီးတစ်ယောက်က အန်တီနှင်းကို ထီးလာမိုးပေးရင်း…ကားထဲကသူ့ကိုပါ တစ်ဆက်တည်းဖိတ်ခေါ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"နှင်းရေ…သူ့ကိုပါ ခေါ်လိုက်လေ…အိမ်ထဲမှာပဲစောင့်ခိုင်းလိုက်ပေါ့…အပြင်မှာ မိုးအေးကအေးနဲ့"

ဘာကိစ္စအတွက် ဘယ်လိုချိန်းထားကြသလဲဆိုတာ သူမသိစိတ်မဝင်စား၊ အိမ်ရှင်၏စာနာမှုကိုတော့ ကျေးဇူးတင်မိသည်။

ကျေးဇူးတင်စွာဖြင့် ပြုံးပြငြင်းဆန်ရန် သူ့နှုတ်ခမ်းများကိုအားယူနေဆဲ၌ပင်

"အို…ရှုပ်ရှုပ်ယှက်ယှက်…အေးကလည်း…လူတိုင်း အိမ်ထဲခေါ်သွင်းချင်တော့တာပဲ…ယုံရလားမသိ၊ မယုံရလားမသိ"

ခွေးချင်းကိုက်ရင်တောင်၊ ကိုယ့်ခွေးနိုင်မှ…ဟူသော အတ္တကြီးသည့် လူတွေအတွက် ထားခဲ့သော ဆိုရိုးစကားသည် အန်တီနှင်းအတွက်တော့ မှားနေပြီထင်

"ကိစ္စမရှိပါဘူး…ကျွန်တော်…ဒီမှာပဲစောင့်ပါ့မယ်"

သူ့အမေအရွယ်အခေါ်ကြီးကို…တုန့်ယဲင်စွာ… ပြောလိုက်ခြင်းသည်…တိုင်တည်အားထားရာများရောက်နေသလားမသိ။

ကားတံခါးကို ပတ်ပြီးထွက်သွားသော အန်တီနှင်းရဲ့ နောက်ကျောတွင် မျက်လုံးများသာပါမည်ဆိုလျှင်…စိုစွတ်နီကျင်နေသော သူ့မျက်ဝန်းများနဲ့…စေ့ပိတ်ထားသော နှုတ်ခမ်းများအောက်မှ…ဖြိ





ကြိတ်ထားသောအံသွားများကို…ထိုးထွင်းမြင်ရမည်မှာ သေချာနေသည်။

ကားမှန်ပေါ်သို့ တစ်စက်ပြီးတစ်စက်ပြီး တစ်စက်

ပြီးတော့ အစက်ပေါင်းများစွာ–

မှန်များကို မှုန်ဝါးဝေသီစေခဲ့သော မိုးရေစက်များကို…အဓိပ္ပါယ်မဲ့ ငေးမိရင်း…

အလုံပိတ်ထားသောကားထဲတွင် မွန်းကြပ်ဆို့နင့်နေသော လူတစ်ယောက်အဖြစ်…သူ့ကို…မိုးစက်များက အားပေးငိုကြွေးနေသည့်နှယ်…

ဆန္ဒများသာ အမှန်ဖြစ်ခွင့်ရှိလျှင်…

လောကကြီးထဲမှ လူနှစ်ယောက်ကို ပျောက်ကွယ်စေချင်ပြီး၊ လူတစ်ယောက်ကို ပြန်လည်ရှင်သန်စေခြင်းကို တောင်းတမိမည်ပင်။

အသက်ဆယ့်ကိုးနှစ်အရွယ် လူငယ်တစ်ယောက်တွင် လုံလောက်သောမာနနှင့် နာကြည်းမှုများကို…သဘာဝတရားက သူ့ကိုပေးအပ်ထားခဲ့သည်။

❀❀❀



www.burmeseclassic.com

www.burmeseclassic.com



သူကသခင်လိုသဘောမထားသောသူများက သူ့ကိုကျွန်အဖြစ်သဘောထားသည်ဆိုတော့...ကြားကလွဲမှားမှုသည် ပေါက်ကွဲမှုအဖြစ် သန္ဓေတည်လာခဲ့သည်။

"ဟိတ်ကောင်...ကားတံခါးဖွင့်ပေးဦးလေ... ဒရိုင်ဘာမို့လို့ဘဲ...သူဌေးဂိုက်ဖမ်းနေသေးတယ်"

ကျောင်းသွားချိန်အဖြစ် သိင်္ဂါရကိုစောင့်နေချိန်တွင် စာအုပ်တပွေ့တပိုက်နှင့်ထွက်လာသော သိင်္ဂါရက သူ့ကို ကားတံခါးဖွင့်ပေးရန် အမိန့်ပေးလာသည်။

ညင်သာစွာအကူအညီတောင်းခြင်းမျိုးဆိုလျှင် ကားတံခါးဖွင့်ပေးရသောအလုပ်သည် အပန်းကြီးအောက်ကျစရာ အလုပ်မဟုတ်ပေ။





သို့သော်...လေသံနှင့် အမူအရာက...ဖိနှိပ်လိုခြင်းများသာ ဖုံးလွှမ်းနေ၍...သူမကြားချင်ယောင်ဆောင်ပြီး ပေတိုင်နေလိုက်သည်။

"နေဝန်းသစ်...ငါလက်မအားဘူး၊ တံခါးဆင်းဖွင့်စမ်း"

ဒုတိယအကြိမ် အော်လိုက်စဉ်...သူ ကားထဲမှပင် သိင်္ဂါရကို လှည့်ကြည့်လိုက်ပြီး...

"လက်အားသွားအောင်...မင်းစာအုပ်တွေကို အရင် ကားထဲ ပစ်ထည့်လိုက်ပါလား...ပြီးမှဖွင့်ပေါ့"

မှန်ချထားသော ကားပြတင်းပေါက်မှတဆင့် စာအုပ်များကို ထည့်ပြီးဖွင့်ရင်ရကြောင်း သူလမ်းကြောင်းပြလိုက်စဉ်...

ဒေါသဖြင့် မျက်နှာနီတွက်လာသော သိင်္ဂါရသည် ကားတံခါးကို ခြေထောက်ဖြင့် ခပ်ပြင်းပြင်းကန်လိုက်ပြီး

"အံမာ...လူပါးဝလို့...ငါ့စာအုပ်တွေက ပစ်ထည့်ရမယ့်စာအုပ်မျိုးမဟုတ်ဘူးကွ၊ ငါ့စာအုပ်တစ်အုပ်က မင်းထက်တန်ဖိုးရှိတယ်...တန်ဖိုးမရှိတဲ့ကောင်ကများ"

သိင်္ဂါရစကားအဆုံး...ဘယ်လိုနည်းနဲ့ ကားအပြင်သူရောက်လာသည်မသိ။



www.burmeseclassic.com

www.burmeseclassic.com



သူ့ထက်လူကောင်သေးသော သိင်္ဂါရ၏အင်္ကျီကော်လံကို သန်မာသော သူ့လက်များဖြင့် ဆွဲမလျက်…

အံ့သြတုန်လှုပ်သွားသော သိင်္ဂါရ၏ မျက်လုံးများကို စေ့စေ့ကြည့်လိုက်ပြီး

"မင်းကို…ငါဘယ်နေရာမှာမှ မရှုံးသေးဘူး သိင်္ဂါရ…ငါ့ကိုတန်ဖိုးမရှိဘူးလို့မင်းပြောရင်…မင်းလည်းတန်ဖိုးမဲ့တဲ့ကောင် ဖြစ်သွားမှာပဲ…အေး…သည်းခံတယ်ဆိုတာ အတိုင်းအတာတစ်ခုအထိပဲရှိတယ်…"

ပြောချင်လွန်းသောစကားများကို ပြောချလိုက်ပြီး အင်္ကျီကော်လံကိုဖြည်ပေးလိုက်သည့်အထိ၊ သိင်္ဂါရက အံ့သြတုန်လှုပ်နေဆဲ…

ပြီးမှ သတိဝင်လာသည်ထင်

"မေမေရေ…မေမေ"

ယောက်ျားတန်မဲ့ အသံကျယ်ကြီးဖြင့် စစ်ကူလှမ်းခေါ်စဉ်…မတုန်မလှုပ်ထိမထင်စွာဖြင့် သူရပ်နေလိုက်သည်။

ခေါင်းရှုံ့နှင့်ပင်အားမရ၊ အိမ်ထဲသို့ပြန်ပြေးဝင်သွားပုံက အသက်နှစ်ဆယ်ပြည့်ခါနီး ဆေးကျောင်းသားတစ်ယောက်နှင့်မတူ၊ ငါးနှစ်အ





ရွယ်ကလေးတစ်ယောက်ရန်ဖြစ်လာ၍ ပြေးဖင်သွားပုံနှင့်ပင် တူနေသေးသည်။

ရပ်စောင့်နေစရာ မလိုတော့ပြီမို့…သူ့အိမ်လေးရှိရာသို့ ဖြည်းလေးစွာ လျှောက်သွားလိုက်သည်။

မကြာခင် မုန်တိုင်းထန်ဦးမည်မို့…ခဏတာလေး… သူ့ခေါင်းကိုရှင်းထားလိုက်ချင်သည်။

အပြောင်းအလဲတစ်ခုခုဖြစ်လာနိုင်သည်မို့ ထိုအပြောင်းအလဲအတွက် ရွေးချယ်ရန်အခွင့်အရေးကို…သူကိုယ်တိုင်ရွေးချယ်စဉ်းစားလိုက်သည်။

သိင်္ဂါရအင်္ကျီကိုဆုပ်ကိုင်ခဲ့သော သူ့လက်များကို ပြန်ဖြန့်ကြည့်သည်…အားရကျေနပ်စရာကောင်းသော ခံစားမှုတစ်ခုက စီးမျောပျံ့နှံ့သွားသည်။

သွေးချသည်…သူ့သွေးများကိုက…ခေါင်းငုံအေးစက်နေခြင်းကို လက်မခံတော့…ဆူပွက်တောက်လောင်နေသော ခံစားမှုများကိုသာ လိုလားတောင်းတနေသည်ထင်။

ဆယ့်ငါးနှစ်နီးပါးပျော်ဝင်ခဲ့သော အငုံ့စိတ်များ၏ ပထမဆုံးပေါက်ကွဲမှုသည် ကျေနပ်အားရလွန်းစွာ…



www.burmeseclassic.com

www.burmeseclassic.com



ထိုခံစားချက်ကို သူနှစ်သက်လွန်းနေသည့်အပြင် အရာရာအတွက် သတ္တိများဝင်လာသည့်နှယ်…

"ဟား…ဟား…ဟား…"

အားပါးတရရယ်နေမိစဉ်…အားလုံးကိုမြင်လိုက်ဟန် တူသောဦးလေးမြိုင်က သေမိန့်ချမှတ်ခံထားရသော လူတစ်ယောက်ကို မြင်နေရသည့်နှယ်…သနားစိတ်ပျက်စွာ။

❀ ❀ ❀





အရင်က…ဒီအခန်းထဲရောက်တိုင်း ခံစားရလေ့ရှိသော သိမ်ငယ်မှုများက…ထူးဆန်းစွာပျောက်ဆုံးနေပြီး…ထိုနေရာတွင်…အားတက်ရဲရင့်မှုများက အစားထိုးဝင်ရောက်နေသည်။

တိတ်ဆိတ်လွန်းသော ထိုသုံးယောက်(ဦးလေးကြီး၊ အန်တီနှင်း၊ သိင်္ဂါရ)တို့ကို…စေ့စေ့လိုက်ကြည့်နေသူက…သူကိုယ်တိုင်ဖြစ်နေသည်။

ဦးလေးကြီး၏ စိတ်ပျက်လက်ပျက်မျက်နှာ၊

အန်တီနှင်း၏ ဒေါသလွှမ်းသောမျက်နှာ၊

သိင်္ဂါရ၏ အခဲမကြေ၊ မာထန်နေသောမျက်နှာ၊



www.burmeseclassic.com

www.burmeseclassic.com



အားလုံးကိုတည်ငြိမ်အေးစက်နေသော မျက်နှာဖြင့်…သူတုန့်ပြန်လျက်

“မင်းတို့ ရန်ဖြစ်ကြတယ်ဆို”

ရန်ပွဲတစ်ပွဲဟုသတ်မှတ်ခဲ့လျှင် လက်ပါခဲ့သောသူ့ဘက်က အလွန်ဖြစ်နေပြီဖြစ်သည်။

“သား ရန်ဖြစ်တာမဟုတ်ဘူး ဖေဖေ…သူကတမင်ရန်စတာ”

သိင်္ဂါရက ဦးအောင်အရင်လုပြောလိုက်သည်ကို သူတစ်ချက်မျှသာဖွေကြည့်လိုက်ပြီး

“ငြိတယ်ဆိုတာ ချိတ်…ချိတ်ချင်းငြိတတ်တာဘဲ…မင်းယောကျာ်းမဟုတ်ဘူး သိင်္ဂါရ…ဘာဖြစ်လဲ…ရန်ဖြစ်ရင်ဖြစ်တယ်ပေါ့”

သူ့စကားက…မြားတစ်စင်းတည်းနဲ့ငှက်နှစ်ကောင်ကို ထိသွားသည့်အလား…

အန်တီနှင်းရော…သိင်္ဂါရပါ လှုပ်လှုပ်ရှားရှားဖြစ်သွားပြီး

“တွေ့လား မောင်…နေဝန်းသစ်…ဘယ်လောက်ရိုင်းလဲဆိုတာ…သားကိုတောင် ယောကျ်ားမဟုတ်ဘူးလေး…ဘာလေးနဲ့…”





ဦးလေးကြီးက…အားလုံးကို ခပ်ထန်ထန်ကြည့်လိုက်ပြီး…

“နေပဲန်းသစ်…မင်းမှာ အပြစ်ရှိတာသိလား”

သူ…ဦးလေးကြီးကို တည့်တည့်မျက်နှာချင်းဆိုင်လိုက်ပြီး

“မတရားစော်ကားတာကို…ပြန်တုန့်ပြန်တတ်တာ အပြစ်ဆိုရင်တော့ ကျွန်တော့မှာအပြစ်ရှိပါတယ်”

“ဘယ်လိုပဲဖြစ်ဖြစ်…တစ်အိမ်တည်းသားချင်း ရန်ဖြစ်ခဲ့တာဆိုတော့ အပြစ်ကတော့ရှိတာဘဲ”

ဦးလေးကြီးရဲ့ စိတ်ပျက်လက်ပျက်မျက်နှာကို အားနာစွာကြည့်လိုက်မိပြီး…

“ဒါဆိုရင်…အဲဒီအပြစ်အတွက်…ကျွန်တော့ဘာသာကျွန်တော် ရှေးချယ်ပါရစေ”

အားလုံးကအံ့သြတကြီး ကြည့်နေကြသဖြင့် သူ့ရဲ့ပုံမှုအတွက် ကျေနပ်မိသွားသည်။

“ဆိုစမ်းပါဦး…”

ဦးလေးကြီးက တွန့်ချိုးမြင့်တက်နေသော မျက်ခုံးများကို ပြန်မပြေညီချသေးဘဲ မေးလိုက်ခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်…ဒီအိမ်ကထွက်သွားပါရစေ…"

အန်တီနှင်းက မဲ့ရွဲ့ပြီး မျက်နှာကိုတစ်ဘက်လှည့်သွားသည် မဖြစ်နိုင်တာ…ဆိုသော…ခပ်ရွဲ့ရွဲ့မျက်နှာမျိုးဖြစ်သည်။

"အလုပ်ကရောပေါ့"

နောက်ထပ်ဆန္ဒတစ်ခုကိုပါပြောလိုက်စဉ်…ဦးလေးကြီးရဲ့ မျက်နှာက…စိတ်ပျက်စွာ အိုစာသွားကြောင်းတွေ့လိုက်ရသည်။

သူ့ကိုအလေးထားမှုအတွက် ကျေးဇူးတင်အားနာသွားရသော်လည်း…ဒီမျှလောက်နဲ့ သူ့ရဲ့ဆုံးဖြတ်ချက်ကို ပြင်မပေးနိုင်သည်မှာ သေချာနေသည်။

"မင်းအသက်ဘယ်လောက်ရှိပြီလဲ နေဝန်းသစ်"

မသိ၍မေးခြင်းမဟုတ်မှန်းသိလိုက်သည်။

"နှစ်ဆယ်ပါ"

ဦးလေးကြီးက ခေါင်းကိုတစ်ချက်ညိမ့်လိုက်ပြီး၊

"မင်းကိုယ်မင်းရော ရပ်တည်နိုင်ပြီလို့ ယုံကြည်ရဲ့လား"

"ဟုတ်ကဲ့…လုံးဝယုံကြည်ပါတယ်"

သိင်္ဂါရရဲ့ အံ့သြမနာလိုဖြစ်နေသော မျက်နှာကို တစ်ချက်ကြည့်ပြီးဖြေလိုက်သည်။





ဦးလေးကြီး…သူ့ကို စိုးရိမ်စွာဖြင့် တားမြစ်လေမည်လားဟု …တွေးထင်မိသော်လည်း

"ကောင်းပြီ…မင်းလည်း အရွယ်ရောက်ပြီဘဲ…မင်းခြေ ဆောက်ပေါ်…မင်းရပ်သင့်ပြီလို့ ယူဆရင်…ငါမတားပါဘူး…ဒါပေ မဲ့ တစ်ခုတော့မှာထားမယ်…မင်းဒီကိုပြန်လာမယ်ဆိုရင်တော့ ဒီ အခြေ အနေအတိုင်း ပြန်လာဖို့ စိတ်မကူးနဲ့…ဒီထက်ပိုပြီးမြင့်မားတဲ့ အခြေ အနေမျိုးနဲ့မှ ပြန်လာရမယ်…"

ထွက်သွားပြီဆိုကတည်းက ပြန်လှည့်လာဖို့ စိတ်မကူး၊ ဒါ…သူ့ရဲ့ ခိုင်မာသောဆုံးဖြတ်ချက်ပင်၊

ဘာပဲဖြစ်ဖြစ်…လောလောဆယ်တော့ ခေါင်းညိတ်ရဦးမည် …

"ဟုတ်ကဲ့"

သိင်္ဂါရရော…အန်တီနှင်းပါ…သူ့ရဲ့ဆုံးဖြတ်ချက် အတည် …သွားသဖြင့်…ဝမ်းသာသွားပုံရသည်။

သူ့ကိုစိတ်မကောင်းစွာဖြင့် နှုတ်ဆက်မယ့်သူမရှိ၍ ဝမ်းနည်း …တော့ကောင်းသား…ဟု…စိတ်နာစွာဖြင့် တွေးမိလိုက်သေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းဘယ်လိုစိစဉ်ထားလဲဆိုတာတော့… မမေးတော့ပါဘူး မင်းရဲ့အရည်အချင်းကို ငါယုံကြည်တယ်…ဒါပေမဲ့…မင်းကိုပေးစရာ တစ်ခုရှိတယ်…ခဏစောင့်ဦး"

သူ့အတွက်ပေးစရာဟု…ဆိုလိုက်ကတည်းက အန်တီနှင်းရော…သိင်္ဂါရပါ…မျက်လုံးဝိုင်းကျယ်သွားကြသည်။

သူတို့ရဲ့ရပိုင်ခွင့်များကို ဖွဲ့ပေးရတော့မည့်နှယ် စိုးရိမ်နေကြသည်။

မမက်မောသော သူ့အတွက်ကတော့ ရယ်စရာပင်ကောင်းနေသေးသည်။

အပေါ်ထပ်တက်သွားသော ဦးလေးကြီးကို တိတ်ဆိတ်စွာဖြင့်ပင်…စောင့်နေကြလျက်…

ပြန်ဆင်းလာသော ဦးလေးကြီးလက်ထဲတွင်…ခပ်သေးသေး ဘူးငယ်တစ်ခုသာ ပါလာသည်။

❀❀❀





"ဘယ်လို…ဦးလေးကြီး…ဒီဘူးထဲကပစ္စည်းက မေ့မေ့ ပစ္စည်းဟုတ်လား"

သူ့လက်ထဲသို့ကမ်းပေးလာသော ဘူးလေးကို သူမယူမီခင်…မယုံကြည်နိုင်စွာ မေးလိုက်သည်။

သာမန်စက်ချုပ်သမားလေး မေမေ့မှာ…ဘာမှမရှိနိုင်ဟု… သိတတ်စဉ်းစားနိုင်သောအရွယ်တွင်…သူတွေးမိခဲ့သေးသည်။

ဒါပေမဲ့…အခုတော့ သူ့အမေက သူ့အတွက်ပင်အမွေပစ္စည်း ချန်ထားနိုင်ခဲ့သေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်…မင်းခြေထောက်ပေါ်မင်း ရပ်တည်နိုင်တဲ့ အချိန်ရောက်ရင်…ပေးပေးပါလို့…ငါ့ကိုမှာခဲ့တယ်…ဒါ့ကြောင့် မင်း အမေပစ္စည်းကို…ငါပြန်အပ်တာဘဲ…"

သူမယုံကြည်နိုင်စွာဖြင့် တုန်ယင်စွာ လှမ်းယူမိလိုက်သည်။

ကတ္တီပါအနီရောင်ဘူးလေးဖြစ်၍ တန်ဖိုးကြီးပစ္စည်းတစ်ခု အထဲမှာရှိနေနိုင်တာကို အားလုံးခန့်မှန်းနိုင်ကြမည်ပင်…

လက်ထဲအရောက်…သူဖွင့်ကြည့်လိုက်စဉ်…

နားကပ်တစ်ရံ …

ဘူးအဖွင့်မှာ လက်ခနဲပြတ်သွားသော အလင်းတန်းလေးတစ်ခု နှင့် အဖြူရောင်ကျောက်နားကပ်လေး တစ်ရံအဖြစ်သာ သူတွေ့ရလျက်

"ဟင်…စိန်နားကပ်ပါလား…"

ရတနာအရောင်းအဝယ်လုပ်သော အန်တီနှင်းဆီက အာမေဋိတ်သံကြားမှပင်…စိန်နားကပ်အဖြစ်…သူသိလိုက်ရသည်။

"ဟုတ်တယ်…စိန်နားကပ်ဘဲ"

ဦးလေးကြီးဆီကပါ အတည်ပြုသံကြားလိုက်ရသဖြင့် ထပ်မံ အံ့သြသွားရပြန်သည်။





"အခုကာလပေါက်ဈေးအတိုင်းဆိုရင်…သိန်းသုံးဆယ် လောက်ရှိတယ်…"

ဦးလေးကြီးဆီက မမျှော်လင့်ထားသည်များကိုပင် ကြားနေရ လျက်

"မင်းဘိုးဘွားအမွေအနှစ်ဖြစ်မှာပေါ့…ဒါကိုရောင်းချပြီး ‥ ‥စီးပွားရေးလုပ်ရင်လုပ်ပေါ့"

ဦးလေးကြီးဆီက အကြံဉာဏ်ကို ကျေနပ်စွာလက်ခံချင်သော် လည်း…မေမေ့ရဲ့နောက်ဆုံးပစ္စည်းအဖြစ်…သူမပျောက်ဖျက်ပစ်ရက်…

သူ့ဆီက…ဘာမှဆက်မထွက်လာ၍…သူ့စိတ်ကို နားလည် အကဲခပ်မိဟန်ရှိသော ဦးလေးကြီးက ထပ်ပြီးအကြံပေးပြန်သည်။

"ဒါမှမဟုတ်…ကာလပေါက်ဈေးအတိုင်း…ငါ ဈေးဖြတ် ပြီးဝယ်မယ်…မင်းတစ်ချိန် အဆင်ပြေရင်…အဲဒီအချိန်ရဲ့ကာလ ပေါက်ဈေးအတိုင်း ငါ့ဆီကပြန်ဝယ်ပေါ့…ဘယ်လိုလဲ"

လက်ထဲရောက်ခါစပင်ရှိသေးသော ကတ္တီပါဘူးလေးက…ပူ နွေးခွင့်ပင်မရသေး။

ဒါပေမဲ့ သူ့အတွက် နိုင်မာသောဆုံးဖြတ်ချက်သည် ဦးလေး



www.burmeseclassic.com

www.burmeseclassic.com



ကြီးရဲ့ အကြံဉာဏ်ကို လက်ခံရန် အသင့်ဖြစ်နေသည်။

"ကျွန်တော့်မေမေပစ္စည်းကို လောလောဆယ် ဦးလေးဆီမှာ …ရောင်းထားပါ့မယ်…ဒါပေမယ့်…ကျွန်တော်…တစ်နေ့ပြန်ဝယ်နိုင် ရလိမ့်မယ်လို့ ကတိပေးပါတယ် ဦး"

သိင်္ဂါရတို့ရဲ့ လျောင်ပြုံးတွေကို…ဂရုမစိုက်နိုင်အားတော့။

သူ့စိတ်ကူးတွေ…အနာဂတ်တွေ…အိပ်မက်တွေက… အားလုံးကို လျစ်လျူရှုလို့…

❀❀❀






# အပိုင်း [၃]



www.burmeseclassic.com

www.burmeseclassic.com









# ၅

"ဒေါက်တာသိင်္ဂါရ M.B.,B.S (Ygn)"

ဒီဘွဲ့ထူးဂုဏ်ထူးအတွက် ပေးဆပ်ခဲ့ရသော အချိန်တွေ ပင်ပန်းခဲ့ရသော ကြိုးစားမှုတွေ၊ ဆုံးရှုံးခဲ့ရသော ပျော်ရွှင်လွတ်လပ်မှုတွေ…

လိုချင်တာ ပိုင်ဆိုင်ခွင့်ရပြီဖြစ်လို့…သူ့ကိုယ်သူဒေါက်တာသိင်္ဂါရအဖြစ် အသစ်တဖန်မွေးဖွားခဲ့ရသလိုပင်

ကုန်လွန်ခဲ့သော အချိန်များအတွင်း ပြောင်းလဲခဲ့သည်က သူတစ်ယောက်တည်းမဟုတ်…သူနှင့်ပတ်သက်သောအရာအားလုံးသည်လည်း ပြောင်းလဲခဲ့ပြီဖြစ်သည်။

ကျန်းမာရေးချွတ်ယွင်းမှုကြောင့် အလုပ်မှအနားယူခဲ့ရသော အဖေ…ကိုယ်တိုင်မလုပ်နိုင်၍(သူကိုယ်တိုင် စီးပွားရေးကိုစိတ်မဝင်စား



www.burmeseclassic.com

www.burmeseclassic.com



ခဲ့၍) ရှယ်ယာဝင်စီးပွားရေးတစ်ခုကိုသာ ပိုင်ဆိုင်ထားရသော…သူ့အိ ရဲ့ကျဆင်းနေသောစီးပွားရေးအခြေအနေ…သားကိုမျှော်လင့်ပုံပိုးအေ ရာက…သားကိုတစ်လှည့် အားကိုးယုံကြည်နေသော သူ့အမေ—

သူ့ကိုယ်သူ လူကြီးတစ်ယောက်အဖြစ် ရင့်ကျက်တည်ငြိမ် လာသလို ခံစားရသော်လည်း…သူ့အိမ်ရဲ့တာဝန်ကို ယူရလောက် အောင်တော့…သူ့မှာအစွမ်းအစမရှိသေး။

ကိုယ်ပိုင်ဆေးခန်းလေးတစ်ခုကို၊ ရပ်ကွက်လေးတစ်ခုမှာ သွား ဖွင့်ထားသော်လည်း…ဝင်ငွေများသောအလုပ်မဟုတ်၍ သူသိပ်ဘဝင်မ ကျ။

သူနေချင်တာက…သူ့ဝါသနာကိုမွေးဖွားရှင်သန်၊ အေးအေး ဆေးဆေးစာဖတ်၊ ဘာကိုမှမပူမပင်ဘဲ လွတ်လပ်ငြိမ်းချမ်းစွာ ရှင်သန် လိုခြင်းပင်။

တာဝန်တွေ၊ ဝတ္တရားတွေကို…သူမလိုလား

အရင်က…ပြိုင်ဘက်တစ်ယောက်အဖြစ် နေဝန်းသစ်ရှိနေ၍ …သူ့ဖွန်းတိုင်သည် ကြိုးစားမှုတစ်ခုတည်းကိုသာ ဦးတည်နေလျက်–

အခုတော့…နေဝန်းသစ်လည်း ဘယ်ရောက်နေမှန်းမသိ…





သူကိုယ်တိုင်ပင်…သာမန်အခြေအနေမဲ့တစ်ယောက်ကို ပြိုင်ခဲ့ဘူး၍ —ရှက်စွံ့သလိုလိုပင် ခံစားရပါသေးသည်။

သူတို့မိသားတစ်စုလုံးကတော့ နေဝန်းသစ်နဲ့ မပတ်သက်ခဲ့ ဖူးသလို…အားလုံးမေ့လျော့နေကြလျက်…,

ဒါပေမဲ့ မထင်မှတ်သောအချိန်တွင်…မထင်မှတ်သော ကြုံတွေ့မှုများကို…ပေးစွမ်းတတ်သည့် လောကနိယာမအတိုင်း…

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com



ဆေးခန်းပိတ်ရက်မျိုးတွင်…သူသွားချင်သော နေရာများကို လွတ်လွတ်လပ်လပ် လျှောက်သွားချင်ရင်သွား၊ ဒါမှမဟုတ် အိမ်မှာ စာအုပ်ဖတ်ရင်ဖတ်…သူငယ်ချင်းအပေါင်းအသင်းများနဲ့ အချိန်မဖြုန်းတတ်သည်မှာတော့ ဆေးကျောင်းသားဘဝတည်းကပင်။

ဒီနေ့တော့ တစ်နေ့လုံးမိုးစွေနေ၍ အိမ်ထဲအောင်းပြီး စာအုပ်ဖတ်နေခဲ့သည်။ ညနေပိုင်းရာသီဥတု သာယာရှင်းလင်းတော့မှ မြို့ထဲဘက်ကို ထွက်လာခဲ့လိုက်သည်။

ထွက်လာခဲ့တုန်းကတော့…ဘာရယ်မဟုတ်…စာအုပ်လေးဘာလေးဝယ်၊ စားချင်တာဝယ်စား၊ အပျင်းပြေအနွေလေးဘာလေးပေါ့…ဒီရည်ရွယ်ချက်နှင့် ထွက်လာခဲ့ခြင်းပင်…





မြို့ထဲရောက်မှ…အသစ်ဖွင့်ထားသော ဆိုင်တစ်ဆိုင်ကို တွေ့ရသဖြင့် စိတ်ဝင်စားသွားသည်။

ပန်းအိုးအမျိုးမျိုး ရောင်းသောဆိုင်တစ်ဆိုင်ဖြစ်ပြီး…ကျယ်ကျယ်ဝန်းဝန်းနှင့် လှပသပ်ရပ်လွန်းစွာ…

တချို့ပန်းအိုးများကို ပန်းခြောက်လေးများနှင့် လှပစွာ ပြင်ဆင်ထားပုံကလည်း စိတ်ကိုကြည်နူးစေတာ အမှန်ပင်။

ဆိုင်နံရံတစ်ခုလုံးက အဖြူရောင်…အခင်းကြွေပြားများကလည်း အဖြူရောင်…မျက်နှာကြက်များကအစအဖြူရောင်များသာ သုံးထား၍… တစ်ဆိုင်လုံးလင်းရှင်းဖြူလွလွန်းနေသည်။

Uniform ဝတ် အရောင်းစာရေးအမျိုးသမီးလေးများက ယဉ်ကျေးဖျူငှာစွာဖြင့် အကျိုးဆောင်ပေးနေကြ၍…ထိုဆိုင်လေးကို သူနှစ်သက်သွားသည်။

တစ်ဆိုင်လုံးကို လှည့်ပတ်ကြည့်ရှုနေရင်း…သူ့မျက်လုံးများက…စင်တစ်ခုပေါ်တွင်တင်ထားသော ပန်းအိုးလေးဆီရောက်သွားသည်။ ပန်းအိုး ဟုဆိုရဖွယ်သော်လည်း လုံးဝန်းရှည်လျားသော ပန်းအိုးမျိုးမဟုတ်…ပန်းကန်ပြားတစ်ချပ်ထက်ပင်ပါးလွှာသော ကြွေပြားလေးသာ…



www.burmeseclassic.com

www.burmeseclassic.com



ထိုကြွေပြားလေးထဲတွင် သစ်ကိုင်းခြောက်တစ်ခု…ထိုသစ်ကိုင်းခြောက်ရဲ့ ကိုင်းမွှာလေးတစ်ခုတွင် နှင်းဆီဖြူ အဖူးလေးတစ်ခု…

အနီးကပ်ကြည့်မိစဉ်…နှင်းဆီဖူးလေးက အစစ်လေးဖြစ်နေသည်။ ရေစက်လေးတစ်စက်ပင်…ပွင့်ဖတ်လေးပေါ်တွင်…တင်ထားလျက် ရှိနေဆဲ…

ထိုပန်းအိုးလေးကို…သဘောကျမိသွား၍ ပန်းအိုးလေးကို လှမ်းအယူ…

ပန်းအိုးလေးဆီသို့…သူ့လက်အပြင်၊ အခြားလက်တစ်ခုကပါ…လှမ်းလာသည်ကိုတွေ့လိုက်ရပြီး…

လက်နှစ်ခုက…ပန်းအိုးရဲ့နှုတ်ခမ်းဖျားပေါ်တွင်… ဆုံမိသွားသည်။

ဆုံမိသူနှစ်ယောက်၏ မျက်လုံးများပါ…အပြန်အလှန်ကြည့်မိလိုက်စဉ်…

"ဟင်…"

အာမေဋိတ်သံက…သူ့ဆီကသာထွက်သွားပြီး တစ်ဖက်လူဆီက ထွက်မလာ…





အံ့ဩသွားသူက…သူတစ်ယောက်တည်း ဖြစ်နေသည် ထင်…

"နေဝန်းသစ်"

"သိဂ်ါရ…မင်းကမှတ်မိသားဘဲ"

မထိတရိမျက်လုံးများကို ငယ်ငယ်ကတည်းက မုန်းတီးခဲ့သည်။ နေဝန်းသစ်နှင့်ပတ်သက်ပြီး ဖေဖေ…မေမေ့ကို အပြစ်တင်တိုင်းလည်း…နေဝန်းသစ်ကို…သူမုန်းခဲ့သည်။နောက်ဆုံး…သူ့ကိုလိုက်ပြိုင်လိုက်တုနေသော နေဝန်းသစ်ကို မုန်းမေ့ခဲ့ပြီဟု ထင်ခဲ့သော်လည်း…

သူမှတ်မိနေခဲ့ပြန်သည်။

"ဘာမမှတ်မိစရာရှိလို့လဲ…မင်းကဘယ်လောက် ပြောင်းလဲသွားလို့မမှတ်မိရမှာလဲ"

ဟုတ်တယ်လေ…ကြားကာလ ခုနှစ်နှစ်၊ ရှစ်နှစ်အတွင်း…သူတို့မျက်နှာတွေ ရင့်ကျက်သွားတာကလွဲ၍ ရုပ်ပြောင်းလဲသွားစရာမရှိ။

ဒါပေမဲ့…အသွင်သဏ္ဍာန်ကတော့, မတူတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



သူ့အကျၤပုဆိုးများကိုသာ ဝတ်ခဲ့ရသော နေဝန်းသစ်သည် ဒီနေ့တော့…သပ်ရပ်ပုံကျသောဘောင်းဘီရှည်နှင့် အင်္ကျီအဖြူကို တွဲဖက်ဝတ်ထားသည်။

နေဝန်းသစ်ကို ဆက်ပြီးစကားမပြောချင်တော့၍…ပန်းအိုးလေးကိုပြန်လှမ်းယူလိုက်စဉ်…

နေဝန်းသစ်က…သူ့လက်ကိုလှမ်းထားလိုက်ပြီး

"ဒီပန်းအိုးက…ငါဝယ်မလို့"

အသက်သုံးဆယ်နားနီးနေသော ယောကျ်ားနှစ်ယောက်က ပန်းအိုးငယ်တစ်ခုကို ကြိုက်မိခြင်းသည် လူကြားကောင်းသောကိစ္စဖြစ်သော်လည်း…အပြိုင်လုဝယ်ရမည့်ကိစ္စကတော့ လူကြားမကောင်းလှပေ။

ဒါပေမယ့် အခြေအနေက ဒီအတိုင်းဖြစ်နေတော့ခက်နေသည်။

"ငါလည်းဝယ်မို့"

သူတို့နှစ်ယောက် ပန်းအိုးဆီတွင် ဒုတိယအကြိမ် လက်ဆုံမိကြပြန်သည်။

"လူကြီးမင်းတို့ အကြိုက်ချင်းတူနေပြီထင်တယ်…ကျွန်မတို့နောက်ထပ်စီစဉ်ပေးပါ့မယ်"





အရောင်းစာရေးမလေးက…အခန်းထဲသို့ဝင်သွားစဉ်…သူတို့နှစ်ယောက်လုံးစောင့်နေကြလျက်…

ဘယ်သူက…ဘယ်သူ့ကိုမှ…အလျှော့မပေးဘဲ…ပေတေရပ်နေခြင်းမျိုးဖြင့်…ရပ်နေကြခြင်းဖြစ်သည်။

"ဝမ်းနည်းပါတယ်ရှင်…ဒီပန်းအိုးက…တစ်ခုတည်းဘဲကျန်တော့တယ်…"

သူနဲ့နေဝန်းသစ် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ရင်း…

"ကျွန်တော်…ယူမယ်"

နှစ်ယောက်စလုံး ပြိုင်တူပြောမိသွားစဉ်…အရောင်းစာရေးအမျိုးသမီးက…စိတ်ရှုတ်စွာပြုံးလိုက်ပြီး…

"တစ်ယောက်ဘဲ ရမယ်လေ"

"ဒါဆို…ကျွန်တော်…ဒီပန်းအိုးရဲ့ဈေးကို နှစ်ဆပိုပေးမယ်"

နေဝန်းသစ်က ဈေးပိုပေးပြီး စစိန်ခေါ်လေသည်။

နေဝန်းသစ်နေရာတွင် အခြားလူတစ်ယောက်ဆိုပါက…သူ



www.burmeseclassic.com

www.burmeseclassic.com



ကြည်ကြည်ဖြူဖြူပင်…အလျော့ပေး ဦးစားပေးလိုက်မည် ဖြစ်သည်။

သို့သော်…နေဝန်းသစ်ကိုမူ…အမြဲတမ်း အနိုင်ရခဲ့သူပီပီ… အလျှော့မပေးချင်…အထူးသဖြင့်…သူ့ကိုမနိုင်ဘဲနဲ့ ပြိုင်နေတတ်သော နေဝန်းသစ်ကို…မုန်းတီးစွာ…တုန့်ပြန်လိုခြင်းသာ…

"ကျွန်တော်လည်း သူပေးတာထက်ပိုပေးပါမယ်"

နှစ်ယောက်သား အပြိုင်အဆိုင် ဈေးပိုပေးကြစဉ် ပန်းအိုးလေးရဲ့တန်ဖိုးသည် တစ်ဆပြီးတစ်ဆမြင့်တက်လာသည်။

စိတ်ရှုတ်လာပုံရသော အရောင်းစာရေးမလေးသည် နောက်ဆုံး

"ကျွန်မ မဆုံးဖြတ်တတ်တော့ဘူး…ပိုင်ရှင်နဲ့တွေ့ပြီး ပြောကြပါရှင်…"

နှစ်ယောက်လုံး…ဆိုင်ရှင်၏ရုံးခန်း ဟုယူဆရသောအခန်းလေးတစ်ခုထဲ ရောက်သွားပြီး

ခေါင်းငုံ့၍စာရေးဟန်တူသော အမျိုးသမီးတစ်ယောက်ကို… အရောင်းစာရေးမလေးက ရိုကျိုးစွာခေါ်လိုက်စဉ်…

စာရေးရာမှ မော့ကြည့်လာသော မျက်နှာတစ်ခု…





သူမင်သက်အံ့ဩစွာ ငေးမိသွားသည်။

မွတ်စင်နေသော မျက်နှာဝိုင်းဝိုင်းလေးနှင့် ကြည်လင်စူးရှသော မျက်လုံးတစ်စုံ…

လှလိုက်တာ…လို့ ပြောရမည့်အစား…ကြည့်ကောင်းလိုက်တာလို့ ပြောရမလိုပင်။

သူသည်ပင်…ကြည့်ကောင်းကောင်းနှင့် ငေးကြည့်နေမိသည်ဘဲ…

"ဘာကိစ္စလဲ…ဥဝါ"

အသံကပါ…အရှယ်နှင့်မလိုက်ဖက်စွာ…တည်ကြည်ငြိမ်သက်လျက်…

"ဒီကလူကြီးမင်းနှစ်ယောက်က…ဒီပန်းအိုးကို ဈေးအပြိုင်ပေးပြီး လုဝယ်နေကြလို့ပါ…ထပ်လုပ်ပေးစရာလည်း မရှိတော့ဘူးမမ…"

အရောင်းစာရေးမလေး စကားအဆုံး…သူငေးမိနေသော ကောင်မလေးက…ခေါင်းဆတ်၍ ပြန်ခိုင်းလိုက်ပြီး…

"လုပ်စရာရှိတာ သွားလုပ်တော့ဥဝါ…မမဖြေရှင်းလိုက်မယ်"

www.burmeseclassic.com



သူတို့နှစ်ယောက်စလုံးကို…မထိုင်ခိုင်းသေးဘဲ…ထိုင်[cut]
ရာမှမော့ကြည့်ပြီး…ရှားပါးလှပစွာပြုံးသည်ကို တွေ့ရသည်။

"အမျိုးသားနှစ်ယောက် ပန်းအိုးလှဝယ်တာ ကျွန်မဘဝ[cut]
တော့…ဒါပထမဆုံးတွေ့ဖူးခြင်းဘဲ…"

အောင့်သီးအောင့်သက်နှင့်…သူပြုံးမိလေလား မသေချာ[cut]
နေဝန်းသစ်ကတော့…သူနဲ့ခံစားချက်ချင်းတူပုံမရ…

"ရောင်းမယ်…မရောင်းဘူးဘဲပြောပါ…
ကျွန်တော့်မှာ…အချိန်သိပ်မရှိဘူး"

ကောင်မလေးက…စားပွဲပေါ်တွင် တင်ချန်ထားရစ်ခဲ့သော[cut]
ပန်းအိုးလေးကို တို့ထိကိုင်တွယ်ယူပြီး

"ပန္နည်းတစ်ခုကို တန်ရာတန်ကြေးဘဲ…ကျွန်မရောင်း[cut]
တယ်…ဈေးတွေအဆမတန်ပိုပေးတိုင်း…ရောင်းရရင်…ကျွန်[cut]
နာမည်ပျက်မှာပေါ့…ဒါမှမဟုတ်…တစ်ယောက်ယောက်ကို ဦး[cut]
ပြန်ရင်လည်း စိတ်ပျက်ဦးမယ်…ဒီတော့"

ဘာဆုံးဖြတ်မည်လဲဆိုသော…အဖြေကို စိတ်ဝင်စား[cut]
သည်…ပန်းအိုးရခွင့်မရခွင့်အတွက် မဟုတ်တော့ဘဲ…ကောင်[cut]



ရဲ့ဖြတ်ထိုးဉာဏ်ကို သိလိုခြင်းကပိုကဲနေကြောင်း သူ့ကိုယ်သူ သတိ
ထားမိလိုက်သည်။

"ကျွန်မ…ဒီပန်းအိုးကိုမရောင်းတော့ဘူး…နောင်ပန္နည်း
အပိုထပ်ရောက်လာမှ ချရောင်းတော့မယ်…အဲဒီအချိန်ကျတော့မှ
လာဝယ်ပေါ့…ဒါမှမဟုတ်…လူကြီးမင်းတို့ကို…ဆက်သွယ်ရမယ့်
ဖုန်းနံပါတ်ပေးချင်ပေးခဲ့ပါ…နှစ်ယောက်စာရရင် ကျွန်မအကြောင်းကြား
ခိုင်းပါ့မယ်…နှစ်ယောက်စလုံး တစ်ချိန်တည်းရအောင် ကျွန်မစီစဉ်
ပေးပါ့မယ်"

သူကတော့ ကောင်မလေးအဖြေကို နှစ်သက်စွာ…

အထင်ကြီးစွာ…

နေဝန်းသစ်ကတော့…မကျေမနပ်နှင့် ကောင်မလေးကို
တည်တည်ကြည့်နေသည်။

ကောင်မလေးကလည်း…နေဝန်းသစ်ရဲ့ မာကျောကျော
အကြည့်များကို…အပြုံးမျှမပျက် မျှတစွာပင် ဆက်ဆံနေသေးသည်။

သူက…ကြားမှဝင်ပြီး…ကောင်မလေးကိုပင် အားနာနေသေး
သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါ…ကျွန်တော့်လိပ်စာကတ်ပါ"

သူကသာ…လိပ်စာကတ်ပေးလိုက်သော်လည်း နေဝန်းသစ်ကမူ…

"အခုမရောင်းရင်ပြီးတာဘဲ…လိုချင်တာက အခုလိုချင်တာ…နောင်တစ်ချိန် လိုချင်မလား…မလိုချင်လား မသေချာဘူး လိုချင်စိတ်ပေါ်လာမှလာဝယ်တော့မယ်…ဒါပေမဲ့…အခုမရောင်းသေးဘူးဆိုတာတော့…သေချာပါတယ်နော်"

နေဝန်းသစ်ကို…လူရိုင်းတစ်ကောင်ပမာ သူကြည့်မိလိုက်သော်လည်း…ကောင်မလေးကနားလည်စွာပြုံး၍…ခေါင်းညိတ်ပြနေသည်။

"သေချာပါတယ်…ဒီပန်းအိုးတစ်အိုး မရောင်းတာနဲ့ ကျွန်မဆိုင်အရင်းမပြုတ်သွားပါဘူး"

သူရော…နေဝန်းသစ်ပါ…ကောင်မလေးစားပွဲပေါ်တင်ကျန်ရစ်ခဲ့သော ပန်းအိုးလေးကို နောက်ဆံတင်းစွာ ချန်ထားခဲ့ရသော်လည်း…သူ့အတွက်က…ခံစားချက်တစ်ခုပါ အပိုပါလာနေမှန်း သတိထားမိလိုက်သည်။





ဘယ်လိုဘဲဖြစ်ဖြစ်…ပျောက်ဆုံးခဲ့ပြီဟု ထင်မိခဲ့သော ပြိုင်ဘက်တစ်ယောက်ကို မထင်မှတ်သောပုံစံနှင့်တွေ့ခဲ့ရ၍…စိတ်လေးလံညစ်ညူးနေတာကတော့အမှန်ပင်…

❀❀❀



www.burmeseclassic.com

www.burmeseclassic.com



သူတို့တစ်မိသားစုလုံး ထမင်းစားနေသောအချိန်တွင် မ
မှတ်သော ညှေ့သည်တစ်ယောက်အဖြစ် နေဝန်းသစ်ရောက်လာ
ပြန်သည်။

"ညှေ့သည်ရောက်နေတယ်…ဆရာ"

ထမင်းစားချိန်ရောက်လာခြင်းဖြစ်သော ညှေ့သည်အ
ထိုင်စောင့်နေရံသာ…

"ဘယ်သူတဲ့လဲ"

မေမေက…စားလက်စထမင်းကို အေးအေးဆေးဆေး
စားရင်း မေးလိုက်စဉ်…





အသုစ်ရောက်ကာစဖြစ်သော အိမ်အကူအဒေါ်ကြီးက…

"ဦးနေဝန်းသစ်တဲ့"

အားလုံးအံ့သြစွာ…

အထူးသဖြင့် "ဦး" ဟူသောဂုဏ်ပဒ်သေသနနှင့်အတူ…တွဲ
ဖက်ကြားလိုက်ရသောကြောင့်ပင်။

အားလုံးစိတ်လှုပ်ရှားစွာ ထမင်းမစားနိုင်တော့။

ဖေဖေကပိုဆိုးသည် စားလက်စဇွန်းနဲ့ခက်ရင်းကို ချက်ချင်းချ
ပြီး၊ နှုတ်ခမ်းကိုတို့သုတ်ကာ ထလိုက်သည်။

လှုတ္တဲ့နှင့်လမ်းလျှောက်ရသည့် သူ့အဖြစ်ကိုသူမေ့လျော့စွာ
…ထရပ်လိုက်ခြင်းမျိုးဖြစ်သည်။

ဒီတော့သူပါ ကမန်းကတန်းထပြီးတွဲကူကာ အိမ်ရှေ့ဆီသို့
ထွက်လာရတော့သည်။

နေဝန်းသစ်ကို ပြန်ဆုံခဲ့ဖူးကြောင်း အိမ်ကိုသူမပြောပြထားခဲ့…

ညှေ့ခန်းတွင် ထိုင်စောင့်နေသောနေဝန်းသစ်သည်…သူတို့ကို
မြင်သည်နှင့် အမိပွါယ်ဖော်ရခက်သောအပြုံးနှင့် ဆီးကြိုသည်။

ဖေဖေက ထူးခြားစွာဝမ်းသာနေပြီး



www.burmeseclassic.com

www.burmeseclassic.com



"မင်း…ပြန်လာမယ်ဆိုတာ…ငါသိနေပြီးသားဘဲ"

ဖေဖေ့စကားက…နေဝန်းသစ်အပေါ် ယုံကြည်အားကိုးလျှက် နေသည်ဟု သူထင်နေမိသည်။

နောက်ကလိုက်ထွက်လာသော သူ့အမေလည်း ကြောင်အမ်း စွာနှင့် နေဝန်းသစ်အသွင်ကို အံသြလျှက်…

"ဦးလေးကြီး…နေကောင်းရဲ့လား"

ဖေဖေရဲ့အားရတက်ကြွနေပုံက…နေဝန်းသစ်ကြောင့်ဟု သူမထင်မှတ်ချင်ပေ။

ဒါပေမဲ့…ဒါအမှန်ပင်ဖြစ်နေသည်။

"အေး…ကောင်းအောင်နေရတဲ့အခြေအနေမျိုးဘဲပေါ့… မင်းကိုတော့မေးစရာမလိုပါဘူး…ကြည့်တာနဲ့ သိနေပါပြီး"

ဖေဖေ့ကို မလိုအပ်ဘဲ ဖော်ရွေလွန်းနေသည်ဟု မဆီမဆိုင်… သူစိတ်တိုနေမိပြန်သည်။

"ကျွန်တော်…မေမေ့ပစ္စည်းပြန်လာယူတာပါ…"

သူ့အမေက ဆုံးပြီဟူသောအတွေးနှင့် ထိုနားကပ်ကို…အပိုင် ယူရန် ကြိုးစားတိုင်း…ဖေဖေကပြင်းပြင်းထန်ထန်ကန့်ကွက်ခဲ့ဖူးသည်။





ဒီလိုဆို…ဖေဖေ့ရဲ့ယုံကြည်မှုက…မှန်နေသည်ပင်။

ဖေဖေက…မေမေ့ကို…လှမ်းယူခိုင်းလိုက်ပြီး နေဝန်းသစ်ကို အားရဝမ်းသာစွာကြည့်နေသည်။

"မင်း…အခုဘာလုပ်နေလဲ…"

ဒီမေးခွန်းတော့ သူလည်းစိတ်ဝင်စားလှသည်။

"ကျွန်တော်…လုပ်ငန်းနှစ်ခုသုံးခုလောက် လုပ်ထားပါတယ် …ဒီအိမ်ကထွက်သွားပြီးသုံးနှစ်လောက်ကတော့ နိုင်ငံခြားမှာ အလုပ် သွားလုပ်နေတာပါ…"

"အော်…အော်…"



www.burmeseclassic.com

www.burmeseclassic.com



အဖေက ခေါင်းတညိတ်ညိတ်နှင့် နားထောင်နေသည်။

တွေ့ည်းသွားယူသော သူ့အမေပြန်ဆင်းလာပြီးနောက်

"နေဝန်းသစ်ရေ…ဒီနေ့ပေါက်ဈေးနဲ့ ပြန်ယူရမှာနော်…"

အဖေကကန့်ကွက်လိုဟန်ဖြင့်ကြည့်လိုက်သော်လည်း အရင်က အဖေကိုယ်တိုင်ပြောခဲ့သောစကားပင်ဖြစ်နေ၍…ဘာမှဆက်မပြောဘော့…

"ဟုတ်ကဲ့…အန်တီနှင်း…ဈေးသိမှာပါ…ကျွန်တော်…တန်ဖိုးအတိုင်းပေးပါမယ်"

နဂိုကတည်းက ဘယ်လောက်ရတီရှိ၍ ဘယ်လောက်ဈေးကျသည်ကို သိနေသော သူ့အမေက ပေါက်ဈေးကိုပြောသည်။

နေဝန်းသစ်က…မေမေပြောသော ဈေးအတိုင်းပင် ချက်လက်မှတ်တစ်စောင်ရေးလိုက်ပြီး…သူ့အဖေကိုလှမ်းပေးသည်။

"ဒီချက်လက်မှတ်နဲ့ ပိုက်ဆံအရင်ထုတ်ဦးမယ်…ပိုက်ဆံရမှ…ဒီတွေ့ည်းလာယူပေါ့"

အရာရာသေချာလွန်းသော သူ့အမေ့ဘက်က…မှန်သည်ဟု သူထင်သည်။





သို့သော်…နေဝန်းသစ်၏ ပျက်သွားသောမျက်နှာ…

ဖေဖေ့ရဲ့ အားနာသွားသောမျက်နှာ

ဒါပေမဲ့ … နေဝန်းသစ်သည် ကုန်လွန်ခဲ့သောနှစ်များအတွင်း…ပြောင်းလဲရင့်ကျက်စွာ ဟန်ဆောင်နေတတ်ပြီ ဖြစ်သည်။

ခပ်ဖော့ဖော့ရယ်ရင်းဖြင့်…သူ့ရဲ့ဂုဏ်သိက္ခာကို ပြန်ဆယ်တင်ထိုက်သလိုပင်…

"အန်တီနှင်းကြိုက်သလိုလုပ်ပါ…အဓိကက ကျွန်တော့်အမေရဲ့ပစ္စည်းပြန်ရဖို့ဘဲ…အန်တီနှင်းတို့ပိုက်ဆံထုတ်ပြီးရင်…သိင်္ဂါရကို…ကျွန်တော့်ဆီပို့ခိုင်းပေးပါ"

မဆီမဆိုင်…သူ့ကိုဆွဲထည့်လိုက်သဖြင့်

"မင်းဘာသာမင်း…လာယူပေါ့…ငါမအားဘူး"

နေဝန်းသစ်က ပခုံးနှစ်ခုကိုတွန့်၍ ပြုံးလိုက်ပြီး

"ဆောရီး…မင်းအားမယ်ထင်လို့ပါ"

ခြံရှေ့တွင်ချိတ်ထားသော…ဆိုင်းဘုတ်အရ ဆရာဝန်တစ်ယောက်ဖြစ်နေသော သူ့အကြောင်းကို နေဝန်းသစ်သိပြီးလောက်ပြီသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါ…တမင်သက်သက်…ဖိနှိပ်ရန် ကြံစည်လိုက်ခြင်းလို့ပင် သူနားလည်လိုက်သည်။

"ဒါဆိုရင်…ကျွန်တော့်ကိုခွင့်ပြုပါဦး"

နေဝန်းသစ်ရောက်ရှိခြင်းကို ကြိုလည်း မကြိုဆို…နှုတ်လည်း နှုတ်မဆက်…

ကြိုဆိုနှုတ်ဆက်သူဟူ၍ သူ့အဖေတစ်ယောက်တည်းသာ…

"နောက်…တွေ့ကြသေးတာပေါ့"

ဖေါ်ရွေရင်းနှီးစွာပြောခဲ့ခြင်းအဖြစ် မခံစားရ…သူ့ကိုစိန်ခေါ် သွားသလိုပင် ခံစားလိုက်ရသည်။

မကြားချင်ယောင်ဆောင်နေလိုက်ပြီး နေဝန်းသစ်ထွက်သွားသော သံတံခါးကို ခပ်ကြမ်းကြမ်းဆွဲပိတ်လိုက်သည်။

❀❀❀





အိပ်ရာပေါ်ပက်လက်လန်ချလိုက်ပြီး…စိတ်ရှုပ်စွာ… မျက်လုံးများမှေးမှိတ်ထားစဉ်…

"သားရေ…အရိပ် ဖုန်းဆိုင်ကတဲ့…ဖုန်းလာတယ်"

အရိပ် ဖုန်းဆိုင်…

ရုတ်တရက်ဖြစ်နေ၍ အာရုံကဝေဝေဝါးဝါး မမှတ်မိ။

"ဟာ…လာပြီ…မေမေ…လာပြီ"

သတိရလိုက်သည်နှင့် အိပ်ရာထဲက ဝုန်းခနဲထပြီးသား ဖြစ်နေသလို ဖုန်းထားရာ အောက်ထပ်ဆီသို့…အမြန်ပြေးဆင်းလိုက်ရ သည်။

www.burmeseclassic.com



မှောက်လျှက်ချထားသော ဖုန်းခွက်ကလေးကို ကမန်းကတမ်း ကိုင်ပြီး...

"ဟဲလို...သိဂီါရပြောနေပါတယ်..."

"အော်...လူကြီးမင်းမှာထားတဲ့ ပန်းအိုးနဲ့ပန်း ရနေပါပြီရှင်"

ကြည်လင်ပြတ်သားသောအသံလေးကို သဲသဲကွဲကွဲမှတ်မိနေ ခြင်းအတွက်...သူ့ကိုယ်သူ ကျေနပ်နေသည်။

"ကျေးဇူးတင်ပါတယ်...မ...."

တမင်...ရည်ညွှန်းမေးလိုက်ခြင်းဖြစ်မည်ကို... တစ်ဘက်က ...ရိပ်မိသည်ထင်...တိုးဖွဖွရယ်နေသံကြားရပြီးမှ

"လရိပ်ပြာ...ပါ"

သူ့စိတ်ထဲမှာတော့...လရိပ်ဖြူဆို...ပိုလိုက်ဖက်မယ်လို့... ချက်ချင်းတွေးပစ်လိုက်သည်။

ဟုတ်တယ်လေ...ဖြူနုစင်ကြယ်နေသောမျက်နှာလေးက... ဖြူစင်သောလရိပ်ပင်ဖြစ်သင့်သည် မဟုတ်လား...

"ကျွန်တော်...မကြာခင်အချိန်အတွင်း ရောက်လာပါ့မယ်"

တစ်ဘက်ကဖုန်းချသွားသံ...ကြားမှပင်...အသက်ရှူ သူသတိရလိုက်သလို...အသက်ဝအောင်ရှူပြီးပြုံးလိုက်သည်။





အံ့သြစရာကောင်းသည်က...အသံလေးတစ်ချက် ကြားရုံမျှ နှင့်ပင်...သူ့ရဲ့ရင်မောစရာများကို မေ့လျော့နည်းပါးစေနိုင်ခြင်းပင်...

ထိုစွမ်းအင်နှင့်ခံစားချက်မျိုးကို...သူ့အတွက် ပထမဆုံး အကြိမ် ရရှိလိုက်ခြင်းအဖြစ်...ပြည့်ပြည့်ဝဝ ရင်ခုန်လျက်...

လူနာများရဲ့ ရင်ခုန်နှုန်းကို အမြဲတမ်းနားထောင်ဆုံးဖြတ်ပေး နေကျ...သူ့ရဲ့ဦးနှောက်များက...သူ့ရဲ့ရင်ခုန်နှုန်းကိုလည်း ကြားနာစစ် ဆေးဆုံးဖြတ်ပေးနေလျက်...

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com



သူဝယ်လိုသောပန်းအိုးများကို…ကောင်တာပေါ်တွင် အစီအရီတင်ထားလျက်…

တစ်ခုတည်းရှိစဉ်က…လုပတောက်ကြွားခဲ့သည်ဟု ထင်ရသော်လည်း၊ ပုံစံတူလေးငါးခုတွေ့ရသောအခါ…အနည်းငယ် ခံစားမှု လျော့ပါးသွားသလိုပင်။

ဒါပေမဲ့…ပိုင်ဆိုင်လိုစိတ်ကတော့ရှိနေဆဲ…

ကောင်တာကစာရေးမလေးက သူ့ကိုမှတ်မိစွာ ပြုံးပြနေသည်။

"ဒါနဲ့…ဟိုတစ်ခါ ကျွန်တော်နဲ့လုဝယ်တဲ့လူရော လာယူသွားပြီလား…"





အရောင်းစာရေးမလေးက ခေါင်းခါပြပြီး

"ဟင့်အင်း…သူ့ဆီအကြောင်းကြားဖို့မလိုဘူးလို့ ပြောခဲ့တယ်လေ…"

"အော်…ဟုတ်သားဘဲ"

ကောင်းတယ်…လရိပ်ပြာနဲ့…သူ ပတ်သက်လိုသလို…နေဝန်းသစ်မှာ…အဲဒီခံစားချက်မရှိတာ…အကောင်းဆုံးပေါ့…

"ကျွန်တော်…မလရိပ်ပြာနဲ့ တွေ့ခွင့်ရမလား"

အရောင်းစာရေးမလေးက…သူ့တောင်းဆိုချက်ကြောင့် ကြောင်အမ်းအမ်းဖြစ်သွားသည်။ ပြီးမှ တဖြည်းဖြည်းပြုံးစိစိဖြစ်လာပြီး…

"ကျွန်မ…အကြောင်းကြားပေးပါမယ်"

ထူအမ်းအမ်းမျက်နှာကို…မျက်နှာပူစွာတပ်ဆင်ပြီး သူစောင့်နေလိုက်သည်။

"လူကြီးမင်း…ဝင်လို့ရပါပြီ"

ဒီလိုကိစ္စမျိုးမှာ…သူ့ရဲ့ဂုဏ်ဒြပ်တွေ ဘေးဖယ်ထားရခြင်းအတွက် စိုးစဉ်းမျှ စိတ်အနှောင့်အယှက်မဖြစ်မိ။



www.burmeseclassic.com

www.burmeseclassic.com



အရင်တစ်ခေါက်တုန်းက…ကိုယ့်ဘေးနှင့်ကိုယ်ဖြစ်နေ၍ … အခြားအပိုစိတ်ဝင်စားချက်မရှိ။

ဒီတစ်ခါတော့…သူ့ရည်ရွယ်ချက်ကပင် မရှိးသား၍…ဝင်ရသည်မှာ…ထူပူပူရှိန်းဖိန်းဖိန်းနှင့်…

ကျဉ်းသော်လည်း ရှင်းလင်းသပ်ရပ်နေသော ရုံးခန်းလေးက…သူ့ကိုအေးစက်စက်နှင့် ကြိုဆိုနေသည်။

"အော်…ဦးသိင်္ဂါရနော်"

သူ့ထက်အသက်ငယ်သော အမျိုးသမီးရှေ့မှာ သူ့အဖြစ်က…မလုံမလဲနှင့် ရပ်နေရသလိုပင်…

"ဟုတ်ပါတယ်…မလရိပ်ပြာကို…ကျေးဇူးတင်စကား ကိုယ်တိုင်ပြောချင်လို့ပါ"

မလိုအပ်သောကိစ္စကို…လိုအပ်သယောင်ဆောင်ရွက်နေရခြင်းလောက် စိတ်ကျဉ်းကျပ်စရာ မရှိသော်လည်း…သူ့အတွက်တော့ ထိုစိတ်ချက်ကိုပင်…လိုလိုလားလားဖမ်းဆုပ်နေမိသည်။

"ရပါတယ်…"

လရိပ်ပြာရဲ့တုန့်ပြန်မှုက အားရစရာမကောင်းလှသော်လည်း





…မိန်းမတစ်ယောက်ရဲ့စောင့်ထိန်းမှုအဖြစ်…ကျေနပ်နေမိသည်။

"ဟို…ကြုံတဲ့တစ်နေ့လည်း ကျွန်တော်…ပြန်ကူညီပါ့ယ်"

သူ့စကားကို…ခပ်ကြောင်ကြောင်နိုင်သွားပြီဟု… နောင်တနိမ့်လိုက်စဉ်…သူတွေးထင်မိသလိုပင်…လရိပ်ပြာက ပါးနပ်စွာပြုံးဆိုက်ပြီး…

"ရှင့်ဆီကအကူအညီယူဖို့…ကျွန်မ မျှားပေးရမလိုဖြစ်နေပြီ"

ရှက်အမ်းအမ်းနှင့်သူရယ်လိုက်ပြီး၊ လရိပ်ပြာဆီက…စိတ်ဆိုးမတွေ့ရ၍…ရင်ထဲပေါ့သွားသည်။

ဆက်နေချင်သေးသော်လည်း…ဆက်နေလျှင် စကားပြောကျွမ်းကျင်သော သူ့ရဲ့ရွှတ်ယှင်းမှုကြောင့်…နောက်ထပ် ရယ်စရာသာဖြစ်လာနိုင်သည့်မို့…

"ကျွန်တော့်ကို ခွင့်ပြုပါဦး…မလရိပ်ပြာ"

"ဟုတ်ကဲ့…ကောင်းပါပြီ"

အကြိမ်ကြိမ် ဆရာဝန်ဖြစ်ခဲ့သောသူက…ဒီတစ်ကြိမ်…လူနာဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်တယ်လေ…ရုံးခန်းထဲကအထွက် သူ့ရဲ့အင်အားတွေက ချည့်နဲ့စွာ…ရင်ခုန်နှုန်းမြန်နေခြင်းက ပုံမှန်မဟုတ်…ပြီးတော့…တံတွေး သီးနေသည်။

❀❀❀





သူ့ဆေးခန်းနားမှာ…အပြိုင်ဆေးခန်းတွေလာဖွင့်သဖြင့် … ဆေးခန်းဝင်ငွေက သိသိသာသာလျော့သွားသည်။

ဒီကြားထဲ ဆရာဝန်ထက်ပို၍…အစွမ်းထက်သယောင် တတ်ယောင်ကားပြောနေကြသော ဆေးရောင်းသူများကလည်း…ဆေး ခန်းနားတွင်အစီအရီ…

ပြိုင်ဘက်ဟု သတ်မှတ်ရလောက်အောင်လည်း…သူ့ အားအက်အရည်အချင်းမရှိပဲ…ဖျစ်ဖျစ်နှစ်နှစ်ပင် နှိမ်ချတွေးမိလိုက်သေး သည်။

ဘာဘဲဖြစ်ဖြစ် ဆေးခန်းမှာ သူမပျော်တော့…



www.burmeseclassic.com

www.burmeseclassic.com



လူနာအလာစောင့်နေရခြင်းအတွက်...ယခင်ကဘယ်လိုမှ အတွေးမဝင်မိသော်လည်း...ယခုချိန်တွင်တော့ သူ့အပေါ်ယုံကြည်မှု နည်းသွားကြလေသလား...ဟုပင် စိုးရွံ့စွာတွေးမိနေတတ်သည်။

အရင်းနှီးဆုံးသူငယ်ချင်းတစ်ယောက်ကို ထိုအကြောင်းပြော မိစဉ်...ထိုသူငယ်ချင်းက...သူလုပ်နေသောပုဂ္ဂလိကဆေးရုံတစ်ခုတွင် ဆရာဝန်လိုနေသဖြင့်...သူ့ကိုလုပ်ရန် တိုက်တွန်းလေသည်။

အထူးကုမဟုတ်သည့် သာမန်ဆရာဝန်တစ်ယောက်အတွက် ...လခကောင်းကောင်းပေးသဖြင့်...သူစိတ်ဝင်စားသွားသည်။

ပြီးတော့...အချိန်ပြည့်မဟုတ်...အချိန်ပိုင်းဖြစ်၍ ဆေးခန်း တစ်ခုလောက်ပင် ထပ်ထိုင်နိုင်သေးသည်။

သူစိတ်ဝင်စား၍...အလုပ်နှင့်ပတ်သက်သော စာရွက်စာ တမ်းအပြည့်အစုံယူကာ...ပိုင်ရှင်နှင့်တွေ့ဆုံရန် လာခဲ့လိုက်သည်။

''ငါ...ပြောပြတော့...ဦးစန့်လူက သဘောကျသွားတယ် ...အလုပ်ကတော့သေချာသွားပြီ၊ ဒါပေမဲ့ အလုပ်သဘောအရ... ပိုင်ရှင်နဲ့တော့သွားတွေ့လိုက်ဦး...အချိန်တွေ လစာတွေ ထပ်ညှိချင်ရင် ညှိပေါ့''





သူငယ်ချင်း၏ထောက်ခံမှုဖြင့်...''သစ္စာ''အမည်ရှိသော ဆေးရုံသို့... ထွက်လာခဲ့လိုက်သည်။

သူ့အဖေက သူ့ရဲ့မငြိမ်မှုအတွက် ဗျစ်တောက်ဗျစ်တောက် အဖြစ်တင်ရင်း ကျန်ရစ်ခဲ့သည်။

''အလုပ်တစ်ခုကို တည်တည်မြဲမြဲမှမလုပ်ချင်တာ...ဟို ပြောင်းလိုက်...ဒီပြောင်းလိုက်နဲ့...မင်းကို...အားမရတာ...အဲဒါ ကွာဘဲ...''

အရင်ကဆိုရင်...ဒီစကားအတွက် ထူးထူးခြားခြားနာမိမည် မဟုတ်။ သူတစ်ယောက်တည်းကိုသာ ဦးတည်ပြောခြင်းအဖြစ်... အာနုပ်စွာခံယူမိမည်ပင်...

ဒီတစ်ခါတော့...သူနဲ့အတူ ဝက်ကောင်တစ်ယောက်ကို ချည်တွဲနှိမ့်ချလိုက်သလို...ခံစားလိုက်ရသည်။

ပြန်ပြောရင်လည်း...အကြောက်တိုက်မနာလိုမှုများနေသည့် သူ့အထင်သေးခြင်းမင်း ထပ်ရနိုင်သေးသည်မို့...ဘာမှမေးစကားမတက် တော့။

သူ့ကိုယ်သူ...ပြန်ဆန်းစစ်မိစဉ်...ရေဝန်းသစ်ကို ယှဉ်ပြိုင်ရန် မှုန်ညှိုးသွားသလိုပင်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့…အလျှော့ပေးလို့မဖြစ်၊ ပညာဂုဏ်နှင့်စည်ဝင်သောအသိုင်းအဝိုင်းကြားတွင် ရှိနေသူ…

နေဝန်းသစ်ကရော…မတောက်တခေါက်ဘွဲ့လေး တစ်ခုနှင့် ငွေကြေးကလွဲပြီး…ဘာရှိသေးလို့လဲ…

သူ့ကိုယ်သူအားပေးပြီး…ကားကိုခပ်မှန်မှန် မောင်းလာလိုက်သည်။

❀ ❀ ❀





ဆရာဝန်တစ်ယောက်ဟုသော ဝိသေသကြောင့်…သူ့အတွက်ဆောင့်ဆိုင်းစရာ…စိတ်အနှောင့်အယှက်ဖြစ်စရာများ မကြုံခဲ့ရ။ တံခါးအားလုံးအလွယ်တကူဖွင့်ပြီး…သူ့ကိုကြိုနေသည်။

ဒီလောက်အဆင်ပြေနေသောအလုပ်ကို…နှစ်သက်စွာဖြင့်…လုပ်မည်…ဟု…သံဓိဋ္ဌာန်ချပြီး ဖြစ်နေသည်။

ဆေးရုံပိုင်ရှင်ရဲ့ ရုံးခန်းအဝရောက်သည့်အထိ သူ့ဆုံးဖြတ်ချက်က မပြောင်းမလဲ ခိုင်မာစွာရှိဆဲပင်။

သို့သော်…မှန်တံခါးကိုအဖွင့်…ခမ်းနားထည်ဝါသော ရုံးခန်းထဲက…လူတစ်ယောက်ကိုတွေ့လိုက်ရချိန်တွင်–

"နေဝန်းသစ်"

(သူ့ဝင်အလာကို တမင်စောင့်နေဟန်ရှိသော နေဝန်းသစ်က…အံ့သြနေသောသူ့ကို…စီးပိုးကျွမ်းကျင်စွာ…ပြုံး၍ဆီးကြိုနေသည်။

တတ်နိုင်လျှင်မှန်တံခါးကို ချက်ချင်းတွန်းဖွင့်ပြီး ပြန်ထွက်သွားလိုက်ချင်သည်။

သို့သော်…ဟန်ကိုယ်ဖို့ လိုအပ်သောကြောင့် ပြန်မထွက်ဖြစ်ဘော့…



www.burmeseclassic.com

www.burmeseclassic.com



"လာပါ…သိင်္ဂါရ…အလုပ်အသစ်ဝင်မယ့် ဆရာဝန်အသစ်က…မင်းဖြစ်နေတာ…စောစောကမှ…ငါသိတယ်"

ခွင့်မတောင်းဘဲ…နေဝန်းသစ်ရှေ့ရှိ ခုံပေါ်တွင် ဝင်ထိုင်လိုက်သည်။

မထူးဆန်းသော မျက်နှာပေးကို…ချက်ချင်းပြောင်းတပ်လိုက်ပြီး…

"မင်းက…မိုင်ရှင်လား"

"ဆိုပါတော့…မန်နေဂျင်း အသစ်စက်စက်ပေါ့"

မသိမ်ငယ်လိုက်စမ်းနဲ့…သူဟာ…တစ်ချိန်က မင်းတို့အိမ်ရဲ့ အစေအပါးနော်…

ဒီအချက်နဲ့ပင်…သူ့အားတင်းနိုင်လိုက်သည်။

"ဒီဆေးရုံရဲ့ရှယ်ယာဝင်တွေထဲမှာ…ငါ့ရှယ်ယာ အများဆုံးလေ…"

ဝန်ခံလိုက်ခြင်းဘဲဖြစ်ဖြစ်…သူကတော့…ကြွားနေသည်ဟုဘဲ…ခပ်ချဉ်ချဉ်သတ် မှတ်လိုက်သည်။

"မင်းပျော်မှာပါ…တို့ဆေးရုံက…မင်းကို လှိုက်လှိုက်လှဲလှဲကြိုဆိုပါတယ်"





သူ…ခြောက်ကပ်ကပ်ရယ်လိုက်ပြီး…

"ဒီဆေးရုံမှာ…မင်းရှိတယ်ဆိုတာ မသိခင်တုန်းကတော့…ဒီအလုပ်ဝင်မလို့ဘဲ…ခုတော့…ငါစိတ်ပြောင်းသွားပြီ…"

သူ့စကားအဆုံး…ထိုင်ခုံနောက်မှီထားသောနေဝန်းသစ်က…စားပွဲပေါ်သို့…လက်ထောက်ရင်း ကိုယ်ကိုကိုင်းချလိုက်ပြီး

"ဘာလဲ…ငါရှိနေလို့လား"

အရှုံးမပေးသောအပြုံးကို…ပြည့်ပြည့်ဝဝဖန်တီးယူလိုက် ပြီး

"အင်း…မင်းလက်အောက်မှာ…ငါဘယ်တော့မှ အလုပ်မလုပ်နိုင်ဘူး"

"ဟား…ဟား…ဟား"

သူ့စကားအဆုံး နေဝန်းသစ်က…အားပါးတရ ရယ်လိုက်သည်။

ဒီရယ်သံက…ကျေနပ်အားရစွာရယ်နေတဲ့ရယ်သံဆိုတာ သေချာနေသည်။

"ငါက…မင်းကို ဆရာဝန်တစ်ယောက်ဆိုပြီး အထင်ကြီးနေတာ…လက်စသတ်တော့…မင်းက ကလေးဆန်နေတုန်းကိုး"

www.burmeseclassic.com

www.burmeseclassic.com



အလျော့မပေးနိုင်တာကို ကလေးဆန်တာလို့သတ်မှတ်ရင်… ဝန်းအိုးကိစ္စမှာကတည်းက…မင်းလည်းကလေးဆန်ခဲ့တာဘဲ…

ဒါတွေ…သူထည့်မပြောချင်တော့

“မင်းလုပ်လုပ်မလုပ်လုပ်…ကိစ္စမရှိပါဘူးလေ ဒါပေမဲ့… မင်းမိသားစုအတွက်…ငါ့ဆေးရုံက လိုအပ်တဲ့အကူအညီရှိရင် တောင်းပေါ့”

မကြာခင်ကပင် လရိပ်ပြာကို သဘောရိုးနဲ့ ဒီအဓိပ္ပါယ်မျိုး သူပြောခဲ့သေးသည်။

ခုတော့…ချက်ချင်းသူဝင့်လည်လေပြီ…

သူ့မိသားစုကို ကျိန်ဆိုလိုက်ခြင်းဟုပင်…နာနာကျင်ကျင် တွေးမိလိုက်သည်။

နှုတ်မဆက်ဘဲ ထိုင်ရာမှ ထလိုက်စဉ်…

နေဝန်းသစ်ရဲ့…စကားတိုင်းက…သူ့ကို…ဆူးချွန်တွေနဲ့ ပစ်ပေါက်နေသလို…ခံရခက်နေသည်။

ဒီကျိန်စာတွေပါနေတဲ့စကားတွေကြောင့်…သူနဲ့ပြန်ဆုံနေရတာဘဲဖြစ်မှာပေါ့။





ဒီဆေးရုံလောင်းရိပ်မှ လွတ်ကင်းသွားတော့မှပင် သူ့အတွက် အသက်ရှုရန်လေက အလုံအလောက်ရရှိလာသည်…

နေဝန်းသစ်ပြတင်းပေါက်မှ ကြည့်နေနိုင်သေးသည်ဟူသော အတွေးဖြင့်…သူ့ခေါင်းကိုမငုံ့ရဲ၊ ပခုံးကိုမလျော့ရဲ…

ခေါင်းမော့မော့…ရင်ကော့ကော့ဖြင့်သာ…သူထွက်လာခဲ့သည်(ရှုံးလာခဲ့ခြင်းတော့မဟုတ်)။

❀❀❀



www.burmeseclassic.com

www.burmeseclassic.com



"သားရေ…မနက်ကျရင်…မေမေ့ကို…သင်တန်းလိုက်ပို့ပေးဖို့စောစောထရမယ်နော်…"

စာဖတ်နေသော သူ့အခန်းထဲသို့ မေမေဝင်လာပြီးပြောမှ…နေ့ခင်းက…သူ့ရဲ့အဖြစ်အပျက်ကို ပြောပြချင်နေမိသည်။

အမြဲတမ်း မေမေရဲ့ယုံကြည်မှုကို ရခဲ့သောသူ့အတွက် မေမေ့ဆီမှာသာရင်ဖွင့်ချင်နေမိသည်။

"ဟုတ်ကဲ့…မေမေ…အန်တီသက်တို့အိမ်က… ကားမှာနေလို့လား"

ခါတိုင်း မေမေ့သူငယ်ချင်း အန်တီသက်ကားနှင့် ဝင်ခေါ်နေကြဖြစ်၍ မေးလိုက်စဉ်…





"ဟုတ်တယ်…မေမေတို့တောင်…သက်ကိုဝင်ကြိုပေးရဦးမယ်"

အသက်ငါးဆယ်စွန်းခါစ…မေမေသည်…ကျန်းမာရေးဟူသော အကြောင်းပြချက်ဖြင့် အားကစားသင်တန်းသို့…တစ်ရက်ခြားသွားလေ့ရှိသည်။

ဖေဖေ နေကောင်းစဉ်က…ဒီတာဝန်ကိုမညီးမညူလုပ်ခဲ့ပေးသော်လည်း…ဖေဖေ့ကျန်းမာရေးမကောင်းချိန်တွင် မေမေ့ကို…ကစားစေချင်ပုံမရတော့…

ဒါပေမဲ့…မေမေကတော့…ဆက်ကစားမြဲ…

သူ့စိတ်ထဲတွင် ဖေဖေနဲ့မေမေ…ကြားတွင် အကွာအဝေးတွေရှိနေသလို ခံစားနေရသည်။

တစ်ခါတလေ…ငေးငေးငိုင်ငိုင်ကြီးနေတတ်သောဖေဖေ့ကိုမြင်လျှင်…သူ့စိတ်မကောင်းဖြစ်မိသည်။

အမြဲတမ်းသွက်လက်တက်ကြွနေသော ဖေဖေ့စိတ်တွေကို…မလိုက်နိုင်သောခန္ဓာကိုယ်က…ဆန္ဒတွေကိုရိုက်ချိုးထားသည်။

မေမေ့ကို သင်တန်းပို့ပေးရန် ပျင်းရိလေးတွဲ့စွာ…အိပ်ရာမှ

www.burmeseclassic.com



ထခဲ့ရသော်လည်း…သင်တန်းသို့ရောက်သည်နှင့်…ပျင်းရိနေသောစိတ်များက လန်းဆန်းတက်ကြွသွားရသည်။

“လရိပ်ပြာ”

သူကဲ့သို့ပင်…အိတ်တစ်လုံးကိုကိုင်၍ ကားထဲမှဆင်းလာသောလရိပ်ပြာ…

သူ့ခေါ်သံကြောင့်…ကားတံခါးဖိုပိတ်ရင်း…သူ့ဆီလှမ်းကြည့်သည်။

မှတ်မိပါ့မလားဟု…ချက်ချင်းစိုးရိမ်သွားမိသော်လည်း…

“အော်…ကိုသိင်္ဂါရ”

သူ့နာမည်ကိုပါ တွဲဖက်မှတ်မိနေ၍ ကျေနပ်လွန်းစွာ…

“လာကစားတာလား”

သူ့ကိုရည်ရွယ်ရင်းမေးလိုက်ခြင်းဖြစ်၍…

“မဟုတ်ဘူး…ကျွန်တော့်မေမေကိုလာပို့တာ…လရိပ်ပြာရော”

မို့မို့စင်စင်မျက်နှာလေးက…မျက်လုံးပိတ်လုမတတ်အားပါးတရပြုံးရင်း…





““မဟုတ်ဘူး…ကျွန်မက…ဆော့ရမှာသိပ်ပျင်းတာ…မေမေ့ကိုလာပို့ပေးတာလေ”

သူတို့နှစ်ယောက်စကားပြောနေစဉ်…မေမေက လရိပ်ပြာမေမေကိုနှုတ်ဆက်နေလျက်…

စကားတပြောပြောနှင့် အဝတ်ထည့်ထားသောအိတ်ကို…ပေးပို့ပေးလိုက်ပြီး…

“အပြန်တစ်ခုခု…စားရအောင်”

သူ့ဖမ်းလှမ်းချက်က…အချိန်အနေအထားအရ ကွက်တိပင်…ဒါ Breakfast စားရသောအချိန်ဖြစ်၍…လရိပ်ပြာ…လက်ခံမည်ဟု…ပုံသေပင်တွက်ထားလိုက်သေးသည်။

“အင်း…မဆိုးဘူး”

ဒီနံနက်ခင်းကို…ကြည်နူးစွာဖြတ်သန်းရလိမ့်မည်ဟု… စိတ်ထဲမှာမြူးခဲ့ရသော်လည်း…

❀ ❀ ❀



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



နံနက်စာကောင်းကောင်းရသော…ဆိုင်လေးတစ်ခုစီသို့ သူ့ကားလေးကရှေ့ကဦးဆောင်ပြီး ထွက်ခဲ့သည်။

နောက်ကကပ်ပါလာခဲ့သော ကားလေးကိုပင်ပျောက်သွားမှာစိုး၍…နောက်ကြည့်မှန်မှ မျက်လုံးများကိုမခွာရဲ…

သူ့ကိုယ်သူရယ်ချင်နေသလို…ထူးခြားသောခံစားချက်အတွက်လည်း…ဗွေးထွေးပေါ့ပါးနေသည်။

ကားကိုသင့်တော်သောနေရာတွင်ရပ်ပြီး လရိပ်ပြာကို စောင့်နေလိုက်သည်။





"ဒီဆိုင်မှာ…ကျွန်မလည်း…မကြာခဏလာစားဖြစ်တယ်"

သူ့အနားသို့လျှောက်လာရင်းနှင့် လရိပ်ပြာကပြောသည်။

အကြိုက်ချင်းတူနေသည်ကို တိုက်ဆိုင်မှုအဖြစ်မသတ်မှတ်ဘဲ ကံကြမ္မာကတမင်ဖန်တီးပေးမှုဟုပင်…လက်ခံထားလိုက်မိသည်။

မီးခိုးဖျော့ဖျော့ တိုရှပ်ပွပွနှင့် ဆံပင်များကိုညပ်ကလစ်အကြီးကြီးနှင့် နောက်တွင်ကပိုကရိုစုတင်ထားပုံက ပန်းအိုးဆိုင်လေးတွင်တွေ့ခဲ့ရသော မျက်နှာထန်ထန်ဆိုင်ပိုင်ရှင်ပုံစံနှင့် ခြားနားလွန်းစွာ…

လူများနေသဖြင့်…လွတ်နေသောနေရာကို ရှာပြီး…ထိုင်လိုက်ကြသည်။

ထပ်ပြီး ထူးဆန်းနေသည်က…သူကြိုက်သောဆီထမင်းနှင့်ငါးခြောက်ဆီဆမ်းကိုသာ လရိပ်ပြာကကြိုက်ခြင်းပင်…

နှစ်ယောက်စလုံးရဲ့ အကြိုက်ချင်းတူနေတာကြောင့်…သူကနှစ်ခြိုက်စွာ ရယ်လိုက်သည်။

လရိပ်ပြာကတော့…သာမန်အသေးအဖွဲ တိုက်ဆိုင်မှုတစ်ခုလို…သဘောထား၍…ရက်ပြုံးလေးပင်မပြုံး။

www.burmeseclassic.com



"အစ်ကို…အစ်ကိုတို့မှာတဲ့ ဆီထမင်းမရတော့ဘူး…ကုန် သွားပြီ"

စားပွဲထိုးလေးကအကျိုးအကြောင်းလာပြောစဉ်…

လရိပ်ပြာက စားချင်တာမစားရသောကလေးငယ်လို…နှာခေါင်းလေး ရှုံ့ပြီး အလိုမကျဖြစ်သွားသည်။

"နည်းနည်းဘဲနောက်ကျသွားတယ်…စောစောကတစ်ပွဲ ရှိသေးတယ်…ဟိုဘက်ဝိုင်းကအစ်ကိုကြီး မှာထားလို့"

ကံထူးရှင်ကို…သူရော…လရိပ်ပြာပါ…လှမ်းကြည့် လိုက် စဉ်…

သူနဲ့ကပ်လျက်ဝိုင်းတွင် ထိုင်နေသော လူတစ်ယောက်…

အမြဲတမ်း…မသန့်စင်သည့်အပြုံးကို တင်ထားတတ်သည့် နေဝန်းသစ် ဖြစ်နေသည်။

"တစ်ခုခု ပြောင်းမှာတာပေါ့"

စိတ်အနှောင့်အယှက်ဖြစ်သွားပြီဖြစ်၍ ဖြေဖျောက်ရန် အခြား အစားအသောက်ကိုမှာရန် စိတ်ကူးလိုက်သော်လည်း…

"စားချင်ကာမှ…ကုန်သွားတာနဲ့လာတိုးနေတယ်"



BURMESE CLASSIC



မကျေမလည်ညည်းနေရှာသောလရိပ်ပြာရဲ့ ဆန္ဒကို သူဘယ် လိုဖြည့်ပေးရပါ့…

"ကောက်ညှင်းပေါင်းနဲ့ ငါးခြောက်ကြော် ပြောင်းမှာပေးပါ"

စားပွဲထိုးလေးကို သူပြောင်းမှာလိုက်စဉ်…သူတို့အခြေအနေ ကိုကြားသိနေသောနေဝန်းသစ်က…ကျေနပ်စွာပြုံးနေကြောင်းတွေ့ရ သည်။

မျက်နှာချင်းဆိုင်အနေအထားဖြစ်နေ၍ နေရတာ…အနေခက် လှသည်။

မမြင်ချင်ဘဲနဲ့ မြင်နေရသလိုမျိုးပေါ့…

ရွံစရာကောင်းသောသတ္တဝါတစ်ကောင်ကို ကြည့်နေသလိုမျိုး သူ ပြန်ကြည့်ပစ်လိုက်သည်။

ထိုစဉ်…

"ကျွန်တော့်ကို မှတ်မိလားမသိဘူး"

နေရာမှထလာပြီး…လရိပ်ပြာကို လာနှုတ်ဆက်နေသည်။

ခေါင်းငုံ့နေသော လရိပ်ပြာက…နေဝန်းသစ်အသံကြောင့် ခေါင်းမော့လိုက်ပြီး သေသေချာချာကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူသာ လူကဲခတ်ညံ့သူမဟုတ်သဖြင့်…လရိပ်ပြာရဲ့မျက်လုံးထဲမှာ…မှတ်မိနေသော အရိပ်တွေရှိနေတာ…မြင်နေရသည်။

“အော်…မှတ်မိတယ်”

အရေးထဲ…လရိပ်ပြာကို ဖော်ရွေလွန်းနေသည်ဟု…အပြစ်တင်နေမိပြန်သည်။

“တော်ပါသေးရဲ့…ကျွန်တော်က နှုတ်သာဆက်လိုက်ရတယ်…မမှတ်မိရင်တော့အရှက်ကွဲပြီလို့ တွေးပူနေမိသေးတယ်”

နေဝန်းသစ်ရဲ့စကားတွေကို Simple မဖြစ်မှန်း သူသိနေသည်။

“မင်းက…မလိုအပ်ဘဲ…စွန့်စားနေတာကိုး”

မဆီမဆိုင် ဝင်၍အပြစ်တင်လိုက်မိသော်လည်း သူ့ကို နေဝန်းသစ်က ငဲ့စောင်း၍ပင်မကြည့်။

လူကြီးလူကောင်းမပီသလိုက်မိသော သူ့ကိုယ်သူပင် အပြစ်တင်ရတော့သည်။

“ကျွန်မမှာ မဖြစ်ဘူးတဲ့အတွေ့အကြုံတစ်ခုကို ကျွန်မဘယ်မေ့ပါမလဲ”





နှစ်ယောက်လုံးကို သိမ်းကျုံးကြေည့်ပြီး လရိပ်ပြာက ပြောလိုက်ခြင်းဖြစ်သည်။

သူတို့စကားပြောနေကြစဉ်…စားပွဲထိုးလေးက…တစ်ပွဲတည်းသာကျန် သော…ဆီထမင်းပန်းကန်ကို…နေဝန်းသစ်ထိုင်ခဲ့ရာနေရာသို့ သွားပို့ ပေးတာတွေ့လိုက်စဉ်…

“ဒီမှာ…ဒီဝိုင်းကိုပို့ပေးပါ”

မတ်တတ်ရပ်လျက်ပင် စကားပြောနေဆဲဖြစ်သော နေဝန်းသစ်က… စားပွဲထိုးကိုလှမ်းပြောလိုက်ခြင်းဖြစ်သည်။

ဒုက္ခဘဲ…သူတို့ရဲ့ ငြိမ်းချမ်းရိပ်မြုံကို အနှောင့်အယှက်တစ်ခု ဝင်လာဦးမည်ပေါ့…

နေဝန်းသစ် ဝင်ထိုင်လေမည်လားဟု…စိတ်ပျက်စွာ တွေးမိစဉ်…

နေဝန်းသစ်က လာချပေးသောဆီထမင်းပန်းကန်ကို လရိပ်ပြာ ရှေ့သို့…အသာချပေးရင်း…

“ကျွန်တော်နဲ့ အကြိုက်ချင်းတူနေတော့…ကျွန်တော်အလျှော့ပေးရမှာပေါ့…မလရိပ်ပြာဘဲ…စားလိုက်ပါ…ကျွန်တော် တခြား မှာစားလိုက်ပါမယ်”



www.burmeseclassic.com

www.burmeseclassic.com



နေဝန်းသစ် စေတနာက…သူ့ကိုစော်ကား ရိုက်ချိုးလိုက်သလို…ခံရခက်လှသည်။

တတ်နိုင်လျှင်…ထိုပန်းကန်ပြားကို…ပေါက်ခွဲပြီး လရိပ်ပြာရဲ့လက်ကိုဆွဲကာ…နေဝန်းသစ်ရှေ့မှ တစ်ဟုန်ထိုး ထွက်သွားလိုက်ချင်သည်။

“ဟာ…မဟုတ်တာဘဲ…”

လရိပ်ပြာက…အားနာစွာငြင်းဆိုသည်…သူကမျက်စိရှေ့တည့်တည့်အဖြစ်အပျက်ကို မမြင်သလို၊ မကြားသလို ပြုနေရသည်။

“စားလိုက်ပါ…ကျွန်တော်…နောက်နေ့မှဘဲ လာစားတော့မယ်”

ဆက်ရှိနေလျှင်…လရိပ်ပြာဆက်ငြင်းနေမှာ စိုးရိမ်၍လားမသိ…နေဝန်းသစ်က…လှည့်ပြန်ရန် ပြင်လိုက်သည်။

“နောက်တွေ့ကြသေးတာပေါ့”

ဒီတစ်ခါတော့…လရိပ်ပြာကို ရည်ရွယ်ပြောဆိုခြင်း ဖြစ်ပေလိမ့်မည်။ ဒါပေမဲ့…သူကတော့…ဒီစကားစုကို မကြားချင်ဆုံးဖြစ်နေသည်။





“ဟုတ်ကဲ့…ကောင်းပါပြီ”

ရည်မွန်ပါးနပ်စွာဖြင့် လရိပ်ပြာက ပြန်နှုတ်ဆက်လိုက်စဉ်…နေဝန်းသစ်က…သူ့ကိုတစ်ချက်လှည့်ကြည့်သည်။

အဓိပ္ပါယ်က…

မင်း မတတ်နိုင်တာကို ငါဖြည့်ဆည်းနိုင်တယ်…ဟူသော…ခပ်ကြောကြောအကြည့်ပင်…

ချက်ချင်းအကြည့်လွှဲပြီး…လာချပေးသော ကောက်ညှင်းပေါင်း ဖြူဖြူမွမွကိုသာ ဇွန်းနှင့်ထိုးချလိုက်သည်။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com



သူ့ဖုန်းလာနေသည်ဟု…မေမေလာခေါ်သဖြင့် ဖေဖေ့ကို Pressure တိုင်းပေးနေခြင်းကို လက်စသတ်လိုက်ပြီး…ဖုန်းဆင်းနား ထောင်လိုက်စဉ်…

“ဟဲလို…သီဂီရ…ပြောနေပါတယ်ခင်ဗျာ”

သူဖုန်းထူးသံအဆုံး…တစ်ဘက်ကရယ်သံကို ကြားလိုက် ရပြီး…

“မင်း…ဘယ်တုန်းက…ဒီလို…ရို့ကျိုးတတ်သွားတာလဲ”





ချက်ချင်းပင် ဦးနှောက်အသိက…နေဝန်းသစ်အသံဖြစ် ကြောင်း မှတ်မိလိုက်သည်။

“အပိုလုပ်မနေနဲ့…ဘာကိစ္စနဲ့မင်း ဖုန်းဆက်တာလဲ”

သူ့စိတ်ထဲမှာ…သူ့အိမ်က အလုပ်သမားတစ်ယောက်အနေ ဖြင့် ပို၍မမြင်မိ…

“အော်…ငါ…အမေများကပ်လာယူလို့ရပြီလားဆိုတာရယ် …မင်းနဲ့ စကားပြောချင်တာရယ်ကြောင့်ပါ”

“သွားစမ်းပါ”

“အေး…မင်းအမေများကပ် လာမယူသေးလို့ ဖေဖေတောင် …စောစောကလေးတင် ပြောနေသေးတယ်”

“အော်…အော်…ဒါဆို ငါမနက်ဖြန်လာယူမယ်…ဒါနဲ့ …မနက်က ကောင်မလေးကို မင်းစိတ်ဝင်စားနေတာလား”

သူ့ကိုစကားပြောလိုခြင်းသည် အလာပ သလာပမဟုတ်မှန်း …ပို၍သေချာသွားသည်။

“မင်းနဲ့ မဆိုင်ပါဘူး”

“ပြောလို့ရမလားကွ…ဆိုင်ချင်ဆိုင်သွားမှာပေါ့… ကောင် မလေးက…လှတယ်နော်…ဖူးဖူးစင်စင်လေးကွ”



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းတက်စဉ်တုန်းက…ယောက်ျားလေး သူငယ်ချင်းများ စုမိလျှင်…မိန်းကလေးတွေရဲ့အလှအကြောင်း ပါးစပ်အရသာခံ ပြောကြလျှင်…ကန့်ကွက်သူက…အမြဲ 'သူ' ပင်

အခုလည်းကြားရပြန်ပြီ…

"မင်း…လရိပ်ပြာနဲ့ ဝေးဝေးနေစမ်းပါ…ဟိုက…မျိုးရိုးဂုဏ်အမြင့်တွေ…မင်းလို မိဘမဲ့တစ်ကောင်ကြွက် မဟုတ်ဘူး"

အရင်ကလို…နှိမ်နှိမ်ချချ…ဖိနှိပ်ပြောလိုက်စဉ်…နေဝန်းသစ်ရဲ့အရင်ကလိုပင်…မျက်နှာနီနီနှင့်အသက်ရှူသံပြင်းပြင်းကို…မြင်ရကြားရမည်ဟု ထင်မိသော်လည်း…

"တစ်ကောင်ကြွက်ဘဝက သိမ်ငယ်စရာမှမဟုတ်တာ…ငွေစရာ…ထောက်ထားစရာမရှိ…ဘဝရဲ့လုပ်ချင်တာ မှန်သမျှကို…အနှောင်အဖွဲ့လွတ်လွတ်နဲ့တောင် လုပ်နိုင်သေးတယ်…မင်းလိုဖြူဖပ်ဖြူရော်…ခပ်နွဲ့နွဲ့ကောင်မျိုးအတွက်တော့…အသိုင်းအဝိုင်းလိုမှာပေါ့"

နေဝန်းသစ်ရဲ့ ဝေဖန်မှုကိုကျတော့ သူကခံပြင်းဒေါသဖြစ်ရွာ…သူ့ရဲ့ချွတ်ယွင်းချက်ထဲမှာ…အရာရာကို ခေါင်းအေးအေးနဲ့ မစဉ်းစားခြင်းလည်းပါသည်။





သူ့ရဲ့…ဒေါသကို နေဝန်းသစ်ကြားလိုက်ရပြီမို့ ထိချက်ပြင်းသောစကားများအတွက် အားရစွာရယ်နေသည်။

ဖုန်းချလိုက်သူအစ်ကိုက မပြောဘဲနဲ့သိနေကြ၍…ဖုန်းလည်းချဖြစ်…

"ဘယ်လိုလဲ…မင်း…ကောင်မလေးကို တော်တော်ကြွေနေတယ်ထင်တယ်…မင်းနဲ့ငါက…ဘာဖြစ်လို့ခုချိန်ထိ…ရည်းစားမရသေးပါလိမ့်…ဒါပေမဲ့…တိုက်တိုက်ဆိုင်ဆိုင်…ဒီကောင်မလေးကိုကျတော့…"

"ဟိုတ်ကောင်…မင်းပါးစပ်ပိတ်တော့…ငါပြောပြီးသား လရိပ်ပြာနဲ့ မင်းနဲ့မတန်ဘူး…"

သူ့ဘက်ကဒေါသနှင့်ပြောနေသော်လည်းနေဝန်းသစ်ဘက် က အရယ်မပျက်…

"တန်တယ် မတန်ဘူးဆိုတာ ကာယကံရှင်က ဆုံးဖြတ်လိမ့်မယ်…လောလောဆယ်တော့…ငါ…ဒီကောင်မလေးအချစ်ကို ရဖို့ကြိုးစားမယ်ဆိုတာ…မင်းကိုအသိပေးတာ…ဒါပဲနော်…"

ဒါ…အသိပေးတာမဟုတ်ဘူး…နေဝန်းသစ်



www.burmeseclassic.com

www.burmeseclassic.com



စိန်ခေါ်တာ…မဟုတ်လား…

ဖွန်းချသွားပြီဖြစ်သည့်နေဝန်းသစ်စကားများကြောင့်… သူ့ရပ်တည်ရှုမရ…

ယခုပင်…လရိပ်ပြာဆီအပြေးသွားပြီး အချစ်များစွာကို…သိမ်းဆည်းယူငင်ထားလိုက်ချင်သည်။

အချစ်နှင့်ပတ်သက်သော လောဘသည် ကြီးကောင်းသည့်အရာအဖြစ် ခံယူထားသည်။

❀❀❀





သူ့အမေဆီမှသိရသော လရိပ်ပြာရဲ့အခြေအနေများကြောင့်…သူတစ်ကွက်ပို၍ အားသာနေပြီဟု ကျေနပ်နေမိသည်။

လရိပ်ပြာရဲ့ပညာအရည်အချင်း၊ ကျောင်းချိန်၊ ဆိုင်ထိုင်ချိန်နှင့်အကျင့်စရိုက်တစ်ချို့ကိုပါ သိခွင့်ရထား၍ သူ့အတွက်ခြေလှမ်းများကိုနှစ်တကျစီစဉ်ရုံသာ…

မနက်ပိုင်းကျောင်းတက်၍ ညနေပိုင်းဆိုင်ထိုင်တတ်သည်ကို…သိထားသဖြင့်၊ ညနေပိုင်းဆေးခန်းမထိုင်ခင်အချိန်ကို လရိပ်ပြာအတွက် ရွေးချယ်ထားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့ကို ခပ်နွဲ့နွဲ့ကောင်ဟု...ပြောခံထားရသည်ကို သိထားသဖြင့်...မှန်ထဲမှာမြင်နေရသော သူ့ကိုယ်သူပြန်ဆန်းစစ်ကြည့်မိလိုက်သည်။

အသားဖြူဖြူနှင့် မျက်လုံးဝိုင်းဝိုင်းပေါ်တွင် ပါဝါမျက်မှန်ကို အစဥ်တပ်ထားလျက်..ယောကျ်ားတစ်ယောက်ရဲ့ ထွားကျိုင်းမှုမျိုးနဲ့ နှိုင်းယှဥ်ရင်တော့...သူ့ကို ပိန်သည်ဟု သတ်မှတ်ရပေမည်။

ဒါပေမဲ့ သူ့ရဲ့ နှာခေါင်းချွန်ချွန်နဲ့ မျက်မှန်လိုက်ဖက်လွန်းသည်။ ဆေးလိပ်မသောက်၊ ကွမ်းမစား၍ သူ့နှုတ်ခမ်းက အစဥ်နီမြန်းလျက်၊ မထူသော်လည်း အပါးကြီးမဟုတ်သည့် သူ့ဆံပင်များက...ပျော့ပျောင်းစွာ...ဘေးခွဲခွဲထားသည့်ကြားက၊ ခဏခဏ နဖူးပေါ်ဝဲကျတတ်သေးသည်။

ဘာဘဲဖြစ်ဖြစ်...ကြည့်ကောင်းသောအသွင်ကို ပိုင်ဆိုင်ထားသူအဖြစ် သူ့ကိုယ်သူယုံကြည်နေသည်။

နီမောင်းသော(နေလောင်၍လား၊ ဖြစ်သလိုနေ၍လားမသိ) အသားအရေ၊ ကျစ်လစ်ထွားကျိုင်းလွန်းသော ခန္ဓာကိုယ်၊ ထူကြမ်းသော ဆံပင်၊ ညိုညစ်နေသော နှုတ်ခမ်းနှင့် စင်ကြယ်ခြင်းမရှိသော





မျက်ဝန်းအစုံကို ပိုင်ဆိုင်သည့် နေဝန်းသစ်နှင့် နှိုင်းစာလျှင်...

သူက...အသာကြီးသာနေသည်။

လရိပ်ပြာဆီသွားရန် အကြောင်းပြချက်ကို သူ့အမေဆီက တောင်းယူပြီး ထွက်လာခဲ့လိုက်သည်။

အလွယ်တကူခွင့်တောင်းပြီး...လရိပ်ပြာရှိရာ ရုံးခန်းထဲသို့ ဝင်ခွင့်ရလိုက်သည်။

"စောစောကတင်...အန်တီဆီက ဖုန်းလာတယ်"

ကြို၍...ဖုန်းဆက်ပေးထားသော မေမေ့ကျေးဇူးကြောင့်...သူ့အနေရမခက်တော့ပေ။

"ထိုင်လေ...ကိုသိင်္ဂါရ"

လရိပ်ညွှန်ပြသောခုံပေါ်သို့...သူထိုင်လိုက်စဥ် အရင်ကနဲ့မတူသော ရုံးခန်းအပြင်အဆင်ကို သတိထားလိုက်မိသည်။

"ဟာ...ပန်းတွေဘဲ"

တစ်ခန်းလုံးပန်းရနံ့များက မွှေးမြစွာ...

ယခင်က...ပန်းအိုးလှလှလေးတွေသာရှိနေသော ရုံးခန်းလေးထဲတွင်...ယခုပန်းအစစ်များကလှပစွာ စိုက်ထိုးထားလျက်...

www.burmeseclassic.com



အင်းလေ…ပန်းနဲ့ပန်းအိုး၊ ဒါမှလည်း ပန်ရတော့မှာမေ့…

"ဟောဒီမှာ…မေမေပေးခိုင်းလိုက်တဲ့ ပစ္စည်း"

စိန်အရောင်းအဝယ်လုပ်သော သူ့အမေထံတွင် စိန်လော့ကာတ်မှာထား၍…ပို့ပေးရခြင်းပင်။

"ဈေးနဲ့ ပစ္စည်းအရည်အသွေးကိုတော့ မေမေတို့ပြောပြီးပြီ ပြောတယ်"

သူတကယ်နားမလည်၍ မေမေက…ဘာကိုမှ မမှာလိုက်

"ဟုတ်တယ်…ကျွန်မလည်း…အဲဒါတွေ…နားမလည်ပါဘူး"

သူနဲ့လရိပ်ပြာကြားရှိ စားပွဲခုံပေါ်တွင် ပန်းအိုးတစ်အိုး…ရှည်မျောမျောနှင့် ဝါးဆစ်ဘူးလေးနဲ့ပင် တူလှသေးသည်။ ထိုဝါးဆစ်ဘူးလေးထဲမှာ Tulip ပန်းတစ်ပွင့်တည်းထိုးစိုက်လျက်…

အစစ်လား…အတုလား မသိရအောင်ပင် ဖြူဆွတ်ကြွားဝင့်စွာ…

သူနူးညံ့စွာ ကိုင်ကြည့်မိစဉ်

"ပန်းကအစစ်…ကိုသိင်္ဂါရရဲ့"





"အော်…"

မြန်မာပြည်မှာတွေ့ရခဲသော Tulip ပန်းအစစ်ကို…လရိပ်ပြာက နှစ်သက်သည်ဆိုတော့…

သူခေါင်းခဲသွားသည်။

"လရိပ်ပြာရဲ့ရုံးခန်းထဲမှာ ဒီတစ်ခေါက်တော်တော်ပြောင်းလဲနေတာဘဲ…ပန်းအစစ်တွေနဲ့ ပန်းထိုးထားပါလား"

လရိပ်ပြာက ညင်းသွဲ့သွဲ့နဲ့ ရှက်စနိုးရယ်နေပြီး…

"လက်ဆောင်ရထားတာတွေပါ ကိုသိင်္ဂါရရဲ့…"

"လက်ဆောင်…"

ဘုရားရေ…ဒီလောက်များတဲ့ပန်းတွေအားလုံးက လက်ဆောင်ရတာတွေတဲ့လား…

"အားလုံးလား"

မယုံနိုင်စွာမေးလိုက်စဉ်

"ဟုတ်တယ်…တစ်နေ့တစ်မျိုးနဲ့…တစ်ခါလာပို့ရင်လည်းများလွန်းလို့…ပန်းအိုးထိုးထားရတာ…ဒီ Tulip ကတော့ တစ်စည်းတည်း…ဒီနေ့မနက်မှရတာလေ…"



www.burmeseclassic.com

www.burmeseclassic.com



သူ…စိုးရိမ်စွာရင်ခုန်လာပြီ

"ဘယ်သူပေးတာလဲ လရိပ်ပြာ"

မေးသင့်မမေးသင့်ကို မစဉ်းစားမိတော့ဘဲ…ထစ်ငေါ့စွာမေး လိုက်မိစဉ်…

"ကျွန်မလည်း မသိဘူး…ကျွန်မနာမည်နဲ့ ဆိုင်ကိုလာပို့ပေး နေတာဘဲ…"

အမျိုးသမီးတွေ စိတ်ဝင်စားတာ ဒီလိုလျှို့ဝှက်သိမ်မွေ့တဲ့ နည်းတွေကိုလား…

သူနဲ့တိုက်ရိုက်တွေ့ဆုံမှုထက် ထိုနည်းက…ပိုပြီး လရိပ်ပြာ ကို ဖမ်းစားနိုင်သည်ထင်။

ပန်းအကြောင်းပြောနေသည့်လရိပ်ပြာ မျက်နှာက…နည်း ကျေနပ်စွာ…

"လရိပ်ပြာက ပန်းကြိုက်တတ်လို့လား"

နှုတ်ခမ်းကို ရှေ့သွားကြီးကြီးနှစ်ချောင်း ပေါ်ရုံသာပြောပြီး "ကိုသိင်္ဂါရရဲ့…အမှန်ပြောရရင်…ပန်းကို ကျွန်မမကြိုက်တတ်ပါဘူး …ဒါပေမဲ့…ဒီလိုနေရတာကို ကျေနပ်နေတာတော့ အမှန်ဘဲ"





သူနှုတ်ဆိတ်ငြိမ်သက်သွားပြီ…ရင်ထဲမှာ တစ်ခု ခုကို…မကျေမနပ် ခိုးလုခိုးလုဖြစ်နေလျက်…

"လရိပ်ပြာ…အချိန်ရရင်…ကျွန်တော်နဲ့တစ်ခုခု လိုက် သောက်ပါလား"

သူ့အတွက်အခြေအနေကို…သူ့ဘာသာသူ ဖန်တီးရန် ကြိုး စားလိုက်စဉ်…

"အခုလား…"

"ဆိုပါတော့…"

အားနာသည့်အပြုံးကို မြင်လိုက်ရကတည်းက သူ့ဆန္ဒပြည့် တော့မယ်မဟုတ်ဟု…ထင်လိုက်မိသည်။

ထင်သည့်အတိုင်းပင်…

"ခဏကြာရင်…ပန်းအိုးလာသွင်းမယ့် ဖေါက်သည်တစ် ယောက်နဲ့ ချိန်းထားတာရှိတယ်…ကိုသိင်္ဂါရ…"

ဒီထက်ပိုပြီး တောင်းဆိုလျှင် ကြောင်လွန်းသည်ဟူသော ဘွဲ့ထူးအပြင် လူမှုရေးမပါးနပ်ဟူသော သတ်မှတ်ချက်ပါ ရနိုင်ပေး သည်မို့…



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုလည်း…နောက်တစ်ခေါက်ပေါ့ လရိပ်ပြာ"

လရိပ်ပြာက ကျေကျေနပ်နပ်ပင် ခေါင်းညိတ်ပြပြီး…

"ဟုတ်ကဲ့…ပစ္စည်းလာပို့ပေးတဲ့အတွက် ကျေးဇူးပဲနော်…"

အစရဲ့ အဆုံးစကားကို ပြောလာပြီဖြစ်၍…သူပြန်ရတော့မည်ဖြစ်ကြောင်း သိလိုက်သည်။

"ရပါတယ်…လရိပ်ပြာ…ကျွန်တော့်ကိုခွင့်ပြုပါဦး"

လောကမှာ ဘယ်လောက်ရာထူးကြီးသော ပုဂ္ဂိုလ်ဖြစ်စေ၊ ကိုယ့်ကိုယ်ကိုယ်ဘယ်လောက်ယုံကြည်သောပုဂ္ဂိုလ်ဖြစ်စေ၊ ဘယ်လောက်သတ္တိကောင်းသော ပုဂ္ဂိုလ်ဖြစ်စေ သူတို့ချစ်သောသူရှေ့တွင် စိုးရွံ့မှု တကြိမ်တစ်ခါမျှ မခံစားရဖူးဘူးဟုဆိုလျှင်…သူယုံကြည်မည်မဟုတ်ပေ။

❀❀❀





သူ့အမေက လှည်းတန်းဈေးလိုက်ပို့ခိုင်း၍ လှည်းတန်းဈေးရှေ့တွင်ကားကိုရပ်ထားပြီး…မေမေ့နောက်ကခြင်းတောင်းကိုင်၍ လိုက်ခဲ့လိုက်သည်။

အိမ်အကူဒေါ်ကြီးက… အိမ်မှာလုပ်စရာများရှိနေ၍မလိုက်နိုင်။ ထို့ကြောင့် သူ့အမေအတွက်…သူက အိမ်အကူဖြစ်သွားရပြန်သည်။

ခြင်းတောင်းထဲသို့ မေမေဝယ်သမျှကို ထည့်၍သယ်နေရင်းနှင့်ပင် ကြည်နူးစရာအတွေးက ဖျတ်ခနဲဝင်လာသေးသည်။

လရိပ်ပြာက…သူ့အိမ်သူအဖြစ် ဈေးဝယ်လို့…သူက…လရိပ်ပြာနောက်က…ဇနီးစိတ်တိုင်းကျ…ခြင်းတောင်းလေး လိုက်ဆွဲပေးလို့…



www.burmeseclassic.com

www.burmeseclassic.com



ဖြိုးစစနှင့်ကြည့်နူးနေခိုက်…သူ့အကြည့်များက ပန်းဆိုင်ရှိ ပန်းများကို ရောက်သွားသည်။

အဝါရောင်နှင်းဆီဖူးငုံလေးများက စီရီကြွရွလျက်…

"မေမေ…ပန်းတွေကလှလိုက်တာ"

"ဟာ…ပန်းဆိုမှ…ဘုရားပန်းဝယ်ရဦးမယ်သားရဲ့…ဘုရားပန်းဝယ်ပြီးရင်တော့…အားလုံးစုံပါပြီ"

မေမေနဲ့အတူ ပန်းဆိုင်ရှေ့ရောက်သွားပြီး မေမေက ဂန္ဓာ ပန်းအဖြူအပွင့်ကြီးကြီးများကို ရွေးချယ်နေသည်။

သူကတော့…အဝါရောင်နှင်းဆီဖူးများကိုသာ နှစ်သက် သဘောကျစွာဖြင့်…

နှစ်သက်စွာကြည့်နေရာမှ…သူ့စိတ်ကူးများက ပို၍လှပလာ ပြီး…

"အဲဒီနှင်းဆီဖူးလေးတွေ အပွင့်သုံးဆယ်လောက်…အင်း အစည်းလှအောင်ပန်းအရေအတွက် ကြည့်ထည့်ပေးပါ"

"အိမ်အတွက်တော့ မဟုတ်ဘူးထင်တယ်"

သူ့ကိုနားလည်ပေးနိုင်ဆုံးမေမေက စလိုက်စဉ်…သူလည်း ကလေးတစ်ယောက်လို…ရှက်သွားမိပြီး…





"အိမ်အတွက်က မေမေဝယ်နေတာဘဲ"

"အေးပါ…အေးပါ"

မေမေ့ကို ဈေးမှအိမ်ပြန်ပို့ပြီးသည်နှင့်…လရိပ်ပြာရှိရာသို့ …ပန်းစည်းနှင့်အတူ…

သူအရင်က…ပန်းပေးရင်းချဉ်းကပ်သော အမျိုးသားများကို ကြည့်မရ၊ ကိုယ့်ကိုကိုယ်အားမကိုး…ပန်းအကူအညီကို ယူသူများ အဖြစ် ရှုတ်ချခဲ့ဖူးသည်။

ယခုတော့…သူကိုယ်တိုင်ဝင်ရှုလည်လို့…

ဆေးခန်းပိတ်ရက်ဖြစ်နေတဲ့အတွက်… သူ့ရဲ့ညနေခင်းတစ်ခု လုံးကို လရိပ်ပြာအတွက် သီးသန့်ဖယ်လို့…

ရှပ်အင်္ကျီအဖြူလက်တို၊ ပုဆိုးအပြာကွက်စိတ်နှင့် ပန်းစည်း တစ်စည်းကို ကိုင်ထားသောအမျိုးသားတစ်ယောက်သည် ညနေခင်း ရဲ့ အလှပဆုံးအခင်းအကျင်းတန်ဆာ တစ်ခုအဖြစ် ကျေနပ်ကြည်နူးစွာ…

ရုံးခန်းထဲအဝင်…

ကြိုတင်မသိထားသဖြင့်…အံ့သြသွားသောမျက်နှာ…ပြီး



www.burmeseclassic.com

www.burmeseclassic.com



တော့ သူ့လက်ထဲကပန်းစည်းကြောင့်…ရှက်ယောင်ယောင်ပြုံးသွားသောနှုတ်ခမ်း၊ ပြီးတော့အရွယ်နှင့်မလိုက်စွာ…လူကြီးတစ်ယောက်အသွင်ပုံသဏ္ဍာန်ကို မသပ်မရပ်ဖမ်းလို့…

"အော်…ကိုသိင်္ဂါရ"

သူ့စိတ်ရင်းအတိုင်းပြောရမည်ဆိုလျှင်…သူ့ကိုဆရာ…ဒါမှမဟုတ် ဒေါက်တာဟူသော…ဂုဏ်ပုဒ်ကို လရိပ်ပြာခေါ်စေချင်လှသည်။

ဒါပေမဲ့ ဒီလိုခေါ်ပြန်ရင်လည်း…တံတိုင်းတစ်ခုလိုဖြစ်နေဦးမယ်ဟူသော နှစ်ဖက်ခွအတွေးဖြင့်…သူ မတောင်းတပြန်တော့။

လူကြီးရှက်တော့ရယ်တယ်ဟူသော ဆိုရိုးကို သူလိုက်နာနေမိသည်။

"ဒီမှာ…လရိပ်ပြာအတွက်"

သူကမ်းပေးသော နှင်းဆီပွင့်လေးများတွင် ဆူးမရှိအောင်…သူဂရုစိုက်ကြည့်ခဲ့ပြီးဖြစ်သည်။

"လှလိုက်တာ…ဒါပေမဲ့…"





ဒါပေမဲ့သည် အမြဲတမ်း ရှေ့စကားနဲ့ဆန့်ကျင်ဘက်အနက်ကိုသာ…ထုတ်လုပ်ပေးနိုင်သည့်ဖြစ်၍…စိုးရိမ်မကင်းဖြစ်သွားစဉ်…

လရိပ်ပြာ၏အကြည့်များက…ပန်းအိုးလေးဆီကြည့်စမ်း…မှန်ထုရှက်ရွံ့နေသော…သူ့အဖြစ်က လရိပ်ပြာရှေ့ရှိ ပန်းအပြည့်ထိုးထားသောပန်းအိုးကိုမတွေ့မိ…

ဘာပန်းလဲလို့…သူကိုယ်တိုင်ပင်အဖြေမသိ…

သေချာတာကတော့ မြန်မာပြည်မှာ အလွန့်ကိုရှားပါးသော ဒါမှမဟုတ် မရှိနိုင်သော ပန်းမျိုးပင်…

လန်းဆန်းဆဲဖြစ်၍…ထုတ်ပစ်ရမှာကို လရိပ်ပြာ နှမြောနေမှာပေါ့…

နားလည်သဘောပေါက်စွာဖြင့် သိမ်ငယ်သလိုလို ခံစားလိုက်ရသည်။

"ဒီပန်းတွေကလည်း…မနက်ကမှ ထိုးထားတာဆိုတော့"

"ပန်းအိုးထဲထည့်ထားမှမဟုတ်ပါဘူး…လရိပ်ပြာကိုပေးတာဘဲ…ကြိုက်သလိုလုပ်ပေါ့…"



www.burmeseclassic.com

www.burmeseclassic.com



သူ့အသံကဝမ်းနည်းစွာပင် တုန်ယင်သွားသလားမသိ။

လရိပ်ပြာက…ချက်ချင်းပင် အကြံတစ်ချက်ရလိုက်ဟန်ဖြင့်…လွတ်နေသော ပန်းအိုးတစ်အိုးကို ထယူလိုက်ပြီး၊ သူပေးသော နှင်းဆီပန်းများကို လှပသေသပ်စွာထည့်လိုက်သည်။

ပန်းအိုးအနက်ရောင်လေးထောင့်စပ်စပ်အိုးလေးဖြစ်၍… သူ့ပန်းများနှင့်လိုက်ဖက်စွာ…

ပြီးတော့ ပန်းအိုးကို…လရိပ်ပြာက စားပွဲပေါ်မှာပင် နေရာချထားလိုက်၍…လရိပ်ပြာရဲ့စားပွဲပေါ်တွင် ပန်းအိုးနှစ်အိုးက အလှနှစ်ခုဖြင့်…

သူကြည်နူးစွာကြည့်နေစဉ်…

"ကလင်…ကလင်…ကလင်…"

လရိပ်ပြာရဲ့စားပွဲပေါ်ရှိ ဖုန်းကရုတ်တရက်မြည်လာသဖြင့်…သူ့ကြည်နူးမှုများက ကစင့်ကလျားဖြစ်သွားသည်။

လရိပ်ပြာက ဖုန်းကောက်ကိုင်ပြီးဖြေနေသည်။

"ဟဲလို…အရိပ်…ပန်းအိုးနဲ့ ပန်းဆိုင်က…ပြောနေပါတယ်ရှင်"





"အော်…ဟုတ်ကဲ့…ရှိပါတယ်…ခဏလေးနော်"

လရိပ်ပြာကတစ်ဆင့် အရောင်းစာရေးတစ်ယောက်ယောက်ကို ခေါ်ခိုင်းခြင်း ဖြစ်မည်ဟု ထင်ခဲ့သော်လည်း…

"ကိုသိင်္ဂါရ…ဖုန်း"

စကားပြောခွက်ကို လက်နှင့်ပိတ်ပြီး လှမ်းပြောသဖြင့်…သူ အံ့သြသွားသည်။

သူ့ဖုန်းက…ဘယ်လိုဖြစ်လို့…ဒီဆိုင်ကိုရောက်လာရတာလဲ…ဒီဖုန်းနံပါတ်ကို…သူကိုယ်တိုင်ပင်မသိသေး…

သူ့မေမေများလား…

ကမ်းပေးလာသော ဖုန်းကိုယူပြီး

"ဟဲလို…"

တစ်ဖက်ကဘာမှပြောသံမကြားရဘဲ…ရယ်သံကိုသာ ကြားလိုက်ရသည်။

သေချာသည်။

ဒီလိုပုံစံနှင့် လူဘယ်နှစ်ယောက်ရယ်တတ်မှာလဲ…



www.burmeseclassic.com

www.burmeseclassic.com



အထူးသဖြင့် သူ့ပတ်ဝန်းကျင်ကလူထဲမှာပေါ့…

ရယ်သံက…သရော်လှောင်ပြောင်သံ အပြည့်နဲ့လေ…

"နေဝန်းသစ်"

"ဟာ…မင်းက…ငါ့အသံမှတ်မိသားဘဲ"

"လုပ်မနေနဲ့…ဘာကိစ္စလဲပြော"

လရိပ်ပြာက…လေသံပြောင်းသွားသောသူ့ကို ဂရုမစိုက်ချင်ဟန်ဆောင်၍…တစ်ခုခုငုံ့ရေးနေသော်လည်း…နားစွင့်ထားဟန်…

"ဘယ်လိုလဲ…မင်းအခြေအနေက တိုးတက်မှုရှိရဲ့လား"

"ဘာကိုလည်း…မင်းပြောတာ ငါနားမလည်ဘူး"

ရယ်နေပြန်သည်မို့…သူစိတ်ပိုတိုလာသည်။

"ဟိတ်ကောင်…မင်းအားနေပေမဲ့…ငါမအားဘူး"

"အေးကွ…မင်းကဆရာဝန်ဖြစ်ပြီး ဆေးခန်း ဒါမှမဟုတ် ဆေးရုံမှာဆိုရင်တော့…ဒီစကားကို ငါယုံမှာကွ… ဒါပေမဲ့ အခု…မင်းက ပန်းဆိုင်မှာဆိုတော့…"

"မင်းကသူခိုးလို…ငါ့နောက်က…လိုက်ကြည့်နေ တာလား"





"မင်း…လူနာတွေကိုလည်း ဒီလိုဘဲ ဆက်ဆံတာဘဲလား သိဂ်ါရ"

သူ့ဘက်က ဒေါနှင့်မာန်နှင့်ပြောနေသော်လည်း နေဝန်းသစ်က သူ့ကို တမင်ထိုးဆွနေသည့်နှယ် ခပ်အေးအေးပင်…

"ဘယ်လိုလဲ…မင်းပေးတဲ့ပန်းကို လရိပ်ပြာကြိုက်ရဲ့လား"

နှစ်ကိုယ်ကြားပြောနေသောဖုန်းကိုပင်…လရိပ်ပြာကြားသိနိုး၍ စိုးရွံ့စွာကြည့်မိလိုက်စဉ်…လရိပ်ပြာက…ခေါင်းငုံ့စာရေးဆဲ…

လရိပ်ပြာရှေ့မှာဖြစ်၍ မလုံမလဲနှင့်သူမဖြေဖြစ်

"မင်းကွာ…မိန်းမတွေက ရှားပါးပစ္စည်းမှတန်ဖိုးထားတာကွ ဘယ့်နှယ့် နှင်းဆီပန်းဝယ်ပေးရတယ်လို့…လရိပ်ပြာရုံးခန်းထဲမှာ ပန်းတွေတွေ့လား…အဲဒါ…ဒီကပန်းတွေမဟုတ်ဘူး…စက်ဘပ္ပ ပန်းတွေ…နှင်းဆီထက်တော့သာတယ်နော်…"

သူ…သံသယဖြစ်နေသလိုပင်…အဖြစ်မှန်က သူ့ကို… လှောင်ပြောင်လျက်…



www.burmeseclassic.com

www.burmeseclassic.com



"ဘာဘဲဖြစ်ဖြစ်…လရိပ်ပြာရင်ထဲမှာ… ငါပို့ပေးလိုက်တဲ့ ပန်းတွေ ရောက်နေမှာသေချာတယ်…"

"တောက်"

အကျယ်ကြီးတောက်ခေါက်မိလိုက်သဖြင့် လရိပ်ပြာလန့်သွားပြီးမော့ကြည့်လေသည်။

"မင်းနဲ့ငါ ဖုန်းမပြောချင်ဘူး နေဝန်းသစ်…ဒါပဲ"

ဖုန်းကိုအနိုင်ပိုင်းပြီးချလိုက်ပေမဲ့…သူ့ရင်ထဲက…ရှုံးနေသလို ခံစားနေရသည်။

"ဘယ်သူလဲ…သူငယ်ချင်းလား"

သူရော့ရဲရဲပြုံးရင်း

"မဟုတ်ဘူး…ကျွန်တော်နဲ့မတည့်တဲ့လူတစ်ယောက်…ကျွန်တော်ဒီဆိုင်ထဲဝင်သွားတာတွေ့လို့…ဖုန်းဆက်ပြီးရိနေတာ…"

"အော်…ဒီအရွယ်တွေမှာလဲ ဒါမျိုးရှိတာဘဲနော်"

သူ နှစ်ထပ်ဆင့်လျှောင်ခံလိုက်ရပြန်သည်။

လရိပ်ပြာပင်မက…စားပွဲပေါ်ရှိ နေဝန်းသစ်ရဲ့ပန်းများကပင် ကြွားဟန်ဝင့်ပြီး…သူ့ကိုပြုံးပြနေသည်ပမာ…





သွေးပျက်စပြုနေသော လူတစ်ယောက်အဖြစ် ဆက်ရပ်တည်၍ မရတော့…

"ကျွန်တော်ပြန်တော့မယ်"

"ကောင်းပြီလေ"

သူ့ကိုနေပါဦးဟု မတားမြစ်သလို၊ နောက်လာလည်ပါဦးဟုလည်း ကြိုဆိုခြင်းမခံရ။

နှေးကွေးလေးမြင့်စွာ…ထွက်လာခဲ့စဉ်…သူ့ရင်ထဲက…ယခုမှ ထူးထူးခြားခြား ဖြစ်တည်ခွင့်ရခဲ့သော အချစ်များကို…လက်လွှတ်မခံရဲစွာ…တုန်လှုပ်နေကြောင်း သိလိုက်ရသည်။

❀❀❀



www.burmeseclassic.com

www.burmeseclassic.com





သူ့အဖေ၏ဆန္ဒအရ သူ့အဖေ၏အသက်(၆၀)ပြည့်မွေးနေ့ကို ခြံထဲမှာပင် ကျင်းပရန်စီစဉ်ခဲ့သည်။

အရင်ကထက်ပို၍ လန်းဆန်းတက်ကြွလာသော ဖေဖေ Wheel Chair ဖြင့်ကိုယ်တိုင် ဧည့်ခံခဲ့သည်။

အလုပ်မှအနားယူပြီးကတည်းက မဆုံဖြစ်ခဲ့သော မိတ်ဆွေ အပေါင်းအသင်းများနှင့် ဖေဖေကစကားလက်ဆုံကျ၍မဆုံး..

ဖေဖေဖိတ်ကြားခဲ့သော ဧည့်သည်ထဲတွင် သူအမုန်းဆုံးလူ ...မထင်မှတ်ဘဲပါဝင်နေကြောင်း နောက်မှ သိရလေသည်။





ခြံထဲဝင်လာသော အရပ်ရှည်ရှည်မားမားနှင့် နေဝန်းသစ်သည် ဧည့်သည်တစ်ယောက်လို ရှိုးတိုးရှန့်တန့်နှင့် အားနာနေသောပုံစံမျိုးနှင့်မဟုတ်၊ ဝေးကွာနေသော မိမိအိမ်ကို ပြန်လာခဲ့သော အိမ်သားတစ်ယောက်နှယ်...အရာရာကိုသိကျွမ်းရင်းနှီးနေသည့်ပုံဖြင့် ဝင်လာခြင်းဖြစ်သည်။

နေဝန်းသစ်ဝင်လာသည်ကို သူရော...သူ့အမေကတစ်ပြိုင်တည်းမြင်လိုက်ကြပြီး...သူ့အမေက...သူ့ကို...အားပေးသလို လှမ်းကြည့်တာတွေ့လိုက်ရသည်။

ဘယ်သူ့ကိုမှ ဂရုစိုက်ဟန်မပေါ်သော နေဝန်းသစ်ကတော့ ...ဖေဖေ့ကိုလိုက်ရှာပြီး...ဖေဖေရှိသောနေရာသို့ တန်းတန်းမတ်မတ် လျှောက်သွားလေသည်။

မွေးနေ့လက်ဆောင်ဖြစ်ဟန်တူသော ဘူးတစ်ဘူးကို လှမ်းပေးပြီး...တစ်ခုခုပြောနေတာ တွေ့လိုက်ရသည်။

လက်ဆောင်ပေးခြင်းသီးခံပါ...ဆိုတဲ့ ဖိတ်စာထဲကစာသားကို...နေဝန်းသစ်မမြင်ဘဲနေမည်မဟုတ်၊ မြင်ရက်နှင့် တမင်ပေးခြင်းပင် ဖြစ်ပေလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေက ငုံ့ကိုင်းပေးသော နေဝန်းသစ်၏ကျောကို ရင်းနှီးနှစ်လိုစွာပုတ်ပြီး စကားတွေပြောနေသည်။

ပြီးတော့…ဖေဖေ့ရဲ့လှည်းကို နေဝန်းသစ်ကတွန်းပေးပြီး လူလွတ်နေသော ဝိုင်းတစ်ခုဆီ လျှောက်သွားကြကြောင်း တွေ့ရသည်။

နေဝန်းသစ်ကိုနေရာချပြီး ဖေဖေနဲ့ နေဝန်းသစ်စကားလက်ဆုံကျလျက်… -

ဖေဖေ့ကို အားမလိုအားမရနှင့် သူ့စိတ်ထဲနားမလည်ချင်စွာ…

သူ့အတွက် ဖြိုင်ဘက်တစ်ယောက်အဖြစ် မွေးဖွားပေးခဲ့သော နေဝန်းသစ်ကိုမှ…ဖေဖေ…မျက်နှာသာပိုပေးနေသည်။

"သားရေ…လရိပ်ပြာတို့ သားအမိလာပြီ"

သူ့အနားရောက်လာပြီး မေမေပြောမှ…မကျေနပ်ချင်သော အတွေးတွေ…လွင့်စင်ထွက်ပြေးသွားသည်။

မျက်လုံးများကလည်း…မေမေညွှန်ပြရာတွင် လျှောက်လှမ်းလာနေသော လရိပ်ပြာဆီမှာ ကပ်ငြိလျက်…

အပြာရင့်ရင့်ပိုးသားပျော့ပျော့ဂါဝန်ရှည်ကို ဝတ်ဆင်ပြီး…





ဆံပင်များက မျက်နှာဘေးတစ်ဖက်တစ်ချက်တွင် ပျော့အိသွယ်ကျလျက်…

"သွားကြိုလိုက်လေ…"

မင်သက်ငေးမောနေသောသူ့ကို မေမေကသတိပေးတော့မှ သူ့ခြေလှမ်းများကို လှုပ်ရှားဖို့သတိရလိုက်လေသည်။

"လာ…လာ…လရိပ်ပြာ…"

"ကိုသိင်္ဂါရ ဖေဖေရော"

မွေးနေ့ရှင်ကိုအရင်မေးရသည့် ထုံးစံအတိုင်း မေးလိုက်သဖြင့်

"ရှိတယ်…မေမေသွားခေါ်နေတယ်…လာလေ…တျွန်တော်နေရာချပေးမယ်"

လရိပ်ပြာတို့သားအမိကို…လူရှင်းသော ဝိုင်းလွတ်တစ်ခုဆီသို့ ခေါ်သွားပြီး နေရာချလိုက်သည်။

အစားအသောက်က ဘူဖေးစနစ်ဖြစ်၍

"လာလေ…လရိပ်ပြာ…စားစရာသွားယူရအောင်"

"အင်း…မေမေ…ဘာစားမလဲ…သမီးယူပေးခဲ့မယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"အေးအေး…အဆီများတာနဲ့အစပ်များတာက လွဲရင်…ပြီးရော…သမီးရယ်"

လရိပ်ပြာနဲ့သူ…အစားအသောက်များထားရာနေရာသို့ ထွက်လာစဉ်…

သွားပြီ…

ရောက်နေတာကြာပြီး…အခုမှအစားအသောက်လာထထူ ရလားဟု…အပြစ်တင်ချင်စရာကောင်းအောင်…နေဝန်းသစ်က…သူ တို့ရှေ့တွင်နေရာယူလျက်…

ပြီးတော့…နေဝန်းသစ်က…သူတို့နှစ်ယောက်ကို မြင် သည်နှင့်…

"အော်…လရိပ်ပြာလည်းလာတာကိုး"

လရိပ်ပြာကလည်း ချက်ချင်းမှတ်မိသွားပြီး

"အင်း…ကို…"

လရိပ်ပြာက နာမည်မသိထား၍ နှုတ်ဆက်ရန် တွန့်သွားသည်

"ကျွန်တော် နေဝန်းသစ်ပါ…"





နှုတ်သွက်စွာဖြင့် သူ့ကိုယ်သူမိတ်ဆက်ပြီး လရိပ်ပြာအတွက် ပန်းကန်ပြားတစ်ချပ်ကို ယူပေးနေသည်။

သူ့ရဲ့မကျေမနပ်မျက်နှာကို နေဝန်းသစ်က ရယ်စရာကောင်း သော သတ္တဝါတစ်ကောင်ကို ကြည့်ပုံမျိုးဖြင့်ကြည့်ပြီး…

"သိင်္ဂါရ…မင်းအတွက် အလုပ်နေရာကို ငါဘယ်သူမှ မရွေးရသေးဘူး…တကယ်လို့ စိတ်ဝင်စားရင်ပြန်လာခဲ့ပါ…ပြီးတော့ ဦးလေးကြီးကလည်း…မင်းအတွက် ဒီအလုပ်ကို သဘောကျနေ တယ်"

သူ့ကိုဝင်ချိုးနေသလို ခံစားလိုက်ရပြီး

"ငါ…ဘယ်တော့မှ စိတ်ဝင်စားမှာမဟုတ်ဘူး နေဝန်းသစ်"

"အေးပါ…ငါကလည်း စိတ်ဝင်စားမှပြောတာပါ၊ အတင်း အကျပ်မတောင်းဆိုပါဘူး"

သူ့ပခုံးကို ရင်းနှီးစွာ (သူကတော့ စီးပိုးစွာဟုထင်သည်) ပုတ် ပြီး…နေဝန်းသစ်ထွက်သွားစဉ်

"အော်…ကိုနေဝန်းသစ် ဆိုင်ဘက်လည်း လာခဲ့ပါဦးနော်"



www.burmeseclassic.com

www.burmeseclassic.com



မလိုအပ်ဘဲဖိတ်မန္တကပြုလိုက်သည့် လရိပ်ပြာ၏ စကားအဆုံး

"ကျွန်တော် နေ့တိုင်းရောက်ပါတယ်…လရိပ်ပြာ၊ မသိလို့ပါ"

ဖခုံးနှစ်ဘက်ကို ဟန်ပါပါတွန့်ရင်း နှုတ်ခမ်းတစ်ဘက်တည်း တွန့်ပြုံးပြီး ပြောသွားခြင်းဖြစ်သည်။

နေဝန်းသစ်ရဲ့စကားကို သူကသာနားလည်ပြီး လရိပ်ပြာကနား မလည်။

ကြည်လင်သော မျက်လုံးများက နားမလည်စွာပိုင်းစက်စက် ဖြစ်သွားပြီး…ဘာမှဆက်မပြောတော့။

"လာ‥လရိပ်ပြာ၊ လရိပ်ပြာကို သတိပေးထားရဦးမယ်၊ ဒီကောင် ကို အထင်ကြီးမနေနဲ့၊ အရင်က ကျွန်တော်တို့အိမ်မှာ အိမ်ဖော်လုပ်ခဲ့ တဲ့လူ‥လရိပ်ပြာရဲ့ အခုမှ ဘယ်လိုကဘယ်လိုဖြစ်ပြီး စီးပွားရေးသမား ဖြစ်နေလဲမသိပါဘူး"

သူ့ကိုယ်သူ ယောက်ျားမပီသသော လူတစ်ယောက်အဖြစ် စိတ် မကောင်းစွာ သတ်မှတ်လိုက်ရသော်လည်း ပိုင်ဆိုင်ရယူလိုသော အခွင့် အတွက်တော့ တရားပါသည်။





"ဟုတ်လား…ဒါဆိုရင် ပိုအထင်ကြီးရမှာပေါ့ ဒီလိုအခြေအနေမျိုး ကနေ ခုလိုအခြေအနေဖြစ်လာတာ အရည်အချင်းရှိလို့ပေါ့"

အချစ်နဲ့သာ ထုံမွှမ်းမထားမိလျှင် လရိပ်ပြာအနားက သူရှောင် ထွက်သွားမိမည်ပင်…

"ဒါနဲ့ လရိပ်ပြာဆီကို ပန်းပို့ပေးတဲ့လူကိုသိပြီလား"

လရိပ်ပြာက ပုစွန်တုပ်တစ်ထုပ်ကို ညှပ်နှင့်လှမ်းယူရာမှ ခပ်ထူး ထူးပြုံးရင်း…

"သိတော့မသိသေးဘူး…ဒါပေမဲ့ သဲလွန်စတော့ရထားတယ်"

သူ့စိတ်ထဲ ဘာလိုလိုနှင့် မတင်မကျ။

"ပန်းလာပို့ပေးတဲ့လူရဲ့ ကားနံပါတ်ကို ရထားတယ်လေ၊ ဒီကား နံပါတ်နဲ့ မော်တော်ယာဉ်ရုံးမှာ စုံစမ်းရင်ရတာပဲ"

ရင်ထဲမောလျှန့်မှိုးချိသွားတာ သေချာသည်။

"ကိုယ်မသိတဲ့ လူတစ်ယောက်ကို ဒီလောက်ထိစုံစမ်းစရာမလို ပါဘူး လရိပ်ပြာရဲ့"

မသိမသာတားမြစ်မိသော်လည်း…



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့···ရက်တော်တော်ကြာကြာ ကိုယ်နဲ့ရင်းနှီးခဲ့တဲ့ ပန်းချီအကြောင်းတော့ သိချင်သေးတယ်"

လင်ပိုပြာရင်ထဲ အတိုင်းအတာတစ်ခုအထိ ဝင်ရောက်နေပြီဖြစ်သော နေဝန်းသစ်ကိုဘယ်လိုဆွဲထုတ်ရပါ့···။

❀❀❀





"သား···ဘာဖြစ်လို့ နေဝန်းသစ်ဆေးရုံမှာ အလုပ်မလုပ်ရတာလဲ"

ဖေဖေ့ကို နေဝန်းသစ်က အကုန်ပြောပြီးသား ဖြစ်နေလိမ့်မည်။

"သား မလုပ်ချင်လို့"

သူ့အမေက လိုက်ကာများကို လိုက်စေ့နေရာမှ လှမ်းကြည့်ပြီး

"အဖေကြီးကလည်း···အဓိပ္ပါယ်မရှိလိုက်တာ··သားက နေဝန်းသစ်လက်အောက်မှာ အလုပ်ဝင်လုပ်ရမှာလား"

သူ့အမေက··သူ့ဘက်ကဝင်ပြောပေးသဖြင့် အသက်ရှူချောင်မည့်ဆဲဆဲ··

"ဟာ··ကိုယ့်အချင်းချင်းနဲ့ အလုပ်လုပ်ရတော့ အဆင်မပြေဘူးလား၊ ပြီးတော့လခလည်းကောင်းတယ်၊ ညနေတိုင်း ဆေးခန်းပြေးရတဲ့နေရာမှာ ဝင်မဝင် စိတ်ပူရတဲ့ဒုက္ခက ကင်းတယ်မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ့ရဲ့ မာန်မာနတွေ ဘယ်ရောက်ကုန်ပါလိမ့်။ ဖေဖေ့ကို သွေးတိုင်းပေးရင်းနှင့် သူတွေးနေမိသည်။

"သားက ဆရာဝန်တစ်ယောက်ပဲဖေဖေ၊ ဘယ်နေရာရောက်ရောက် ဘယ်မှာပဲလုပ်လုပ် လူနာကို ကယ်တင်ရတာချင်းအတူတူပါပဲ ဖေဖေ"

သူ့ဘဝတစ်သက်တာတွင် သူ့ကိုမွေးဖွားပေးခဲ့သော မိဘများကို ပထမဆုံးအကြိမ် စကားကြီးစကားကျယ်ပြောမိခြင်းပင်။

ဖေဖေက စိတ်ပျက်စွာဖြင့် ခေါင်းကိုဖြည်းလေးစွာခါနေသည်။

"နေဝန်းသစ်က ငါ့ကို စိတ်ပျက်အောင်မလုပ်ခဲ့ဖူးဘူး၊ မင်းအတွက် ပြိုင်ဘက်ကောင်းအဖြစ် ငါပျိုးထောင်ခဲ့ပေမဲ့…"

ဖေဖေ့စကားသံ ဆက်ထွက်မလာတော့….

"ကျေးဇူးတင်ပါတယ်ဖေဖေ…ဖေဖေ့အပေါ်ထားတဲ့ သားရဲ့အားကျလေးစားမှုတွေကို ထောက်ငဲ့ပြီး ဆက်မပြောပါနဲ့တော့"

ရင်ထဲ ဝမ်းနည်းနာကျင်လာတာမို့ ဆေးပစ္စည်းများကို ခပ်မြန်မြန်သိမ်းဆည်းပြီး အခန်းထဲကထွက်ခဲ့လိုက်သည်။

ဖေဖေ၏ ဘယ်ဘက်လက်သူကြွယ်တွင် နေဝန်းသစ်မွေးနေ့လက်ဆောင်ပေးခဲ့သော လက်စွပ်ကိုဝတ်ထားသည်။





သူပေးခဲ့သော Wheel Chair အသစ်စက်စက်ကိုတော့ ဖေဖေက မအီမသာလက်ခံခဲ့ပြီး

"ငါ့ကိုဆက်ပြီး လူမမာသက်တမ်းရှည်အောင် ငါ့သားကလက်ဆောင်ပေးတာထင်တယ်"

ဖေဖေက ရယ်သွေးသွမ်းပြီး ပြောခြင်းဖြစ်သော်လည်း သူ့ရင်ထဲက စိတ်မကောင်း သူ့ရဲ့ညှို့မှိုင်းသောစိတ်ကူးကိုပင် အပြစ်တင်မဆုံးဖြစ်မိခဲ့သည်။

သေချာတာတစ်ခုကတော့ အရင်ကသူ့အပေါ် ယုံကြည်ခဲ့သော ဖေဖေ့ရဲ့စိတ်သည် တစ်ဖြည်းဖြည်းလျော့ပါးနေပြီဆိုတာ သေချာခြင်းပင်။

နေဝန်းသစ်သည် သူ့ရဲ့နေရာတိုင်းကို ဝင်ရောက်လုယူရန် မွေးဖွားလာခဲ့သော မိစ္ဆာတစ်ယောက်နှယ် နေဝန်းသစ်ကို သူမုန်းသည်။

❀❀❀



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတလေတော့လည်း အဆိုးထဲကအကောင်းကို ရှားရှားပါးပါး သူရှိတတ်ပြန်သည်။

မေမေ့ကို တွေ့ချင်သောဧည့်သည်အဒေါ်ကြီးသည် နေဝန်းသစ်နဲ့ ဆက်စပ်ပြီး ရောက်လာခဲ့သည်။

နေ့ခင်းပိုင်းဖေဖေအိပ်နေချိန်ဖြစ်၍ မေမေ့ကိုနှိုးမပေးဘဲ ဧည့်သည်အဒေါ်ကြီးကို စောင့်ခိုင်းလိုက်သည်။

မေမေကတော့ ထုံးစံအတိုင်း အရောင်းအဝယ်ကိစ္စတစ်ခုရှိ၍ အပြင်သွားနေသည်။





ဧည့်ခန်းတွင် အဒေါ်ကြီးက ထိုင်လျှက်…ချထားပေးသော News Week နှင့် နိုင်ငံခြားမဂ္ဂဇင်းတစ်ချို့ကို အဒေါ်ကြီးက ကိုင်ပင်မကြည့်။

တောက်တောက်ပပ မဟုတ်သည့်တိုင် သာမန်စားနိုင်သောက်နိုင်သောပုံစံနှင့်ဖြစ်သည်။

အဒေါ်ကြီးကိုယ်တိုင်က လိုလိုလားလား မေမေ့ကိုတွေ့ချင်သည်ဆို၍ ထိုင်စောင့်ခိုင်းထားရသော်လည်း ဖေဖေအိပ်ရာမှနိုးရန် နာရီဝက်ကျော်ကျော်လိုနေသေးသည်။

“ဆရာ့သားထင်တယ်”

ဆေးစာအုပ်တစ်အုပ်ကို ဖတ်နေသော်လည်း စာထဲမှာစိတ်မနှစ်သား၍ သူကြားလိုက်သည်။

“ဟုတ်ပါတယ် အဒေါ်ကြီး”

“အော်‥ နေဝန်းသစ်နဲ့ ရွယ်တူလောက်ရှိမယ်ထင်တယ်”

နေဝန်းသစ်ရဲ့ အခြေအနေမှန်သမျှ ပြောပြရန်ဆန္ဒမရှိ၍ သူခေါင်းညိတ်ပြလိုက်သည်။

“အင်း‥နေဝန်းသစ်ကို မွေးစတုန်းကသာမြင်ဖူးတာ သူ့အဖေကို



www.burmeseclassic.com

www.burmeseclassic.com



စိတ်နာတာနဲ့ နောက်မတွေ့ဖြစ်တော့ဘူး၊ နေဝန်းသစ်အမေက ဒေါ်ကြီး ညီမအငယ်ဆုံးလေ..”

“အော်”

နေဝန်းသစ်ရဲ့ဘဝ တစ်စိတ်တစ်ပိုင်းကို သူကဒေါ်ကြီးထက်ပိုသိနေတာပေါ့။

“သူ့အမေဆုံးတာ ဒေါ်ကြီးမသိဘူး၊ တစ်လလောက်ကြာမှသိတာ၊ သိသိချင်း နေဝန်းသစ်ကိုမွေးစားဖို့သွားခေါ်တော့ လူလေးရဲ့ဖေဖေခေါ်သွားပြီဆိုလို့ သူစိမ်းကိုတောင်ဒုက္ခပေးတယ်”

သူတော်ကောင်းသားဖြစ်၍ ရိုးရိုးနှင့်ပွင့်ပွင့်လင်းလင်းပင်၊ သူ့ကိုလည်း ဖေဖေ့သားအနေဖြင့် ယုံကြည်ရင်းနှီးစွာ စကားပြောနေသည်။

မိငြိမ်း..ဟူသော နာမည်သည် နေဝန်းသစ်အမေကို ရည်ညွှန်းတာပင်ဖြစ်ပေလိမ့်မည်။

“ကျွန်တော့်ဖေဖေပြောတာတော့ နေဝန်းသစ်အမေက ထက်မြက်ပြီး သူ့အားသူကိုးတဲ့အမျိုးသမီးတစ်ယောက်ဆို”

ကြားခဲ့တာနှင့် ကြားနေတာ တစ်ခြားစီဖြစ်၍ ပျင်းပျင်းရှိတာနဲ့ စပ်စုလိုက်မိစဉ်...





“ထက်မြက်ပါတော်၊ ရန်ကုန်မှာကျောင်းသွားတက်တာ ဗိုက်တစ်လုံးရလာတယ်၊ အမျိုးတွေက လက်မခံတာကိုရအောင်မွေးပြီး သူ့ဘာသာသူ ကျွေးမွေးခဲ့တာကိုပြောတာဖြစ်မှာပေါ့၊ မာနကတော့အကြီးသား၊ သူ့သေတာ အမျိုးတွေတောင်မသိဘူးလေ၊ လူလေးအဖေကတော့ သူ့ကျောင်းတက်တုန်းက သူ့ဆရာဖြစ်ဘူးတယ်လို့သိတာပဲ”

“အော်...”

နေဝန်းသစ်ဘဝရဲ့ သူမသိသေးသော အစိတ်အပိုင်းက ပိုစိတ်ဝင်စားစရာကောင်းနေသည်။

“နေဝန်းသစ်ရဲ့အဖေကရော..”

သူသိခဲ့သော နေဝန်းသစ်အဖေသည် နေဝန်းသစ်မမွေးခင်ကပင် သေသွားပြီဖြစ်သည်။

“ဟင်း..ဘယ်သိပါ့မလဲ၊ မိငြိမ်းကလည်း မပြောဘူး၊ ကလေးက အဖေမရှိဘဲမွေးခဲ့ရတာ၊ သူ့ဘာသာသူပါးစပ်ထဲရှိတဲ့ လူတစ်ယောက် နာမည်ကောက်ထည့်ထားတာနေမှာပေါ့”

ငယ်ငယ်က အောင်လက်မှတ်တွင် ထည့်သွင်းရေးသားခဲ့သော



www.burmeseclassic.com

www.burmeseclassic.com



နေဝန်းသစ်ရဲ့ အဖေနာမည်က အမျိုးမျိုးဖြစ်နေ၍ အတန်းပိုင်ဆရာမက လုံးကြီးခေါ်ခိုင်းတာမှတ်မိနေသေးသည်။

ဖေဖေကလည်း နေဝန်းသစ်အဖေနာမည်ကို တိတိကျကျမသိခဲ့ကြောင်း၊ သူသိခဲ့သည်များနှင့် ဆက်စပ်ကြည့်လျှင် အဖြစ်အပျက်က စင်းစင်းကြီးပေါ်လာသည်။

သူ့ဆေးခန်းတွင် ပဋိသန္ဓေတားဆေးလာထိုးသော အမျိုးသမီးများကို ခင်ပွန်းဖြစ်သူပါခေါ်လာရန် သူမှာကြားခဲ့မိသည်။ လွယ်လွယ်နှင့် အခွင့်အရေးယူတတ်သော ယောကျ်ားများအပေါ် အမျိုးသမီးများဘက်က ကာကွယ်ပေးလိုခြင်းပင်ဖြစ်သည်။ လွယ်လွယ်ကူကူဆေးထိုးပေးပါက ထိုအဖြစ်အပျက်များကို အားပေးရာရောက်မှာစိုးရိမ်သော သူ၏ ခံယူချက်ကြောင့်ပင်ဖြစ်သည်။

"ဒါနဲ့ ဒေါ်ကြီးက..ဖေဖေ့ကိုဘာကြောင့် ရှာရတာလဲ"

"အော် မိငြိမ်းအတွက် အမွေကို ဒေါ်ကြီးကထိန်းထားရတာလေ၊ ဒေါ်ကြီးက အကြီးဆုံးဆိုတော့ မတရား မလုပ်ချင်ဘူးလေ၊ သူမရှိတော့လည်း...သူ့သားပေါ့...သိပ်မများပါဘူး၊ ဆယ်သိန်းလောက်ပဲရှိပါတယ်"





"အော်...အော်"

"ဒါနဲ့ နေဝန်းသစ်ကရော ဒီမှာမနေတော့တာကြာပြီလား"

"ခုနှစ်နှစ်၊ ရှစ်နှစ်လောက်တော့ရှိပြီဒေါ်ကြီး.. သူဘယ်မှာနေလဲဆိုတာ ဖေဖေကတော့သိတယ်"

မွေးနေ့ကိုမရမကဖိတ်ခဲ့သော ဖေဖေကလွဲပြီး နေဝန်းသစ်လိပ်စာကို ဒီအိမ်မှာသိတဲ့လူမရှိ။

နေဝန်းသစ်ကိုယ်တိုင် မသိထားသော သူ့ဘဝရဲ့ဇာတ်ဖိတ်စာချပ်ကို အသုံးချရန် ရည်ရွယ်ချက်မျိုး ထိုအချိန်က စိုးစဉ်းမျှမပေါ်ခဲ့ပေ။

❀❀❀



www.burmeseclassic.com

www.burmeseclassic.com









# အပိုင်း [၄]



www.burmeseclassic.com

www.burmeseclassic.com









အစောကြီးကတည်းကမြင်ခဲ့သော မြင်ကွင်းကို ကြည့်မိနေသည်မှာ ကြာပြီဖြစ်သည်။ သို့တိုင် မြင်ကွင်းထဲက မိန်းကလေးက သူ့ကို မမြင်သေး။

အင်းလေ အကွာအဝေးက မိန်းကလေးချက်ချင်း သတိပြုမိနိုင်သောနေရာမဟုတ်တာလည်းပါမှာပေါ့။

အစိမ်းနုနုအင်္ကျီလက်တိုနှင့် အောက်ကအစိမ်းအပွင့် လေးများဖော်ထားသော အချိတ်လုံချည်လေးကို ဝတ်ဆင်ထားသည်။

အစားအသောက်များကို မြိန်ရေယှက်ရေစားနေသည့် ကလေးငယ်များကို အားရကျေနပ်စွာ ပီတိဖြစ်နေပုံကို သူကြည့်နေမိခြင်းပင်။



www.burmeseclassic.com

www.burmeseclassic.com



သူ့အာမခံရဲပါသည်။ ဒီအကြည့်သည် လှပသော မြင်ကွင်းတစ်ခု အဖြစ် ကြည့်နေမိခြင်းမျိုးသာ ဒီမြင်ကွင်းအပေါ်တွင် သူ့ရဲ့နှလုံးသား စွက်ဖက်ခံစားမှုများ လုံးဝမပါရှိပေ။

မချစ်တတ်သော သူ့အတွက် သူ့နှလုံးသားကလည်း တံခါးအလုံ ပိတ်ထားခဲ့သည်ပဲ။

သူ့အတွက် မိဘမဲ့ကလေးများဂေဟာသည် စိမ်းနေသောနေရာ ဟုတ်၏။ တစ်နှစ်တစ်ခေါက်လောက်တော့ အနည်းဆုံးရောက်ဖြစ်သော နေရာဖြစ်သည်။

သိန်းလည်နေသော ကလေးများပင် သူ့ကိုမှတ်မိစွာဖြင့် သူ့ပေး တတ်သောလက်ဆောင်ပစ္စည်းလေးများကို မက်မောစွာ တောင်းနေ တတ်ပြီဖြစ်သည်။

"ဟင်..."

ကြည်နူးစရာမြင်ကွင်းမှ အကြည့်ကိုရုပ်သိမ်းလိုက်ပြီး သက်ပြင်း တစ်ချချ၍ ထိုနေရာလေးမှ ထထွက်လာစဉ်...၊

"ဦးဦး..."





သူ့နောက်က ပြေးလိုက်လာသော ခြောက်သက်နှစ်ယ်လေးနှင့် ကလေးသံ စာစာလေးတစ်ခု။

လှည့်ကြည့်လိုက်စဉ် သူဝယ်ပေးခဲ့သော ဘောအရုပ်လေးကိုကိုင် ၍ ပြေးလာနေသော ကလေးငယ်လေး။

"ဘာဖြစ်လို့လဲ သားရဲ့"

ကလေးငယ်က ငိုမဲ့မဲ့ဖြင့် သူ့ကိုမော့ကြည့်ပြီး

"သားကော်ကြီက ဘီးလေးကျွတ်သွားပြီ"

မျက်ရည်လေးများဝဲလာကာ ဘီးပြုတ်လေးကိုကိုင်၍ အားကိုး တိုင်တန်းနေသော ကလေးငယ်လေး။

"သားက အဆော့ကြမ်းတယ်ထင်တယ်၊ ပေးပေးဦးဦးတပ်ပေး မယ်"

ကျွတ်နေသော ဘီးလေးကို အံဝင်ခွင်ကျနေရာတကျတပ်ပေး လိုက်စဉ် ကားလေးကပုံမှန်ဖြစ်သွားသည်။

"ဟောဒီမှာ ကောင်းသွားပြီ"

ကလေးငယ်ရဲ့ ပျော်နေသောမျက်နှာ။



www.burmeseclassic.com

www.burmeseclassic.com



ဝမ်းသာသွားသောမျက်နှာ။

အားကိုးယုံကြည်သွားသောမျက်နှာ။

သူငယ်ငယ်က မရခဲ့တဲ့ မျက်နှာမျိုးဖြစ်မှာပေါ့။

ဆက်စပ်တွေးတောမိသော သူ့ကိုယ်သူ ပြန်နှစ်သိမ့်လိုက်ပြီး

ကလေးငယ်လက်ထဲသို့ ကားကိုပြန်ပေးရင်း နီရဲရဲဆံပင်ပျော့ကို သပ်ပေးလိုက်သည်။

"ကျေးဇူးပဲ ဦးဦး၊ သားသွားမယ်နော်"

ဒီကလေးများ အနာဂတ်လှပပါစေဟု ဆုတောင်းပေးရင်း ပြန်ပြေးထွက်သွားသော ကလေးငယ်ရဲ့ ကျောပြင်ကိုငေးကြည့်နေစဉ်..

"ကိုနေဝန်းသစ်"

သူ့နံဘေးဆီမှခေါ်သံဖြစ်ပြီး ထူးခြားသောကိုယ်သင်းနံ့ ပျော့ပျော့နှင့်

"လရိပ်ပြာ"

ပြုံးတုံ့တုံ့မျက်နှာနှင့် သူ့ကိုရင်းနှီးစွာကြည့်နေလျှက်..

"မုန့်စားနေတဲ့ကလေး ရုတ်တရက်ပြေးထွက်သွားတာမြင်လို့ လိုက်လာတာ"





"အော်..သူ့ကားလာပြင်ခိုင်းတာလေ"

"ဟင်း..ဟင်း..ဟင်း"

သူ့နည်းတူကြည်နူးစွာရယ်လျှက်

"ပြန်တော့မလို့လား"

လရိပ်ပြာက နှုတ်ဆက်သည်ဆိုခြင်းထက် တားမြစ်သည့်ဘက်ကို နွယ်သောအသံဖြင့် မေးလိုက်သည်။

"လရိပ်ပြာကိုမတွေ့ခင်ကတော့ ပြန်တော့မလို့ပဲ"

ရှက်သွားသလိုအရိပ်ကလေး တွေ့လိုက်ရသဖြင့် မရှက်စမ်းနဲ့က လေးမရဲ့ ကျုပ် ရိုးရိုးသားသားပြောလိုက်တာ မင်းနဲ့အတူနေလိုခြင်း ဆန္ဒမှာ တစ်ခြားရည်ရွယ်ချက်မရှိဘူးနော်။

အသက်ငယ်ပေမဲ့ ရင့်ကျက်သူပီပီ လရိပ်ပြာက ချက်ချင်းပင် ရှက်ရိပ်ကိုပြန်သိမ်းပြီး..

"ကိုနေဝန်းသစ်ရော..လာလျှုတာပဲလား"

သူခေါင်းညိတ်ပြလိုက်သည်။

"ဘာအထိမ်းအမှတ်နဲ့ လာလျှုတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးများကို စပ်စုတတ်သည်ဟု သိထားသော်လည်း ဒီလိုစပ်စုမှုကတော့ အပြစ်တင်၍မရသော စပ်စုမှုမျိုးပင်၊ မမေးရင်တော့ အကောင်းဆုံးပေါ့။

"အင်း··ကျွန်တော်မထင်မှတ်တဲ့နေရာက မထင်မှတ်တဲ့အမွေတွေရလို့ အဲဒီပိုက်ဆံတွေလာလှူတာလေ"

သူ့အမေရဲ့ဝှာ စွန့်ခွါခဲ့သော အသိုင်းအဝိုင်းက ရသည့်အမွေကို သူ မသုံးချင်။ တစ်လျှောက်လုံးအထီးကျန်လာခဲ့ပြီးမှ မထင်မှတ်ဘဲရလိုက်သော ပေးအပ်မှုတစ်ခုကို သူလက်မခံလိုပါ။

သူ့ကြီးဒေါ်သဘောကျ လက်ခံလိုက်ပြီး ထိုပိုက်ဆံအားလုံးကို မိဘမဲ့ဂေဟာမှာ လာလှူခြင်းပင်ဖြစ်သည်။

"လရိပ်ပြာကရော"

"ကျွန်မမွေးနေ့အတွက်လာလှူတာ"

"မွေးနေ့···ဟုတ်လား၊ ဒါဆိုအတော်ပဲ···ကိုယ့်နံနက်စာအတွက် ဒကာရပြီပေါ့၊ ဘယ်လိုလဲ လရိပ်ပြာ ကျွေးမှာလား"

လရိပ်ပြာက မျက်ဆန်နက်နက်ကလေးကို ထောင့်ကပ်လျှပ်စဉ်းစားဟန်ပြုနေသည်။





ဒါမျိုးတွေကြောင့် သိင်္ဂါရ ရွှးတာထင်ပါရဲ့။

သူကရော···

အင်း ကြည့်တော့ကြည့်ကောင်းသား။ ဒါပေမဲ့ ဒီလောက်နဲ့ သူ့နှလုံးသားဘယ်ရွှးလိမ့်မတုန်း။

"အင်း···ဒီနွေညနေပိုင်း ဆိုင်ထိုင်ရမှာဆိုတော့ လောလောဆယ် အားသေးတယ်··တစ်ခုခုသွားစားကြတာပေါ့"

ဒီကောင်မလေး လွယ်လွယ်ကူကူလိုက်လျောလာသည်ကိုပင် သူ့ဘက်ကလိပ်ပြာမလုံစွာ··။

သိင်္ဂါရရေ···မင်းရော ငါ့ကိုမျက်နှာသာပေးမှုမျိုး ရဖူးရဲ့လား··

သိင်္ဂါရနှင့် ပတ်သက်လာလျှင် အရာအားလုံး နှာနာကြည်းကြည်းတွေးမိနေသည်မှာ အကျင့်ဖြစ်နေပြီဖြစ်သည်။

ဒီကောင်မလေးကိုရော···

ခွင့်လွှတ်ပါ လရိပ်ပြာ···

မင်းနှလုံးသား ဒဏ်ရာမရပါစေနဲ့။

ကိုယ်ရည်ရွယ်တာ သိင်္ဂါရ တစ်ယောက်တည်းကိုပါကွယ်။

❀❀❀



www.burmeseclassic.com

www.burmeseclassic.com



အတူဆုံဖူးခဲ့သောစားသောက်ဆိုင်လေးရှေ့တွင် လရိပ်ပြာကားလေး ရပ်သွားသဖြင့် ဘယ်ရယ်မဟုတ်သူပြုံးယောင်ယောင်ဖြစ်သွားသည်။

ဒီကောင်မလေး ဦးနှောက်ထဲက အမှတ်ရမှုတွေအတွက် နှမြောသလိုလို ရှိသွားသည်။

ပြီးတော့ သူ့ကိုယ်သူ အပြစ်မကင်းစွာ ခံစားလိုက်ရသည်။

ဆိုင်ထဲသို့ နှစ်ယောက်အတူယှဉ်သွားစဉ်

"ကိုယ့်ကို ဆီထမင်းပြန်ကျွေးမှာတော့ မဟုတ်ပါဘူးနော်"

သူ ရယ်သွေးသွမ်းစလိုက်စဉ်…





"ဆီထမင်းလောက်နဲ့ ပြီးသွားရင်တော့ အကောင်းဆုံးပေါ့"

လရိပ်ပြာကလည်း ခေသူမဟုတ်။ သူ့ကို နည်းနည်းကလေးမျှ ရှက်ရှိန်းမှုမရှိဘဲ ပြန်စနိုင်လေသည်။

တကယ်စားဖြစ်ခဲ့တော့ မြန်မာထမင်းဟင်းဖြစ်သည်။

"ဘယ်လိုလဲ ရှင့်အိမ်သူလက်ရာနဲ့ ဘယ်လိုကွာလဲ"

သူ ရယ်ဟဟလုပ်ပစ်လိုက်ပြီး…

"သွယ်ဝိုက်တဲ့နည်းနဲ့ မေးတာထင်တယ်၊ စိတ်ချ… ကိုယ်က ဆယ့်နှစ်ပြည်စားမှာ"

ဝန်ထမ်းဆန်အမှတ်အသားနှင့် သွယ်ဝိုက်စွာပင် သူပြန်ဖြေလိုက်သည်။

လရိပ်ပြာရဲ့ ပန်းသွေးရောင်မျက်နှာပေါ်တွင် နှစ်လိုကျေနပ်မှုတွေ ပြည့်လျှမ်းနေတာတွေ့ရသည်။

"သိင်္ဂါရနဲ့ တွေ့ဖြစ်သေးလား"

သိင်္ဂါရအမည်ပါလာ၍ လရိပ်ပြာမျက်နှာက ပြန်တည်သွားပြီး

"အံ့သြစရာပဲ‥သူနဲ့တွေ့ရင် ရှင့်အကြောင်း သူကမေးတတ်ပြီး၊



www.burmeseclassic.com

www.burmeseclassic.com



ကိုနေဝန်းသစ်နဲ့ တွေ့ပြန်တော့ နေဝန်းသစ်လည်း သူ့အကြောင်းမေး တတ်ပါလား"

"ဒါမဆန်းဘူးလေ.. တစ်ယောက်ခြေလှမ်းကို တစ်ယောက်ရိပ်စားမိအောင်ကြိုးပမ်းနေတာပဲ"

"ဒါဆိုလည်း ပြောပြစမ်းပါဦး သူပြောတဲ့အကြောင်းတွေ"

လရိပ်ပြာက ပါးနပ်စွာပြုံးပြီး...

"ကိုယ့်အကြောင်းကိုယ်သိတာပဲ၊ ဘာဖြစ်လို့ သူများသတ်မှတ်ချက်ကိုမှ ကြားချင်ရတာလဲ၊ ကျွန်မလည်း လူကဲခတ်မညံ့ပါဘူးလေ"

သေချာတာကတော့ ကောင်းတာမဟုတ်ဘူးဆိုတာပင်။

အင်းလေ တစ်ဦးမေတ္တာတစ်ဦးမှာ ဆိုတဲ့စကားက အလကားထားခဲ့တာမှမဟုတ်ဘဲ။

သက်ရောက်မှုအတွက် တူညီတဲ့တုံ့ပြန်မှုရှိနေတာ မပြောင်းနိုင်တဲ့ သီအိုရီတစ်ခုပဲလေ။

"ကဲ ပြောစမ်းပါဦး၊ နေဝန်းသစ်သိထားတဲ့ ကိုသင်္ဂါရအကြောင်း"

နောက်ဆုံးထမင်းကိုလက်စသတ်၍ နှုတ်ခမ်းကို တစ်သျှူးဖြင့် တို့သုတ်ပြီး·





"တော်တော်စပ်စုတဲ့ ကလေးမလေးပဲ"

သူ့ချစ်စနိုးစမှုကို လရိပ်ပြာက စိတ်ဆိုးဟန်မပြ၊ နှုတ်ခမ်းလှလှ စူရုံစူ၍ အလိုမကျစွာ ကြည့်နေသည်။

ကောင်မလေးရေ မင်းအမူအရာတွေက ချစ်ဖို့ကောင်းရဲ့။ ဒါပေမဲ့ ငါ့ရင်ထဲဖောက်မဝင်သေးဘူးကွဲ့။

"ကဲပါ..ကိုယ်အတိုဆုံးပြောပြမယ်၊ တစ်ချိန်က ကိုယ်ဟာ သင်္ဂါရတို့အိမ်က အစေအပါးတစ်ယောက်ဖြစ်ခဲ့ဘူးတယ်၊ ဘယ်လိုလဲ သင်္ဂါရ ပြောထားတာနဲ့ ကိုက်တယ်မဟုတ်လား"

လရိပ်ပြာက ဝန်ခံသောသူ့ကို အထင်ကြီးစွာ ကြည့်နေသည်ကို တွေ့ရသည်။

မိန်းမတစ်ယောက်ဆီက အထင်ကြီးမှု၊ လေးစားမှုများကို သူလက်မခံလို၊ အဘယ့်ကြောင့်ဆိုသော် သူ့ဘက်က ဘာမှပြန်ပေးရန်ဆန္ဒမရှိသောကြောင့်ပင်။

လူတိုင်းတွင် မကောင်းသော အတိတ်ကိုတွေးချင်သော ဆန္ဒမရှိကြပေမဲ့ သူကတော့ အတိတ်ကို ပြန်တွေးတိုင်း နာကျင်မိသော ခံစားမှုကို နှစ်သက်နေလေပြီ။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ အတိတ်ကို နိုင်ခဲ့သော ပစ္စုပ္ပန်ကို သူပိုင်ထားသည့်အတွက် အားကျကျေနပ်စွာ…

❀ ❀ ❀





မွေးနေ့လက်ဆောင်အဖြစ် စိန်လော့ကတ်လေးတစ်ခုကို ရွေးဝယ်ပြီး လရိပ်ပြာရှိရာ အရိပ်ဆိုင်လေးသို့ သူလာခဲ့လိုက်သည်။

သူ့အတွက် ခံစားချက်ဗလာဖြစ်နေသော်လည်း ကစားစရာကောင်းသော ကစားနည်းအဖြစ်တော့ သူထင်နေသည်။

"ဧည့်သည်ရှိနေတယ်"

ဟူသော အရောင်းစာရေးမလေးရဲ့စကားကြောင့် လရိပ်ပြာကို မစောင့်ဖြစ်တော့ဘဲ ပြန်မည်အလုပ်

"ကျွန်မ မေးပေးမယ်လေ‥ခဏနော်"

သူ့နာမည်ပြောလိုက်သည်နှင့် လရိပ်ပြာဆီက ချက်ချင်းဝင်ခွင့်ပေးလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ပထမ ဧည့်သည်အဖြစ် ရောက်ရှိနေသူသည် သိင်္ဂါရဖြစ်မှန်းရုံးခန်းထဲအရောက်တွင် သိလိုက်ရသည်။

ဆုံကြပြန်ပြီပေါ့။

သူ့ဘက်က လိုလိုလားလား (နှစ်သက်ခြင်းမဟုတ်)နှုတ်ဆိတ်နေလိုက်စဉ် လူကြီးလူကောင်းဆန်သော အပြုံးကို မနှစ်မြို့စွာဟန်လုပ်ပြုံးရင်း သိင်္ဂါရက ခေါင်းညိတ်ပြသည်။

"ထိုင်...နေဝန်းသစ်"

သိင်္ဂါရနှင့် ဘေးချင်းယှဉ်ထိုင်မိရက်သားဖြစ်သွားသည်။

"ဟက်ပီးဘာ့ဒ်ဒေး လရိပ်ပြာ"

လက်ဆောင်ဘူးလေးကို လရိပ်ပြာဆီကမ်းပေးရင်း ပြောလိုက်ခြင်းဖြစ်သည်။

သိင်္ဂါရမျက်နှာကို သူမတွေ့ရပေမဲ့ စားပွဲပေါ်တွင်တင်ထားသော သိင်္ဂါရ လက်ချောင်းလေးများ ကျစ်လစ်စွာဆုပ်မိလျက်သား ဖြစ်သွားသည်ကို မြင်ဖြစ်အောင်မြင်လိုက်မိသည်။

"ဟာ...နေဝန်းသစ်ကလည်း လက်ဆောင်တွေဘာတွေ လုပ်နေသေးတယ်၊ ကြုံလို့ကျွေးရတာပဲ"





လရိပ်ပြာက လက်ခံရန် အားနာစွာဖြင့်ငြင်းနေသည်။ ပိုင်ရှင်မသိပို့ထားသော သူ့ပန်းလေးများကတော့ စားပွဲပေါ်မှာဝေဆာလျှက်။

"ဟင်...လရိပ်ပြာမွေးနေ့ ဒီနေ့လား...ကျွန်တော်တောင်မသိဘူး"

"မနေ့ကလေ...နှစ်ဆယ့်သုံးနှစ်ပြည့်တာပေါ့"

သူ့အောက် ခြောက်နှစ်ငယ်သောလရိပ်ပြာပင်။

"ဖွင့်ကြည့်ပါဦး လရိပ်ပြာကြိုက်ရဲ့လားလို့...ကိုယ် ရမ်းသမ်းပြီးဝယ်လာရတာဆိုတော့ မကြိုက်မှာစိုးတယ်"

သိင်္ဂါရမျက်နှာက ပို၍ယိုယွင်းညိုမဲလာသည်။

နာခံလွယ်သောခလေးလို လရိပ်ပြာက သူ့စကားအတိုင်း ပါကင်စက္ကူကိုဖြည်လေသည်။

ကြည့်ထားစမ်း သိင်္ဂါရ...မင်းရဲ့နောက်ထပ်အရှုံးကို မင်းမြင်ရလိမ့်ဦးမယ်။

မကြာခင် ကတ္တီပါဘူးအနက်လေးပေါ်လာပြီး ဘူးကလေးအဖွင့် စိန်ပွင့်သေးသေးလေးများဖြင့် အသည်းပုံဖော်ထားသော စိန်လော့ကတ်လေး။



www.burmeseclassic.com

www.burmeseclassic.com



လရိပ်ပြာမျက်နှာက အံ့သြစွာ ပြီးတော့ ဝမ်းသာစွာ၊ နောက်ဆုံး အားနာစွာဖြင့် မျက်နှာလေးကတည်သွားပြီး။

"ဟင့်အင်း…ဒီလောက်တန်ဖိုးကြီးတာ ကျွန်မ လက်မခံပါရစေ နဲ့"

ချက်ချင်းပင် လက်ဆောင်ဘူးလေးကို ပြန်ပေးလေသည်။

"တန်ဖိုးသိပ်မကြီးပါဘူး လရိပ်ပြာရဲ့၊ ကျွန်တော့်စေတနာက အဓိကပါ၊ ဘယ်သူနဲ့မှ မတူတဲ့လက်ဆောင်မျိုး ကိုယ်ပေးချင်လို့ပါ"

သူ့ရဲ့အသံက အမိန့်ဆန်ဆန်ပြောနေပေမဲ့ သူ့အသံထဲက နူးညံ့မှုထဲမှာ စေတနာတွေပါနေတာ လရိပ်ပြာသိမှာပါ။

"ဒါပေမဲ့…"

"ဆက်မငြင်းနဲ့တော့လရိပ်ပြာ၊ ဆက်ငြင်းရင် ကိုယ်စိတ်မကောင်းဖြစ်ရလိမ့်မယ်"

သိင်္ဂါရလက်ဖျံပေါ်က သွေးကြောများဖောင်းလာပြီး တုန်လှုပ်နေတာတွေ့လိုက်ရသည်။

"ကျွန်တော်ပြန်တော့မယ်…လရိပ်ပြာ"





စိတ်အနှောင့်အယှက်ဖြစ်မှုကို ဒီလိုနည်းနဲ့ဖြေရှင်းရန် သိင်္ဂါရကြိုးစားလိုက်ပုံရသည်။

"ဟုတ်ကဲ့…ကောင်းပါပြီ"

လရိပ်ပြာက မတားတော့ဘဲ ခွင့်ပေးလိုက်သဖြင့် ပိုခံရခက်သွားပုံရသော သိင်္ဂါရသည် သူ့ကိုပင် နှုတ်မဆက်တော့ဘဲ ထထွက်သွားလေသည်။

အင်းလေ မင်းဆက်ရှိနေရင်လည်း ငါ့ရဲ့ပါးနပ်တဲ့အကွက်ဆင်မှုကြော့ မသိမသာတိုးဝင်လာတဲ့ လရိပ်ပြာရဲ့ ပျော်ဝင်မှုတွေကို စိတ်မချမ်းသာစွာနဲ့ မင်းတွေ့နေဦးမှာပေါ့။

"သိင်္ဂါရ စိတ်ကျေနပ်ရဲ့လားမသိဘူး"

လရိပ်ပြာဆီက စကားနှိုက်လိုက်စဉ်…

"သူက ဆရာဝန်တစ်ယောက်သာဆိုတယ်၊ သိပ်ရင့်ကျက်ပုံမရဘူး၊ ယောကျ်ားတစ်ယောက်အနေနဲ့ဆိုရင် ပျော့ညံ့လွန်းတယ်လို့ သတ်မှတ်ရမှာပဲ"

မိန်းမတွေဟာ နူးညံ့တာကိုပဲနှစ်သက်တယ်ဆိုတာ ပျော့ညံ့တာကို

www.burmeseclassic.com



တော့ မှတ်ချတယ်ဆိုတာ သူသိထားသည့်အတိုင်း မှန်နေလေပြီ။

"ကိုယ် နောက်နေ့လာဦးမယ်၊ အဲဒီအချိန်မှာ လရိပ်ပြာရဲ့ ရင်ညွန့်မှာ ကိုယ့်လော့ကတ်လေးရှိနေစေချင်တယ်"

လရိပ်ပြာ သူ့ရဲ့တောင်းဆိုမှုအတွက် အံ့သြရင်ခုန်စွာ နှုတ်ခမ်းလေး ဝိုင်းဟသွားသည်။

"ဘာကြောင့်လဲ…ဘာအတွက်လဲ ဆိုတာကိုတော့ နောက်တစ်ကြိမ် ကိုယ်နဲ့တွေ့ရင်ပြောပြမယ်"

မနှုတ်ဆက်ဘဲ ပြောချင်တာပြောချလိုက်ပြီး ထွက်လာခဲ့စဉ် မင်သက်အံ့သြနေတဲ့ လရိပ်ပြာက ငြိမ်သက်ဆဲ…

ကလေးမလေးရေ ငါဖမ်းစားခဲ့မိတဲ့အတွက် ခွင့်လွှတ်ပါကွာ။

ကားတံခါးဖွင့်ရန် ကားပေါ်တက်ခါနီးမှာ

"နေဝန်းသစ်၊ ငါ မင်းနဲ့စကားပြောချင်တယ်"

သူ့နောက်နားဆီက အသံကြောင့်လှည့်ကြည့်လိုက်စဉ် ရှုတည်တည်မျက်နှာနှင့် သိင်္ဂါရ။

'မင်း တောင်းဆိုတာနော်'





သူ့ဘက်ကတော့ ဘာမှ တွန့်ဆုတ်ရန်မရှိ၊ အမြဲတမ်းရင်ဆိုင်ရန် အသင့်။

ဈေးကိုင်ရန်ကော ဆိုသည့်စိတ်မရှည်သည့်အကြည့်ကို သိင်္ဂါရ ထံတွင် တွေ့ရစဉ်၊ သူပြုံးမိလိုက်သည်။

ဘယ်တော့များမှ သူ့အပေါ်တွင် ကြည်လင်သာအမြင်ပြောင်းလဲလာမည်မသိ။

အေးလေ သူကိုယ်တိုင်တောင် ဒီစိတ်မထားနိုင်သေးမှတော့ သူ့ရဲ့ ဆန့်ကျင်ဘက်လူဆီမှာ ပိုဝေးပေါ့။

"ဒါဆို Aroma ကို သွားမယ်"

သိပ်မဝေးသောနေရာကို သွားရန် သိင်္ဂါရကပင် ရွေးချယ်ပြီး ရှေ့ကသွားလေသည်။

သိင်္ဂါရ၏နောက်မှ ခြေလှမ်းဆယ်လှမ်းကွာမျှ နေရာကသူက လိုက်လျှက်။

ဘာပဲဖြစ်ဖြစ် စားပွဲတစ်ခုမှာတော့ နောက်ဆုံးအတူထိုင်ရတာပဲလေ။



www.burmeseclassic.com

www.burmeseclassic.com



အတူထိုင်ပြီးကြသည်နှင့်

"မင်း ဘာအကြံတွေထုတ်နေတာလဲ နေဝန်းသစ်"

သိင်္ဂါရကို သနားစရာကောင်းစွာကြည့်လိုက်ပြီး

"ဘယ်လိုအကြံထုတ်ထုတ် ပန်းတိုင်ရောက်ဖို့အဓိကပဲ မဟုတ်လား"

ရှုံးရှုံးရှားရှားနှင့် သိင်္ဂါရပုံစံက ရယ်စရာကောင်းလောက်အောင် စိတ်လှုပ်ရှားလျှက်။

"မင်း ကောင်မလေးကို တော်တော်စွဲနေတာပဲ"

အနာကို တုတ်နဲ့ဆွလိုက်တာမို့

"အဲဒါကြောင့် မင်းဝင်ဖျက်နေတာမဟုတ်လား"

ပန်းနှစ်ဘက်ကိုတွန့်ရင်း သူဝန်ခံလိုက်သည်။

"ဝင်ဖျက်နေတယ်ဆိုတဲ့ စကားလုံးက သိပ်ကြားမကောင်းဘူးကွာ၊ ကြိုးစားနေတယ်လို့ပြောစမ်းပါ"

သူ့ဆီကို ဆက်တိုက်ရောက်လာနေသော အထင်သေးသည့်အကြည့်များကို မတုန်မလှုပ် လက်ခံရင်း ပြောနေမိသည်။





"ငါက တန်ရာတန်ရာစကားလုံးမျိုးပဲသုံးတယ်"

သိင်္ဂါရက ရန်တွေ့တတ်သော မိန်းမတစ်ယောက်နှယ် မချစ်ဖူးဘူးထင်ရဲ့။

သူကရော သူလည်းမချစ်ဖူးပါဘူး၊ ဒါပေမဲ့ အခုလည်းအချစ်ကို မတွေ့ထားဘူးလေ။

အခြေခံ ခံစားမှုခြင်း ကွာတာပေါ့။

"ထားပါတော့ မင်း ငါ့ကို ဒီကိုခေါ်လာတာ ဒါတွေပြောဖို့လား၊ ကော်ဖီတိုက်ဖို့လား၊ ဒါတွေပဲပြောမယ်ဆိုရင်တော့ ပြီးပြီမဟုတ်လား၊ ငါသွားတော့မယ်"

"နေဦး…ငါပြောလို့မပြီးသေးဘူး"

လွန်ခဲ့သော ခုနှစ်နှစ်ခန့်က လေသံမျိုးကိုပင် သိင်္ဂါရ သုံးစွဲနေဆဲ။

ဒါပေမဲ့ သူက အရင်လူမဟုတ်တော့။

"မင်းပြောလို့မပြီးသေးရင် ငါဆက်ပြောပြမယ်၊ ငါ လရိပ်ပြာ အချစ်ကိုရအောင်ယူပြမယ်၊ မင်းမေ့နေတယ်ထင်တယ်၊ ငါက မင်းရဲ့ပြိုင်ဘက်လေ"



www.burmeseclassic.com

www.burmeseclassic.com



သိင်္ဂါရက သူ့စကားများကို ခံရခက်စွာနားထောင်ပြီး

"မင်းက ကိုယ့်ကိုကိုယ်အထင်ကြီးလွန်းနေတာကိုး၊ ငါနဲ့ပြိုင်ရအောင် မင်းနဲ့ငါက ဘယ်တော့မှအဆင့်အတန်းချင်းတူမှာမဟုတ်တော့ဘူး၊ အော်..ပြီးတော့ မင်းကိုပြောပြထားစရာရှိသေးတယ်၊ မင်းသိချင်သိမှာပေါ့"

သိင်္ဂါရစကားထူးဆန်းနေ၍ သူပင်အံ့သြသွားသည်။ သို့သော်စိတ်ဝင်စားမှုကို မပေါ်အောင်ထိန်းပြထားလိုက်သည်။

"ငယ်ငယ်က မင်းအဖေနာမည် ခဏခဏမှားတာမှတ်မိလား၊ ငါအခုမှ သဘောပေါက်တယ်၊ မင်းမှာအဖေမှမရှိတာ၊ မင်းက အဖေမပေါ်ဘဲ မွေးထားတဲ့ ကလေးတဲ့ သံသယလည်းဖြစ်မနေနဲ့ဦး၊ မင်းအေါကြီးကိုယ်တိုင်က ပြောပြသွားတာ၊ သူတစ်ပါးရဲ့ အားနည်းချက်ကိုထုတ်ပြောတာ ယောက်ျားကောင်းတစ်ယောက်ရဲ့ အမူအကျင့်မဟုတ်မှန်းငါသိတယ်၊ ဒါပေမဲ့ မင်းက ငါနဲ့မှထိပ်တိုက်ရင်ဆိုင်ဖို့ကြိုးစားနေတော့ ငါသိက္ခာကျခံပြီး ပြောရတာ"

သူ့နားထဲ အူထွက်သွားသလို ခံစားလိုက်ရပြီး မျက်နှာတစ်ခုလုံး





က ပူပြင်းလောင်မြိုက်စွာ မျက်လုံးထဲ အရင်ဦးဆုံး မြင်မိလိုက်တာက သူ့အမေ။ ပြီးတော့ ဘယ်တုန်းကမှ မမြင်ဘူးပေမဲ့ ခဏခဏ ပုံဖော်ကြည့်မိဖူးတဲ့ သူ့အဖေ။

"သိပ်ခံပြင်းမနေပါနဲ့ နေဝန်းသစ်"

"မင်းမရှုံးဖူးဘူးနော်၊ မင်းကိုရှုံးအောင်ရိုက်ချိုးပြရတာ"

"ဟား..ဟား..ဟား"

သူ့အကျယ်ကြီးရယ်ချလိုက်၍ သိင်္ဂါရအပါအဝင် အခြားဝိုင်းရှိလူတစ်ချို့ပါ အံ့သြစွာဝိုင်းကြည့်လေသည်။

ဒါပေမဲ့ ချက်ချင်းလိုလိုပင် အခြေအနေကပုံမှန်ပြန်ဖြစ်သွားပြီး..

"ဒါများ ဆန်းတာလိုက်လို့၊ အဖေရှိခြင်းမရှိခြင်းအပေါ်မှာ ငါငယ်ငယ်ကတည်းက မခံစားခဲ့ဖူးဘူး၊ အခုမှသိရောဘာဖြစ်လဲ ဘာမှမထူးဘူး"

ကြည်လင်ပြတ်သားစွာထွက်နေသည့် သူ့အသံများကို သူဘာသာသူကျေးဇူးတင်လျက်

သိက္ခာဆိုတဲ့ စကားကိုအကာအကွယ်ယူပြီး ထိုးနှက်ခဲ့သော သိင်္ဂါရကို စိတ်ထဲမှ ဝါးမျိုနှင်းချေနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



သိင်္ဂါရ…

မင်းရဲ့စော်ကားမှု၊ ထိုးနှက်မှု တစ်ခုတိုင်းတစ်ခုတိုင်းအတွက် ငါလည်း တစ်ခုပြီးတစ်ခု ပြန်ယူမယ်။

အချစ်ကို မမွေးဖွားဘဲ ဖန်တီးထုတ်လုပ်မဲ့ လူတစ်ယောက်အဖြစ် မင်းရဲ့အချစ်တွေကို နင်းချေမွပစ်ဦးမယ်သိင်္ဂါရ။

စိတ်ထဲက မာန်ကြီးသောအတွေး။

နှုတ်ဖျားက ပေါ့ပါးသောအပြုံး။

မျက်လုံးများက အငြိုးများစွာကိုတပ်ဆင်ထားလို့။

သိင်္ဂါရကတော့ တစ်ကြိမ်တည်းသော ထိုးနှက်နိုင်မှုအတွက် ကျေနပ်စွာ။

"ငါပြောချင်တာကုန်ပြီး နေဝန်းသစ်"

"ခုချိန်မှာတော့ ကုန်ပြီလို့မင်းပြောနိုင်တာပေါ့၊ အင်း နောင်တစ်ချိန် မင်း ငါ့ကိုစကားတွေအများကြီး ထပ်ပြောရဦးမှာပေါ့"

ခံစားမှုကို ထိန်းသိမ်းနိုင်စွမ်းမရှိသော သင်္ဂါရကတော့ သူ့စကားတိုင်းကို ခုခံနိုင်စွမ်းမရှိစွာ။





နေရာမှ ခပ်ကြမ်းကြမ်းထထွက်သွားသည်။

"မင်း ခေါ်လာခဲ့ပြီး ကော်ဖီလေးတောင်မသောက်သွားဘူးလား ကွ"

တကယ်တမ်းတွင် သူကိုယ်တိုင်လည်း လောင်မြိုက်လွန်းစွာဖြင့် ကော်ဖီမသောက်ဖြစ်ခဲ့။

အေးစက်စက်ကျန်ခဲ့မည့် ကော်ဖီနှစ်ခွက်ကရော စစ်အေးတိုက်ပွဲဆင်ကျန်နေခဲ့မလားမသိ။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့အတွက် ပန်းစည်းလေး၏ ဖဲကြိုးတွင် ချည်ပေးလိုက်သော ကတ်ပြားလေးထဲတွင်

"ဆိုင်ထဲကအပြင်ကို ခြေလှမ်းထွက်လိုက်တာနဲ့ လရိပ်ပြာအတွက် ကောင်းကင်သစ်တစ်ခုကို တွေ့ခွင့်ရလိမ့်မယ်"

ပန်းစည်းပို့နေကျလူက သူ့ကိုရယ်၍ကြည့်ပြီး

"ဆရာက တော်တော်စိတ်ကူးယဉ်ပြီး အချစ်ကြီးတာပဲ"

ရင်ထဲတွင်သာ အမှန်အတိုင်းဝန်ခံဖြစ်လိုက်သည်။





ပြီးတော့ ကြိုတင်စီစဉ်ထားသည့်အကြံအတိုင်း ကလေးငယ်တစ်ချို့ကို ပန်းတစ်ပွင့်စီ ကိုင်စေပြီး သူရှိနေရာလမ်းတစ်လျှောက်တွင် နေရာချထားပေးလျှက်...

သူ့တွက်ကိန်းမမှားဘူးဆိုလျှင် လရိပ်ပြာဆိုင်ပြင်ထွက်လိုက်သည်နှင့် ကလေးငယ်များ တစ်ယောက်စီတစ်ယောက်စီ ပေးသောပန်းပွင့်ကလေးများကို ရရှိပေလိမ့်မည်။ စုစုပေါင်းဆယ့်ကိုးပွင့်မြောက်ရှိသောနေရာတွင် သူရှိနေသည်။

ထိုနေရာလေးက ဆိတ်ငြိမ်သော အအေးဆိုင်လေးဖြစ်သည်။

စီးကရက်သုံးလိပ်နီးပါးကုန်အောင် ထိုဆိုင်လေးတွင် သူစောင့်နေခဲ့ရသည်။

သေချာတာကတော့ စောင့်နေရသောအချိန်များကို ငြီးငွေ့စွာဖြတ်သန်းခဲ့ရခြင်းပင်ဖြစ်သည်။

တကယ်ဆို ဘယ်နည်းနဲ့မှ မငြီးငွေ့ဘဲ ရင်ခုန်စိုးထိတ်စွာဖြင့် သူစောင့်နေဖို့ကောင်းသည်။

ခက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ခံစားချက်ကင်းမဲ့လွန်းသော သူ့နှလုံးသားကို လှုပ်နှိုးရှုမရဖြစ်နေသည်။

ဝမ်းနည်းပါတယ် လရိပ်ပြာ…

ဒါပေမဲ့ မင်းကိုကိုယ်စောင့်နေမှာပါ…

❀❀❀



နီညိုရင့်ဝတ်စုံနှင့် အသွေးကြွစွာ လှမ်းဝင်လာသော လရိပ်ပြာ။

လက်ထဲတွင် ပန်းပွင့်ဖြူဖြူလေးများ

စုစုပေါင်း ဆယ့်ရှစ်ပွင့်တိတိရှိမှာပေါ့။

ဝတ်စုံအနီရောင်ကြောင့်လားမသိ လရိပ်ပြာမျက်နှာက ပို၍ဖြူဝင်းနေသလိုပင်။

တော်တော်လှတဲ့ ကောင်မလေး။

ဖျတ်ခနဲ သူရင်ခုန်မိသွားလား…

ဒါပေမယ့် မသေချာ။



www.burmeseclassic.com

www.burmeseclassic.com



ယော သူ့ကိုတွေ့သွားပြီ…

ကြည့်စမ်း… နုပျိုရှက်သွေးဖြာနေတဲ့ကောင်မလေးတစ်ယောက် သူ့ဆီကို ဖြည်းညှင်းစွာလှမ်းလာနေသည်။

သိင်္ဂါရရေ မင်းလာကြည့်လှည့်စမ်းတော့၊ ငါ့မှာ ပုံပြင်လှလှလေး တစ်ပုဒ် ညင်သာသိမ်မွေ့စွာ သူ့ရှေ့ရောက်လာစဉ် နေရာမှထပြီး လရိပ်ပြာထိုင်သာအောင် ခုံကိုဆွဲယူနေရာချပေးလိုက်သည်။

ထိုင်သာထိုင်ချလိုက်ပြီး လရိပ်ပြာက ငြိမ်သက်နေသည်။ ခုချိန်မှာ လရိပ်ပြာလက်ကလေးကို ကိုင်ကြည့်ရင် အေးစက်တုန်ယင်နေမလား။

ဟာ သူ့စိတ်ကူးယဉ်လွန်းနေပြန်ပြီ။

"လရိပ်ပြာအတွက်…"

သူ့လက်ထဲက နောက်ဆုံးပန်းဖြူလေးတစ်ပွင့်ကို ကမ်းပေးစဉ်…

လရိပ်ပြာက ညင်သာဖြည်းညှင်းစွာ လှမ်းယူပြီး…

"ဘာဖြစ်လို့ ကိုနေဝန်းသစ် ဖြစ်နေတာလဲ"

မကျေမနပ်ပြောခြင်းမျိုးမဟုတ် ညည်းညူရှက်ရွံ့စွာပြောနေခြင်းမျိုး





ပြီးတော့ တိုးလျတုန်ယင်စွာ

"ဟိတ်…ဒါအိပ်မက်မဟုတ်ဘူးနော်"

လက်ဝါးဖြင့် လရိပ်ပြာရှေ့မှာခါယမ်းပြီး စလိုက်စဉ်…

အပြုံးနုနုက ပြန်လည်အသက်ဝင်စွာပြည့်လာပြီး…

"ကိုနေဝန်းသစ် လူလည်ကျတယ်နော်"

သူ အားရကျေနပ်စွာခေါင်းကို နောက်လှန်၍ ရယ်ချလိုက်သည်။

လရိပ်ပြာပြောနေပုံက တမင်သက်သက်ဆိုးနွဲ့ချင်နေပုံ…။

ဒါဆို သူ ချော့ပြရမှာပေါ့နော်။

"ကိုယ့်ရဲ့ပုံပြင်လေးကို လှပချင်လို့ပါ…ပြီးတော့ လရိပ်ပြာကို ကိုယ်ချစ်တယ်"

သူ့စကားများက ပို၍လူလည်ကျရာ ရောက်သွားပြန်ပြီလား…

ဒီတစ်ခါ လရိပ်ပြာရဲ့ အံ့ဩသွားပုံကိုတော့ သူပင် ငေးကနဲစိုက်ကြည့်မိသွားရသည်။

နီညိုသွေးနှုတ်ခမ်းလေးက ဝိုင်းဟသွားပြီး မျက်ဝန်းများက မထားတတ်ဘဲ ဟိုဒီရွေ့လျားလျက် …



www.burmeseclassic.com

www.burmeseclassic.com



ကြောင်ရှင်းနေသော ပါးပြင်နှစ်ဘက်က ပန်းသွေးရောင်ချက်ချင်း လွှမ်းတက်လာသည်။

ဒါဆို မိန်းကလေးတစ်ယောက်ရဲ့ အလှဆုံးအချိန်ဟာ ရှက်သွေး ဖြာနေချိန်လို့ သူသတ်မှတ်ရမလိုဖြစ်နေသည်။

အဲဒီလို သူ့ရှေ့က သူ့ကြောင့်ရှက်နေတဲ့ မိန်းကလေးကို သူဘယ်လို နှစ်သိမ့်ရမှာပါလိမ့်....

ဘာဆက်ပြောရမှာပါလိမ့်..။

စဉ်းစားစမ်းကွာ။

"ကိုယ် လရိပ်ပြာကိုချစ်တယ်"

ဒီစကားကို သူဘယ်နှစ်ကြိမ်မြောက်ထိပြောနေမိလည်းမသိ၊ သူ့ကိုယ်တိုင်လည်း ရှက်နေမိသည်ထင့်။

သူ့လက်ထဲက လရိပ်ပြာလက်က လူးလွန့်လှုပ်ရှားသွားတော့မှ ပုံပြင်ထဲက သူ့အသက်ဝင်လာသည်။

"အင့်...ဒီပန်းပွင့်လေးက ဖြေလိမ့်မယ်"

ဖျတ်ခနဲ ပန်းပွင့်လေးတစ်ပွင့်ကို ချန်ရစ်ခဲ့ပြီး ထွက်ပြေးသွားပုံက လိပ်ပြာရဲရဲလေးတစ်ကောင်ပဲလား..။





"ဟင် သူပေးထားခဲ့တဲ့..ပန်းပွင့်ဖြူဖြူလေးက ဘာပြောပြနိုင်မှာလဲ"

ပန်းပွင့်လေးကို အူကြောင်ကြောင်နှင့် သူကောက်ကိုင်လိုက်မိသည်။

မိန်းကလေးတွေက ပဟေဠိဆန်တတ်သည်လားမသိ။

သူ ကျေနပ်စွာပြုံးနေစဉ် ပန်းပွင့်ဖြူဖြူလေးက ငြိမ်သက်စွာ သူ့ကို မေးခွန်းတွေမေးနေသည်။

"အချစ်ဆိုတာ လုပ်ယူဖန်တီးလို့ရသလားတဲ့"

သူခေါင်းညိတ်ပြလိုက်မိသည်။

❀❀❀



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းခန်းထဲက ထွက်လာသော လရိပ်ပြာသည် ပကာတိနှင်းပွင့်လေးပမာ။

လုပ်ငန်းခွင်ထဲက လရိပ်ပြာနဲ့ ခြားနားနေသည်။ သူ့ကိုမြင်သည်နှင့် လိုက်ခနဲပျော်သွားပုံက ဟန်မဆောင်နိုင်လွန်းစွာပေါ်လွင်နေသည်။

လရိပ်ပြာက အတူထွက်လာသော သူငယ်ချင်းများကို တစ်ခုခုပြောပြီး ချန်ထားရစ်ခဲ့သည်။

"ကျွန်မဆီလာတာလား"

ပြုံးတုံ့တုံ့လုပ်နေလိုက်ပြီး‥





"ဟင့်အင်း ပန်းကလေးဆီလာတာ"

ခေါင်းငုံ့ပြီး ယှဉ်လျှောက်လာသော လရိပ်ပြာနဲ့ သူ့အနေအထားက ဘယ်ရောက်နေပြီလဲ။

"ကျွန်မ ဒီမှာကျောင်းတက်နေတာ ဘယ်လိုသိလဲ"

"ပန်းပွင့်လေးကပြောတာပေါ့"

"ဟာ‥စကားအကောင်းလည်းမပြောဘူး"

ရှက်ရွံ့ကြည်မြစွာဖြင့် မှုန့်နေသည်ထင့်။

"ဟုတ်တယ် လရိပ်ပြာ‥ချန်ထားခဲ့တဲ့ပန်းပွင့်လေးက ညကကိုယ့်ကိုစကားတွေအများကြီးပြောတယ်…လရိပ်ပြာ ပြောခိုင်းတာပဲဖြစ်မှာပေါ့"

ညစ်ကျယ်ကျယ်နှင့် စကားတွေကို ရှည်ရှည်လျားလျားလမ်းခင်းနေမိသည်။

အသက်သုံးဆယ်နီးပါး ယောကျ်ားတစ်ယောက်က ဒီလိုပဲချစ်သူတစ်ယောက်ကို ပြောတတ်လားမသိ။

သူကတော့ ပြောမိနေလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



"အင်း ပြောပါဦး ဘာတွေပြောလဲ"

"ကျွန်မ ရှင့်ကိုချစ်တယ်··ချစ်ဘယ်တဲ့ ပြောနေတာပေါ့၊ ကဲ ပြော···အဲဒါ လရိပ်ပြာပြောခိုင်းတာမဟုတ်လား"

လရိပ်ပြာက သူ့ခါးကိုလမ်းလျှောက်ရင်းနှင့် တွန်းထုတ်လိုက်ပြီး

"ဟင်···လူလည်ကျတယ်နော် မချစ်ချင်ပါဘူး"

"ဒါပေမဲ့ ချစ်ပြီးပြီလေ မရတော့ဘူး"

ရင်ထဲက အချစ်မပါပဲ အချစ်ဆိုတဲ့စကားကို ခဏခဏပြောနေရတာ လိပ်ပြာမလုံ ကျွမ်းကျွမ်းကျင်ကျင်နဲ့ ပြောနိုင်နေခြင်းကိုပင် သူ့ကိုယ်သူမယုံနိုင်စွာ။

လှပသိမ်မွေ့သော ကောင်မလေးတစ်ယောက်ရဲ့အချစ်ကို သိမ်းပိုက်အနိုင်ရလိုက်ခြင်းသည် ဂုဏ်ယူစရာကောင်းသည်ဟုသာ ရိုးရိုးလေးသူတွေးထားလိုက်သည်။

သိင်္ဂါရဲ့ခြေထောက်တစ်ဘက်ကို သူရိုက်ချိုးလိုက်နိုင်ခြင်းအတွက်ကတော့ ကျေနပ်လွန်းစွာ··။

ဒီခံစားချက်ထက်မြင့်သော ခံစားချက်မျိုးသူ့ဘဝတွင် ထပ်ပြီးပေါ်ပေါက်လာလိမ့်မည်ဟု မထင်။





လရိပ်ပြာရဲ့ ခေါင်းမှဆံပင်များကို ထိုးဖွကျီစယ်လိုက်စဉ်···

ဟိုး··ကြည့်စမ်း သူရဲ့လက်ဖဝါးနဲ့ ထိတွေ့လိုက်တဲ့ လရိပ်ပြာရဲ့ဆံနွယ်နွယ်လေးများက တိမ်းမူးစွာ။

ဒီလိုဆို လရိပ်ပြာရဲ့ ဆံနွယ်လေးများကိုတော့ သူနှစ်သက်နေသည်ထင့်။

"ပြော·ကိုယ့်ကိုချစ်လား··· မပြောရင် ဆံပင်တွေ ကိုယ်ဆက်ဖွနေမယ်နော်"

သူ့ပုံစံက သိပ်ရဲတင်းလွန်းနေလားမသိ။

ဒါပေမဲ့ လရိပ်ပြာဆီက ငြိုငြင်မှုနည်းနည်းလေးမှ မတွေ့ရသဖြင့် စိတ်အေးသွားသည်။

"လမ်းမကြီးမှာ ပြောရမှာလား"

"အား··ဟုတ်သားပဲ···ဒီနေရာမှာကိုယ်နည်းနည်း အ,သွားတယ်"

ပိုင်စိုးပိုင်နင်းနဲ့ လရိပ်ပြာရဲ့လက်ကို ဆတ်ခနဲဆွဲပြီး စားသောက်ဆိုင်လေးတစ်ဆိုင်သို့ ခေါ်လာခဲ့လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရှန်းကန်ခြင်းမရှိပါလာကတည်းက သူသိထားဖို့ကောင်းသည်။

ဒါ အချစ်ကြောင့်ပေါ့။

ဒါဆို ဘာဖြစ်လို့များ သူကြားချင်ရတာပါလိမ့်။

သီင်္ဂါရ နာကျင်စေမဲ့ စကားမို့လို့ သူကြားချင်နေတာဖြစ်မှာပေါ့။

လရိပ်ပြာရဲ့ရင်ညွှန့်တွင် သူပေးခဲ့သော ဆွဲပြားလေးကတွဲလွဲခိုလျှက်...

❀❀❀





သူ့ထက်အသက်ခြောက်နှစ်မျှငယ်သော ကောင်မလေးကသူ့ကို 'ကို'ဟုမြတ်နိုးစွာခေါ်ပြီး သူကတော့ 'အရိပ်'ဟု လွယ်လင့်တကူ ခေါ်ခဲ့သည်။

အရိပ်ဟုခေါ်ခဲ့သော်လည်း အရိပ်က သူ့ကိုလွှမ်းမိုးရန်မကြိုးစားခဲ့။ သူကသာ အစစအရာရာလွှမ်းမိုးမိမှန်းမသိလွှမ်းမိုးနိုင်ခဲ့သည်။

"အရိပ်...ကို...လူတစ်ယောက်နဲ့ အရိပ်ကိုတွေ့ပေးချင်တယ်"

အရိပ်က စာအုပ်ရွေးနေရာမှ သူ့ကိုမော့ကြည့်ပြီး...

"ဘာလဲ ကိုယ့်သူငယ်ချင်းလား"

အရိပ်က ဖေမြင့်၏စာအုပ်တစ်အုပ်ကိုရွေးချယ်လိုက်ပြီး သူ့လက်ကို ဆွဲခိုကာလိုက်ပါလာသည်။



www.burmeseclassic.com

www.burmeseclassic.com



"အင်း သူငယ်ချင်းတော့မဟုတ်ဘူး..ဒါပေမဲ့ ကိုနဲ့ သူ့ အနေအထားကို အရိုပ် သိပါတယ်..သူက သိင်္ဂါရလေ"

အရိုပ်က သူ့လက်ကို မသိမသာဖြေချရင်း...

"ဘာလဲ ကိုယ်က သူ့ရှေ့မှာကြွားမလို့လား"

အကင်းပါးသောအရိုပ်ကို သူကခေါင်းညိတ်ပြလိုက်သည်။

"ကောင်းပါ့မလား..သူ့အမေနဲ့ အရိုပ်အမေကသိပ်ရင်းနှီးတာ"

"ကိုကတော့..သူ မရနိုင်တဲ့အရာကို ကိုရနေပြီဆိုတာ သိပ်ပြချင်နေတာ"

အရိုပ်က လှမ်းနေသောခြေလှမ်းများကိုနှေးလိုက်ပြီး

"အရိုပ်က သက်မဲ့မဟုတ်ဘူးလေ"

ခပ်တိုးတိုးညည်းသလို ပြောလိုက်ခြင်းပင်ဖြစ်၍ သူ စိတ်မရှည်သလိုဖြစ်သွားပြီး။

"အရိုပ်က ဒါလောက်လေးကိုတောင် မလိုက်လျောနိုင်ဖြစ်နေတာလား"

အရိုပ်က ရှားပါးပြီးအခိပ္ပါယ်ဖော်ရခက်သောအပြုံးကို နှမ်းယဲ့ယဲ့ပြုံးပြီး.





"ကို က သဝန်တိုပြီး..မိတ်ဆက်ပေးတာမျိုးဆိုရင် တစ်မျိုးပေါ့၊ ခုတော့"

မိန်းကလေးတွေများ ခံစားချက်ကို ဦးစားပေးလွန်းလှသည်။

"အရိုပ်ကိုပစ္စည်းတစ်ခုလို သဘောထားပြီး ကြွားနေတာမျိုးတော့ အရိုပ်မကြိုက်ဘူး၊ ပြီးတော့ သိင်္ဂါရနဲ့ဂ ဒ်ရဲ့ပြိုင်ဆိုင်မှုက ရပ်ဖို့ကောင်းပြီကွယ်"

သူ့ကို ဖျောင်းဖျသိမ်းသွင်းနိုင်သော လူ ဒီလောကမှာမပေါ်ပေါက်သေး။

"ရတယ်အရိုပ် ကိုကတောင်းဆိုကြည့်တာပေါ့၊ မလိုက်လျောပေးတော့လည်း ဘာတတ်နိုင်ပါ့မလဲ"

သူ့ဘက်က လုံးဝတိတ်ဆိတ်သွားပြီး ခြေလှမ်းကျဲကျဲများဖြင့် လျှောက်နေစဉ်...

ပုပုတုတုနှင့် မပြေးရုံတမင် လိုက်လာနေသော အရိုပ်ကိုလုံးဝ ငဲ့ကွက်မိ..။

တစ်ကိုယ်ကောင်းမာနတက်ခြင်းကို ဘယ်တုန်းက သူ့အကျင့်ပါနေတာပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com



"ခဏနေဦးကို…ကိုကိုအရိပ်ပြောစရာတစ်ခုရှိသေးတယ်"

စိတ်မရှည်စွာရပ်စောင့်လိုက်စဉ်…

"သိင်္ဂါရတို့ဘက်က အရိပ်ကိုကမ်းလှမ်းနေတယ်"

ဆုံးရှုံးသွားရမှာကိုမတုန်လှုပ်ဘဲ ရှုံးနိမ့်သွားရမှာကို စိုးရိမ်သွားသည်။

"ကောင်းပြီ··ဒါဆို…အရိပ်ဆီက ကိုယ်မတောင်းဆိုတော့ဘူး။ အမိန့်ပဲပေးတော့မယ်၊ ဒီနေ့ အရိပ်နဲ့ ကိုယ် သိင်္ဂါရနဲ့ တွေ့ဖြစ်အောင် တွေ့ရမယ်"

"ဘာကြောင့်လဲ ကို"

တကယ်ဆို နွေးထွေးစွာ သူ့ပြန်ဖြေရမည့်စကားကိုသိပြီးသား။

ဒါပေမဲ့ မလိမ်ချင်သောနှလုံးသားက အေးစက်ပိုင်နိုင်စွာဖြင့်

"သိင်္ဂါရကို…ကို မရှုံးချင်လို့ပေါ့"

အရိပ်ရဲ့မျက်နှာပေါ်က ဖြတ်သန်းသွားသော ခံစားမှုများကို နားလည်ရန် မကြိုးစားတော့ဘဲ သူလိုချင်သော အခြေအနေတစ်ခုကို သာဖန်တီးရန် ကြိုးစားခဲ့မိသည်။

သူနဲ့လရိပ်ပြာ ယှဉ်ထိုင်နေသည်ကို မြင်လိုက်သည်နှင့် သိင်္ဂါရ ခြေလှမ်းများက တုန့်ခနဲဖြစ်သွားသည်။



သိင်္ဂါရရဲ့ အားနည်းချက်က ခံစားမှုကို မဖုံးဖိနိုင်ခြင်းပင်၊ ဒါကြောင့် လည်း အလွယ်တကူအနိုင်ယူလို့ ရတာပေါ့။

တွေဝေသလိုဖြစ်သွားပြီးမှ ခပ်မှန်မှန်ခြေလှမ်းများနှင့် သူတို့ရှိရာ ဝိုင်းသို့ရောက်လာသည်။

အရိပ်မျက်နှာက အားနာလွန်းစွာဖြင့်…

သို့သော် သူကျစ်ကျစ်ပါအောင် ဆုပ်ထားသော အရိပ်ရဲ့လက် ဖျားလေးများမှတစ်ဆင့် သူ အားပေးလျှက်…

"ပြောစရာရှိတယ်ဆို"

အကြောင်းပြချက်ကို လိမ်လည်ပြောလိုက်မှသာ သိင်္ဂါရရောက် လာမည်ဖြစ်၍ တမင်ပြောခဲ့ခြင်းဖြစ်သည်။

"ဆိုပါတော့"

သိင်္ဂါရက နေရာတွင်ဝင်ထိုင်ပြီး အရိပ်ကို လွမ်းဆွတ်ကြေကွဲစွာ ကြည့်နေသည်။

အော်··မင်းနှယ်··နှလုံးသားကိုလည်း ဟန်ဆောင်တင်းမထားနိုင် ဘဲကိုး။

အရိပ်က ခုံပေါ်တွင် ထင်ထားသောသူ့လက်ထဲက လက်ချောင်း လေးများကို မသိမသာရုန်းနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းကို့…အသိပေးမိတ်ဆက်ပေးရအောင် ချိန်းလိုက်တာပါ"

ညှိုးဆင်းသွားသောမျက်နှာက မကျေနပ်မှုတွေအပြည့်အသိပ်။

ရှုန်း နေသောအရိပ်ရဲ့ လက်များကိုပို၍တင်းကျပ်စွာ ဆုပ်ကိုင်ထားလိုက်ပြီး

"ငါနဲ့ အရိပ် တရားဝင်ချစ်သူတွေဖြစ်သွားကြပြီလေ… မင်းဘက်က ကမ်းလှမ်းထားတယ်ဆိုတော့ နောက်ဆုတ်ရအောင် အသိပေးတာ"

တစ်ခုခု ပြောရန်ကြိုးစားပြီးမှ သိင်္ဂါရက ပြန်ထိန်းထားလိုက်ပုံရသည်။

ဟင်း…ရူလိမ္မာယောင်ဆောင်တာဖြစ်မှာပေါ့၊ ဒါမှမဟုတ် ရှုံးနေသူပီပီ ဆိတ်ဆိတ်နေတာလည်းဖြစ်နိုင်တာပဲ။

"အချစ်ကို သဘောပေါက်နားလည်လာတဲ့နေ့မှာမှ ဒီစကားကို မင်းပြောသင့်တယ်"

အလဲ့ အတော်လာတဲ့ သိင်္ဂါရပဲ။

ပညာတတ်စကားမျိုးနဲ့ ထိုးနှက်နေတာပေါ့၊ အရိပ်ကတော့ တကယ် အရုပ်ပမာ သူတို့နှစ်ယောက်ကြားတွင် ငြိမ်သက်လျှက်…





"အချစ်ဆိုတာ ဆန်းစစ်ဖို့မဟုတ်ဘူး ကိုးကွယ်ဖို့မဟုတ်ဘူး၊ ခံစားဖို့သက်သက်ပဲ"

သူ့စကားအဆုံး သိင်္ဂါရက လှို့ဝှက်စွာပြုံးပြီး…

"ခံစားဖို့သက်သက်တင်ပဲလား…မင်းအတွက်ဆိုရင်တော့ အသုံးချဖို့ဆိုတဲ့ အကြောင်းပြချက်တစ်ခုပိုနေမှာပါ"

စကားမှန်က ခံရခက်စေသည်ဆိုသော စကားအတိုင်း သူ့နားထဲမှတစ်ဆင့် ရင်ထဲသို့အဆင်မပြေစွာ ရောက်ရှိသွားသည်။

အရိပ်ရဲ့ လက်ကလေးများသည်ပင် အေးစက်သွားသယောင်။

"ထားလိုက်ပါတော့ မင်းနဲ့ငြင်းဖို့ ချိန်းတာမဟုတ်တဲ့အတွက် ငါဘာမှ ဆက်မပြောချင်တော့ဘူး၊ မင်းကိုအသိပေးချင်တာက အရိပ်ရဲ့ အချစ်ကို ငါပိုင်ပြီးဆိုတာရယ်၊ မင်းရှုံးပြီဆိုတာကိုအသိပေးချင်တာရယ်၊ ဒါတွေကြောင့် ငါချိန်းထားလိုက်တာ‥"

သူ့စကားအဆုံး အရိပ်က သူ့ကိုဖျတ်ခနဲမော့ကြည့်စဉ် သူ နှစ်သိမ့်ပြုံးဖြင့် တုံ့ပြန်လိုက်သည်။

သိင်္ဂါကတော့ အရိပ်ကို မြတ်နိုးကြင်နာစွာကြည့်နေလျှက်…

သူ့ရင်ထဲ သဝန်တိုသလိုလို ခံစားလိုက်ရသည်။

www.burmeseclassic.com



ပြီးမှ…

ကြည့်လိုက်ဦးပေါ့။

မင်း ဒီလိုမြတ်နိုးမှုပိုကဲလေလေ၊ မင်းအတွက်ပိုပြီး နာကျင်ခံစားရလေလေပေါ့၊

အနိုင်ရလိုမှုက သူ့ရဲ့ခံစားချက်အားလုံးကိုလျစ်လျူရှုနိုင်လိမ့်မည်ဟု ထင်မှတ်ခဲ့သည်။

သို့သော်….။

"အရိပ် စိတ်မကောင်းဘူး ကို…"

သိင်္ဂါရ မရှိတော့သည်နှင့် အရိပ်က ဝမ်းနည်းဆွေးမြည့်စွာပြောသည်။

"ဘာကိုလဲ သိင်္ဂါရအတွက်လား"

သူ့အတ္တကိုမဖုံးဖိနိုင်ခြင်းအတွက် အရိပ်ကထပ်မံဝမ်းနည်းစွာ..

သက်ပြင်းလေးလေးပင်ပင်ကို အရွယ်နှင့်မလိုက်အောင် ချလိုက်သည်ကိုတွေ့ရပြီး..

"ကို့ဆီက အရိပ် လိုချင်တာတွေမရလိုက်လို့"

နားမလည်လိုက်တာကွာ…





အရိပ်..ဘာတွေသွယ်ဝိုက်ကွေ့လည်ပြီး ပြောနေတာပါလိမ့်..

"ပွင့်ပွင့်လင်းလင်း ပြောစမ်းပါအရိပ်ရယ်"

ပျော်နေသော အပျော်များကိုပင် ပြည့်ပြည့်ဝဝမခံစားလိုက်ရ၊

"ကို နားလည်မှာမဟုတ်ပါဘူးလေ"

သူ အရိပ်လက်ကို ဖမ်းဆုပ်ဖျစ်ညှစ်လိုက်ပြီး..

"ကို ကလေးမဟုတ်ဘူးအရိပ်၊ ကိုနားလည်အောင်အရိပ်ပြောစမ်းပါ"

အရိပ်က တစ်ဘက်လူခံရခက်စေသောအပြုံးမျိုးကို ဖန်တီးပြုံးယူရင်း..

"ကိုနားလည်အောင် ပြောရမယ်ဆိုကတည်းက ဒီကြားထဲမှာ နားလည်မှုလွဲနေပြီ ကို..''

သူ တကယ့်ကို နားမလည်တော့။

ပူပင် လောင်မြိုက်သလို ခံစားလာရတာမို့ အချိန်များကို ဖြတ်တောက်ရန် ကြိုးစားလိုက်ပြီး။

"ဒါဆို…ကို နားလည်အောင် ကိုယ့်ကိုကိုပြန်ဆန်းစစ်လိုက်ဦးမယ် အခု အရိပ်ကို…ကိုပြန်ပို့ပေးမယ်"



www.burmeseclassic.com

www.burmeseclassic.com



အကောင်းဆုံးကို တစ်ယောက်စီအေးအေးဆေးဆေး စဉ်းစားနေသင့်သည်ဖြစ်၍ သူရွေးချယ်လိုက်ခြင်းပင်။

အရိပ်က ခေါင်းမညိတ်ခေါင်းမခါ နေရာမှထလိုက်ပြီး။

"အခု..အချိန်မှာ..အရိပ်မလိုအပ်သေးဘူးမဟုတ်လား၊ အရိပ်ပြန်သင့်ပြီလေ၊ ကို လိုက်မပို့ပေးပါနဲ့ အရိပ်ဘာသာ အရိပ်ပြန်ပါ့မယ်"

ဘဝမှာ ပထမဆုံးအကြိမ်အရိပ် စိတ်ကောက်ပြလိုက်ခြင်းပင်။

တစ်ခုခု နှစ်သိမ့်ဖျောင်းဖျသင့်သည်ကိုသိသော်လည်း သူ့ဘယ်လိုစကားများဖြင့် ဖျောင်းဖျနှစ်သိမ့်ရမည်ကို မစဉ်းစားတတ်ဖြစ်နေသည်။

"အရိပ်ကလည်းကွာ ကလေးမဆန်စမ်းပါနဲ့၊ အခုဆိုရင် ကို့ကိုငယ်ငယ်လေးကတည်းက အနိုင်ကျင့်ခဲ့တဲ့ သိင်္ဂါရကို ကိုနိုင်လိုက်တဲ့အတွက် အရိပ်ဝမ်းသာပေးသင့်တာပေါ့"

အရိပ်ရဲ့မျက်ဝန်းများက မထင်မှတ်စွာစိုစွတ်လာပြီး..

"ကို့အတွက်တော့ ဝမ်းသာပေးပါတယ်..ဒါပေမယ့် အရိပ်အတွက်တော့ ဝမ်းနည်းတယ်...သွားမယ် ကို"





အရိပ်က တကယ့်အရိပ်ပမာပင် လှစ်ခနဲလှည့်ပြေးထွက်သွားသည်။

သူမတားမိ။

လိုက်မသွားမိ။

မတောင်းပန်မိ၊ မဖျောင်းဖျမိ။ အားလုံးအတွက် အပြစ်ရှိသလိုခံစားရသော်လည်း ဒီလိုကိစ္စများကို အရေးပါကောင်းသောအရာများဟု မထင်မှတ်ခဲ့။

အချစ်သည် သူနားမလည်သေးသော ခေါင်းစဉ်တစ်ခုအောက်မှာပင် ရှိနေသေးသည်။

ဒါပေမဲ့ ထိုညကတော့ အရိပ်ဆီက ဖုန်းကိုမှတ်သိပ်စွာတောင်းတနေမိသည်။

သို့သော် ကိုယ်တိုင်စဆက်ရန်ကိုမူ မကြိုးစားမိခဲ့။

❀❀❀



www.burmeseclassic.com

www.burmeseclassic.com



ကတောက်ကဆဖြစ်ပြီး ငါးရက်မြောက်နေ့တွင်တော့ အရိပ်ဆီက ဖုန်းကို သူရရှိခဲ့သည်။

ငါးရက်လောက်သာ မတွေ့ရ မကြားရသောအရိပ်အသံကြောင့် အတိုင်းအတာတစ်ခုအထိတော့ သူကြည်နူးသွားရတာအမှန်ပင်။

"ဘာဖြစ်လို့ ခုမှဖုန်းဆက်ရတာလဲ"

အရင်ဦးအောင်ပြောလိုက်စဉ် သက်ပြင်းဖျော့ဖျော့ချသံကို ကြားလိုက်ရပြီး

"ကို ဖုန်းဆက်တာကိုစောင့်နေလို့လေ"





"ကို မအားလို့ပါအရိပ်ရဲ့၊ ပဲခူးကိုဒီကြားထဲနေ့တိုင်း သွားနေရတယ်"

ပဲခူးတွင် ကံထရိုက်ယူထားသော အဆောက်အဦတစ်ခုအတွက် သွားရတာမှန်သော်လည်း နေ့တိုင်းမဟုတ်။

ဒါပေမဲ့ အကြောင်းပြချက်တော့ လိုတယ်မဟုတ်လား၊

"ကို အရိပ်နဲ့ တွေ့ချင်တယ်"

တကယ့်ကို သတိရနေတာတော့ သေချာသည်။

"သေချာရဲ့လား.."

ဟုတ်သားပဲ သူမှမချော့ရသေးတာ..

အရိပ်က စိတ်ကောက်ဘယ်ပြေဦးပါ့မလဲ။

"သေချာတယ်...ကို အခုလာခေါ်မယ်လေ...ဆိုင်မှာမဟုတ်လား"

"အင်း"

မကြည့်တကြည် အသံကိုကြားနေရဆဲ။

ကိစ္စမရှိ။



www.burmeseclassic.com

www.burmeseclassic.com



ဒီလောက်ဆိုရင် အရိပ် စိတ်ပြေနေတာသေချာသည်။

အစဉ်အလာသဘောအရ ချက်ချင်းဘယ်လိုက်လျှောချင်ပါ့မလဲ။

"ကောင်းပြီ... ကို အခုလာခဲ့မယ် စောင့်နေနော်"

ဖုန်းချပြီးသည်နှင့် အရိပ်ဆီကို သွားရန်လုပ်လက်စအလုပ်များကို သိမ်းလိုက်သည်။

ထိုအချိန်မှာပင်

"ဆရာ..ဧည့်သည်ရောက်နေတယ်"

သူ့အတွင်းရေးမှူး အောင်ထွေးကလာပြောစဉ်

"ဘယ်သူလဲ.."

"ဆရာနဲ့ အလုပ်ကိစ္စပြောစရာရှိလို့တဲ့၊ ....Co., Ltd က ဦးအောင်နိုင်တဲ့"

အလုပ်ကိစ္စဆိုတော့ သူငြင်း၍မရတော့။

သူ့ဘဝတွင် လောဘအကြီးဆုံးက အလုပ်ပဲမဟုတ်လား။

"ဒါဆို လွှတ်လိုက်လေ"

ဦးအောင်နိုင်နှင့် အလုပ်ကိစ္စဆွေးနွေးရင်း အချိန်ကုန်မှန်းမသိကုန်ခဲ့





ရာ အရိပ်နှင့် ချိန်းထားသည်ကိုပင် မေ့လျော့သွားမိသည်။

အလုပ်ကိစ္စပြီးသွားပြီ၊ ကိုယ်ရောစိတ်ပါ နားလိုက်သောအချိန် ရောက်မှ အရိပ်ကိုသတိရလိုက်သည်။

နာရီကြည့်လိုက်စဉ် လာမည်ဟု ပြောထားသောအချိန်ထက် လေးနာရီနောက်ကျသွားပြီကို သိလိုက်ရသည်။

ဝုန်းခနဲ နေရာမှထ၍ အရိပ်ဆီထွက်လာခဲ့စဉ်...

သူ့ကို မျက်နှာညိုး၍ အလိုမကျစွာစောင့်နေမည့် အရိပ်ရဲ့မျက်နှာ ကိုသာ မြင်ယောင်မိခဲ့သည်။

❀❀❀



www.burmeseclassic.com

www.burmeseclassic.com



“မမ..အပြင်ထွက်သွားတာ ကြာပြီရှင့်...”

အရောင်းစာရေးမလေးက ရုံးခန်းထဲဝင်ရန် လုပ်နေသောသူ့ကို ရို့ကျိုးစွာပြောလာသည်။

အင်းလေ .. သူနောက်ကျသွားတာကိုး။

စိတ်ကောက်ပြီးထွက်သွားတာလား။

ချော့လို့ နှစ်သိမ့်လိုသောဆန္ဒက ထူးထူးခြားခြားပြင်းပြစွာဖြစ်လာသဖြင့်





“ဘယ်သွားမယ်လို့ပြောသွားလဲ၊ ပြီးတော့ ကျွန်တော့်ကိုရော ဘာမှာသွားသေးလဲ”

“ဘယ်ကိုသွားမှာလဲလို့တော့ မပြောသွားဘူးရှင့်၊ ဦးသိင်္ဂါရနဲ့ ထွက်သွားတာပဲ၊ ဘာမှတော့မမှာသွားဘူး”

ရိုးရိုးလေးဖြေလိုက်တာဖြစ်ပေမဲ့ ထူးထူးဆန်းဆန်းခံစားလိုက်ရသည်။

ဘာကြောင့်လဲ..၊

သိင်္ဂါရကြောင့်လား။

ပျက်ယွင်းသွားသော သူ့ရဲ့မျက်နှာကို ပြင်ဆင်ဟန်ဆောင်ရန် မကြိုးပမ်းတော့ဘဲ အပြင်သို့ဒေါသတကြီး ပြန်ရောက်သွားမိသည်။

ကားထဲဝင်ထိုက်လိုက်ပြီး သူ့ကိုသူဒေါသတကြီး ပြန်ဆန်းစစ်နေမိသည်။

အရိပ်နဲ့ သိင်္ဂါရ...

ဘုရား..ဘုရား သူသဝန်တိုနေတာပဲ။

တွေ့ချင်လွန်းသည့်အချိန်မှာ မတွေ့ရခြင်းလောက် ပူလောင်သောက ခံစားမှုမျိုးကို သူခံစားတတ်နေပြီပဲ။



www.burmeseclassic.com

www.burmeseclassic.com



ကားကိုစက်နှိုးလိုက်ပြီး ခပ်ပြင်းပြင်းဆောင့်ထွက်လာစဉ် သူ့ကိုယ်သူအားမလိုအားမရဖြစ်ခြင်းကသာ ကြီးစိုးလျှက်..။

ပြီးတော့ ရင်ထဲက ဟာတာတာ...

သေချာသည် သူအရိပ်ကို လွမ်းတတ်နေပြီပဲ။

ဟာ..မဖြစ်စေရ။

သူ့ဘဝမှာ အချစ်ကြောင့် ခံစားရတာမျိုး ဘယ်တော့မှမဖြစ်စေရ။

ဒါပေမဲ့ သူ အရိပ်ကို ပြင်းပြင်းပြပြလွမ်းနေသည်။

❀ ❀ ❀





ညဘက်သူဖုန်းဆက်လိုက်စဉ် အရိပ်၏အေးစက်စက်အသံများကြောင့် ပို၍စိုးရွံ့စိတ်ထိခိုက်ခဲ့ရလေသည်။

"အရိပ် စောင့်နေခဲ့ပါတယ်"

"ဒါဆိုရင် သီဂိရဲ့ ပါသွားတယ်ဆိုတာကရော"

အရိပ်ဘက်က ဘယ်လိုအမှုအရာရှိနေသည်မသိ၊ သူကတော့ ဖုန်း ခွက်ကို စိတ်ထွက်ပေါက်အဖြစ် တင်းကျပ်စွာ ကိုင်ထားနေမိသည်။

"မေမေ့အတွက် ဆေးသွားဝယ်တာပါ.."

အရိပ် ဘာဖြစ်လို့ သူ့ကိုအေးတိအေးစက် အကြောင်းပြချက်ပေးနေရတာလဲ။

တကယ်ဆိုရင် ပျာပျာသလဲ ဖြေရှင်းပြနေသင့်သည်မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



"ဆေးဝယ်စရာရှိလည်း ကိုကိုစောင့်နေပေါ့"

အရိပ်ဆီက ခြောက်ကပ်ကပ်ရယ်သံကိုကြားရပြီးမှ..

"အမြဲတမ်းနောက်ကျတတ်တဲ့ချစ်သူကို အရိပ် ဘယ်အချိန်ထိ စောင့်နေရမှာလဲ ကို"

အသံများက တုန်တုန်ယင်ယင်မို့..

"အရိပ်..."

သူပင်ပြန်၍ ညင်သာသိမ်မွေ့သွားရတော့သည်။

"အရိပ်ကလေး.."

သူ့ရဲ့နူးညံ့မှုကို သူကိုယ်တိုင်ပင် အံ့သြစွာ..။

သို့သော် ထိုဖြစ်ထွန်းလာသော ခံစားမှုကိုပင် ကျေနပ်စွာ။

"ကို...အရိပ်ကိုချစ်တယ်"

အရိပ်ဘက်က အံ့သြစွာ အသံတိတ်နေသည်။

"ကို...အရိပ်ကို ချစ်မိနေပြီ"

ချစ်သူဖြစ်ပြီးမှ ဝန်ခံတတ်သောချစ်သူတစ်ယောက်အဖြစ် အပြစ်ပေးချင်ပေးပါစေတော့။





သူတော်မှတ်ပြင်းပြစွာ ဝန်ခံလိုနေသည်။

"ဟုတ်တယ် အရိပ်..အရိပ်...ကို...အရိပ်ကိုချစ်တယ်"

အရိပ်ဆီက ရှိုက်သံစွတ်စွတ်က ဖြည်းညှင်းစွာ အသံမှန်မှန်ပေါ်ထွက်နေသည်။

သူ ဒီစကားကို ဘယ်လောက်ကြာကြာ ဘယ်နှစ်ကြိမ်တိုင်တိုင် ပြောနေမိသည်မသိ။

သူသိနေတာကတော့ ထိုစကားအခွန်းတိုင်းအတွက် သူ့ရင်ခုန်သံတွေက မှန်ကန်မြန်ဆန်နေသည်။

❀❀❀



www.burmeseclassic.com

www.burmeseclassic.com



မချစ်တတ်သော ယောက်ျားများအတွက် ချစ်တတ်လာလျှင် သူများတွေထက် ပိုကဲနေမလားဟု တွေးမိစဉ် သူ့ကိုယ်သူသာ ရှက်ပြုံးပြုံးဖြစ်ခဲ့သည်။

အရိပ်ဆိုတဲ့ သာမန်ဂျစ်ကန်ကန်ကောင်မလေးတစ်ယောက်ရှေ့တွင် မကျရှုံးရအောင် ဟန်ဆောင်တင်းထားသည့် ကြားကပင် အကြိမ်အကြိမ်အခါခါ သူရှုံးနေတတ်ပြန်သည်။

"ချစ်သူတွေမဖြစ်ခင်တုန်းက အရိပ်ကို ပန်းတွေပို့ပေးပြီး အခုကျတော့ ဘာပန်းမှလည်း မပေးတော့ဘူး၊ အင်းလေ…မရခင်ကတော့ ဒီလိုချည်းပါပဲ"





အရင်ကအခြေအနေအတိုင်းသာဆိုလျှင် သူဟက်ဟက်ပက်ပက်ရယ်ပြီး စိတ်ထဲက ဝန်ခံမိမည်လားမသိ။

အခုတော့ ဒီသတ်မှတ်မှုလေးကိုပင် သူက မခံချိမခံသာဖြစ်စွာဖြင့်

"ဒါဖြင့်လာခဲ့…အခုပေးမယ်"

ကျောင်းဝင်းထဲကဆွဲထုတ်ပြီး ခေါ်လာစဉ် မရမကပူဆာလေသည်မှာ

"ဟင့်အင်း ဟိုးအပင်ပေါ်က ကံ့ကော်ပန်းပဲလိုချင်တယ် ခူးပေး"

သူ ဘုရားတလိုက်မိသည်။

မတ်ဘဲနေနိုင်ရော့လား ကံ့ကော်ပင်ပေါ်ကပန်းကို သူဘယ်လိုယူပေးရပါ့မလဲ။

"ဟာ အရိပ်ကလည်း လူကြားထဲမှာ ကို ဘယ်လိုတက်ရမှာလဲ၊ ပြီးတော့ အပြင်လူတက်တာ ဘယ်ခွင့်ပြုပါ့မလဲ"

အရိပ်က တမင်နှုတ်ခမ်းကို စူပွပွဖြစ်အောင် လုပ်ပြရင်း

"ဒါဆိုလည်းရတယ်…ဘာပန်းမှမလိုချင်တော့ဘူး"

ကြံဖန်ပူဆာတတ်သော အရိပ်ရဲ့ခေါင်းကို မနာကျင်အောင် ဖွဖွထုပြစ်လိုက်ပြီး သူအကြံထုတ်ရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတော့ ကုံကော်ပင်မှပန်းများကို ကန့်ထရိုက်ဆွဲထားသော ပန်းရောင်းသူကို စုံစမ်းရှာဖွေရပြီး သူ့အကူအညီနဲ့ လေ့ကားထောင်ကာ ကုံကော်ပန်းခူးပေးခဲ့ရလေသည်။

ကုံကော်ပွင့်လေးတစ်ပွင့်အတွက် ကျေနပ်ကြည်နူးနေသော အရိပ်ကိုတွေ့ရပြန်တော့လည်း သူ့အမောများအားလုံး ပြေပျောက်ဝေးလွင့်လျှက် ...

အချစ်ကို စောစောရှာဖွေမတွေ့မိခဲ့ခြင်းကပင် နှမြောစရာကောင်းနေသယောင်ယောင်။

အချစ်သည် သူ့အတွက် အားတစ်ခုပမာ ဖြစ်နေသည်မဟုတ်ပါလား။

သေချာတာကတော့ ပိုင်ဆိုင်ခွင့်ရထားသော အချစ်အပေါ် သူ့တန်ဖိုးထားတတ်နေခြင်းပင်။

❀❀❀



သူ့ဘဝအတွက် အပြောင်းအလဲတစ်ခုခုသာ ကြုံရမည်ဟု ကြိုသိရလျှင် ထိုပြောင်းလဲမှုသည် သူ့နှလုံးသားကို အလဲထိုးနိုင်မည့် ပြောင်းလဲမှုမျိုးမဖြစ်ပါစေနှင့်ဟု ဆုတောင်းမိမည်ပင်။

သို့သော်...

ကံဆိုတာက ကိုယ့်တိုင်မပြုထားသောကိစ္စ တစ်ချို့လည်း ပါလာတတ်သည်မဟုတ်လား။

"အဖေ သိပ်နေမကောင်းဘူး မင်းကိုတွေ့ချင်တယ်လို့ ဖုန်းဆက်နိုင်နေတယ်"



www.burmeseclassic.com

www.burmeseclassic.com



သိင်္ဂါရအသံကို ဖုန်းထဲကကြားရ၍ အံ့သြနေစဉ် နောက်ဆက်တွဲ သတင်းကြောင့် သူပိုအံ့သြသွားရသည်။

ထိုမိသားစုဝင်မဟုတ်သော သူ့ကို တွေ့ချင်သည်ဆိုခြင်းသည် သာမန်ထက်ပိုသော အရေးကြီးကိစ္စပင်ဖြစ်ပေလိမ့်မည်။

ထောက်ထားညှာတာခဲ့ဖူးသော ကျေးဇူးတစ်ချို့ကြောင့် ချက်ချင်းပင် သိင်္ဂါရအိမ်သို့ သူရောက်သွားသည်။

ခါတိုင်းလိုပင် တိတ်ဆိတ်နေသော အိမ်ကြီးသည် ပို၍တိတ်ဆိတ်ခြောက်သွေ့နေသလိုပင်။

ထူးခြားသောခံစားချက်တစ်မျိုးကြောင့် ကြက်သီးများပင်ထသွားမိသည်။

သူ့ကိုမြင်သည်နှင့် အိမ်အကူအမျိုးသမီးကြီးက အပေါ်ထပ်သို့ ဦးဆောင်ခေါ်သွားလေသည်။

"သက်သာရဲ့လား"

လေသံတိုးတိုးနှင့် သူမေးလိုက်စဉ်

"သိပ်မသက်သာဘူး နှလုံးက သိပ်အလုပ်မလုပ်တော့ဘူးပြောတာပဲ"





ခြေသံဖွဖွနှင့် ဦးလေးကြီးအခန်းဝရောက်သွားစဉ် စေ့ရုံစေ့ထား သောတံခါးမှတဆင့် အထဲဝင်လိုက်သည်။

ဦးလေးကြီး၏ခုတင်ဘေးတွင် အန်တီနှင်း၊ သိင်္ဂါရ ပြီးတော့ အသက်ကြီးကြီးလူတစ်ယောက် ဆရာဝန်ဖြစ်လိမ့်မည်ထင်။

အန်တီနှင်းက သူ့ကိုမြင်သည်နှင့်...

"မောင်နေဝန်းသစ် ရောက်လာပြီ"

လေသံတိုးတိုးနှင့် ကပ်ပြောလိုက်သောကြောင့် ဦးလေးကြီးမှိန်းနေတာဖြစ်ကြောင်း သူသိလိုက်သည်။

နွမ်းဖျော့နေသော မျက်ဝန်းများက ဖြည်းညင်းစွာဖွင့်လာပြီး သူ့ကို ရှာနေလေသည်။

သူရပ်နေသောနေရာတွင် ဦးလေးကြီး၏မျက်ဝန်းများရပ်သွား သည်။

တစ်ခုခုပြောရန် အားယူလိုက်ပြီး

"နေဝန်းသစ်နဲ့သားကလွဲရင် အားလုံးအပြင်ခဏထွက်ပေးပါ"

အသံက တိုးသော်လည်း မာထန်နေဆဲ...



www.burmeseclassic.com

www.burmeseclassic.com



အင်းလေ တစ်သက်လုံး အရိုးစွဲလာတဲ့မာန်ကို ဘယ်ချနိုင်ဦးပါ့မလဲ။

"ဖေဖေကလည်း…ဆရာဝန်ကြီးတော့ ရှိနေပါစေ"

သိင်္ဂါရက တားမြစ်လိုက်သော်လည်း

"ငါဘာမှမဖြစ်ပါဘူး…မလိုလို့ပါ"

အားလုံးက နားလည်စွာနဲ့ အပြင်ထွက်ပေးကြသဖြင့် ခုတင်တစ်ဘက်တစ်ချက်တွင် သူနဲ့သင်္ဂါရသာ ကျန်ရစ်ခဲ့လေသည်။

တစ်ယောက်မျက်နှာကိုတစ်ယောက် အသေအချာစိုက်ကြည့်မိကြစဉ်

"နှစ်ယောက်လုံးထိုင်ကြ"

အသံကာ မာမာပြတ်ပြတ် တိုးတိုးသဲ့သဲ့…။

ခုတင်ဘေးတွင် နှစ်ယောက်စလုံး ထိုင်မိလိုက်ကြသည်။ သိင်္ဂါရက ပိုက်တန်းလန်းနှင့် ဦးလေးကြီးလက်ကို ညင်သာဖွဖွဆုပ်ကိုင်လျှက်

သူ့ကရော

သူကသူ့စိမ်းပဲ‥ဒီလိုအားပေးမှုမျိုးမလိုအပ်။





"နေဝန်းသစ်"

သူ့ဘက်သို့ မျက်ဝန်းလည်လာပြီး ခေါ်လိုက်သဖြင့်‥

"ဟုတ်ကဲ့ ကျွန်တော်နားထောင်နေပါတယ် ဦးလေးကြီး"

ဦးလေးကြီးက ခပ်မှျင်းမှျင်းမှ လေကိုရှည်အောင်ဆွဲရှူနေလိုက်ပြီး‥

"အဲဒီဦးလေးကြီးဆိုတဲ့ ပညတ်ချက်အတွက် နာကျင်ခံစားလာရတဲ့ နှစ်ပေါင်းမနည်းတော့ဘူး"

ဦးလေးကြီး ဘာသာညည်းနေခြင်းလော၊ သူ့ကိုပြောနေခြင်းလော။ နှစ်ယောက်စလုံး စိတ်ဝင်စားစွာနားစွင့်နေကြသည်။

"နေဝန်းသစ်‥"

သူ့နာမည်ကို ခဏခဏခေါ်နေခြင်းကပင် မောစရာကောင်းနေသည်။

သူ့လက်ကို အားပျော့နေသော လက်ဖြင့်တို့ထိစမ်းသပ်ဆုပ်ကိုင်ရင်း ခေါ်လိုက်ခြင်းဖြစ်သည်။

"ဦးလေးကြီးမဟုတ်ပါဘူး…ဖေဖေပါ"



www.burmeseclassic.com

www.burmeseclassic.com



အသံက တိုးတိုးလေး ဒါပေမဲ့ နားထဲတွင်သာမက ရင်ထဲတွင်ပါ အကြိမ်ကြိမ်ကျယ်လောင်စွာ မြည်ဟီးလျှက်

သိင်္ဂါရက ဝိုင်းဟနေသော နှုတ်ခမ်းများကို မသိမ်းဘဲ သူ့ကို ပြုံးကြောင်စွာ စိုက်ကြည့်နေသည်။

သူကရော ရီဝေနေတဲ့ ဦးလေးကြီးမျက်လုံးများကို အမိအရဖမ်းလျှက်…

"မင်းတို့နှစ်ယောက် ညီအစ်ကိုတွေပါ"

ခပ်တိုးတိုးအသံက သံသယများကိုထပ်ပြီး အတည်ပြုချေဖျက်နေပြန်သည်။

"ငြိမ်းနဲ့ဖေဖေ ငြိစွန်းခဲ့ကြတာကို ဘယ်သူမှမရိပ်မိခဲ့ကြဘူး၊ နှင်းအပါအဝင်ပေါ့၊ သားကိုယ်ဝန်ရလာတဲ့ အချိန်မှာ ငြိမ်းက ဖေဖေ့ကို လက်ထပ်ဖို့တောင်းဆိုတယ်၊ ဖေဖေဘာလုပ်ရမှန်းမသိဖြစ်ခဲ့တယ်၊ နှင်းကိုအသိပေးလို့လည်း မဖြစ်၊ မပြတ်မသားဖြစ်နေတာကို ငြိမ်းက စိတ်နာပြီး ဖေဖေအနားက ပျောက်သွားခဲ့တယ်၊ သူဆုံးခါနီးအချိန်ရောက်မှ ဖေဖေ့ကိုဆက်သွယ်ခဲ့တာပဲ၊ ဒါပေမဲ့ သားရဲ့အဖေတစ်





ယောက်အနေနဲ့မဟုတ်ဘူး၊ ကျေးဇူးရှင်ဆရာတစ်ယောက်အနေနဲ့တဲ့၊ အဖြစ်တွေအားလုံးကို သူတစ်ယောက်တည်းခံပြီး ဖြေရှင်းအနစ်နာခံပေးခဲ့တယ်"

ဦးလေးကြီးက သူ့အဖေတဲ့။

ဒါဆို ငယ်ငယ်ကပုံရိပ်များကရော…

သူ့ရင်ထဲ နာကျင်ကြေကွဲခဲ့သော ပုံရိပ်များက တစ်ကွက်ချင်းတစ်ကွက်ချင်းပီသစွာ…

မောသွားဟန်ဖြင့် ခဏမှုနားနေသော ဦးလေးကြီးကို သူဘယ်လိုခံစားချက်မျိုးနဲ့ ကြည့်ရမှာပါလိမ့်။

သိင်္ဂါရကမူ လုံးဝနှုတ်ဆိတ်လျှက်…

"သား…"

သူ့ကိုခေါ်တာလား သိင်္ဂါရကိုခေါ်တာလား

ဒါပေမဲ့ သူ့ကိုကြည့်နေသောမျက်ဝန်းများကြောင့်…

"ကျွန်တော်…ကျွန်တော်…"

ဘာဆက်ပြောရမှန်းမသိ ဆွံ့အလျှက်



www.burmeseclassic.com

www.burmeseclassic.com



"ငယ်ငယ်က သားကို ဘာဖြစ်လို့ သားပါလို့ ဝန်မခံခဲ့ရတာကို သား နာကြည်းနေမှာပေါ့"

"နှင်းရဲ့စိတ်ကို ဖေဖေသိတယ်၊ ဖေဖေ့သားတစ်ယောက်အနေနဲ့ သူ့လက်ခံမှာမဟုတ်ဘူး၊ နောက်ဆုံးအိမ်ထောင်ပြိုကွဲရုံပဲရှိတယ်၊ နောက်တစ်ချက်က ကိုယ့်ကိုကိုယ် အားကိုးစေချင်တဲ့ ဆန္ဒကြောင့် ဖေဖေ သားကို လျစ်လျူရှုခဲ့ရတယ်၊ သားနှစ်ယောက်ကို ပြိုင်ဘက်တွေဖြစ်အောင် ဖေဖေပုံသွင်းပေးခဲ့တယ်၊ အဲဒါ သားနှစ်ယောက်လုံးကို တိုးတက်အောင်မြင်စေချင်လို့ပဲ"

ဝမ်းနည်းလာသောစိတ်များကို လက်သီးဆုပ်ရင်း ထိန်းထားနေရသည်။

"ဖေဖေ့ဆန္ဒပြည့်ပါတယ်၊ ဖေဖေ့သားနှစ်ယောက်လုံး မညံ့ခဲ့ကြဘူး၊ ဒါပေမဲ့ တစ်ခုမှားသွားတာက သားတို့နှစ်ယောက် ရန်သူဖြစ်သွားကြတာပဲ"

ပြိုင်ဘက်ဆိုမှတော့ တစ်ယောက်အပေါ် တစ်ယောက်မေတ္တာထားနေရင် အနိုင်ဆိုတာ ဘယ်ရှိပါတော့မလဲ။





"ဖေဖေမမြင်ချင်ဆုံးက သားတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် မုန်းတီးနေကြတာကိုပဲ"

သူနဲ့သိဂ်ါရ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မိကြသည်။

"ဒါကြောင့် ဖေဖေ စထားတဲ့ ဇာတ်လမ်းကို ဖေဖေ့ဘာသာအဆုံးသတ်ရတော့မယ်၊ သားတို့နှစ်ယောက် ပြိုင်ဘက်တွေအဖြစ်က ရပ်လိုက်ကြတော့…ဘယ်သူမှ ဘယ်သူ့ကို မနိုင်ခဲ့ဘူးလို့ သဘောထားကြပါ၊ ဖေဖေလည်း ဒီလိုပဲ ဆုံးဖြတ်မယ်"

သူနိုင်ခဲ့တာပဲ…

ဘာဖြစ်လို့ သရေဖြစ်သွားရမှာလဲ။

"ဘာဖြစ်လို့လဲဆိုတော့ မင်းတို့နှစ်ယောက်က ညီအစ်ကိုတွေဖြစ်နေကြလို့ပဲ၊ ညီအစ်ကိုဆိုတာ တစ်ယောက်နဲ့တစ်ယောက် ဖေးမကူညီရမယ်၊ အနစ်နာခံရမယ်၊ ဖေဖေရဲ့နောက်ဆုံး ဆုံးမစကားအဖြစ် သားတို့လက်ခံပေးပါ"

စကားပြောရင်း မောလာသဖြင့် အသက်ကိုဝအောင်ရှူရင်း မှိန်းနေသည်ကို တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီအချိန်မှာ ဘာကိုမှ ယုံကြည်မရအောင် တုန်လှုပ်နေသူက သူ တစ်ယောက်တည်းဖြစ်နေမလား။

သိင်္ဂါရကရော…

ဦးလေးကြီး နဖူးပေါ်က ချွေးတွေကို တို့သုတ်ပေးနေသော လက်များက တုန်ရင်နေသည်။

"ဘယ်လိုလဲ ဖေဖေ့စကားကို သားတို့လက်ခံကြမှာလား"

မှိန်းနေသော ဦးလေးကြီးဆီက အသံကြောင့် အတွေးနစ်နေရာမှ သတိပြန်ဝင်လာမိသည်။

"သား··နေဝန်းသစ်၊ သားဘယ်တုန်းကမှ မိဘမမဲ့ပါဘူး၊ သားရဲ့ အခြေအနေတိုင်းမှာ ဖေဖေပါဝင်ခဲ့တယ်၊ ရပ်တည်ပေးနေခဲ့ပါတယ် ကွယ်"

ဒီအိမ်ကထွက်သွားပြီးကတည်းက အစစအရာရာ အဆင်ပြေခဲ့တာကို သူ့ကံကြောင့်လို့ ထင်မှတ်နေခဲ့တာ မဟုတ်ဘူးတဲ့။

မေမေ့ဆီက နားကပ်အမွေရခဲ့ကြောင်း သူကြီးဒေါ်ကို ပြောပြခဲ့စဉ်က သူကြီးဒေါ်က သူ့အမေမှာ ဒီလောက်တန်ဖိုးကြီးသော ပစ္စည်း





မရှိခဲ့ပါဟု အခိုင်အမာပင် ဝန်ခံခဲ့သည်။

ဒါကိုပင် သူက သူ့အမေအပေါ်အထင်သေးရက်သည်ဟု စိတ်အ စာမကြေဖြစ်ခဲ့သေးသည်။

ဒါဆို ဒီနားကပ်ကရော ဦးလေးကြီးတင်ခင်းပေးခဲ့တဲ့လမ်းလား။

"ဖေဖေ သားရဲ့အောင်မြင်မှုတိုင်းကို ကြည်နူးခဲ့ရတယ်၊ အားရခဲ့ ရတယ်၊ ငြိမ်းအပေါ် မကျေခဲ့မိတဲ့ဝတ္တရားတွေ သားအပေါ် ပေးဆပ် နိုင်ခဲ့သလို ပီတိဖြစ်ခဲ့ရတယ်။ ဒါတွေကို သားယုံပေးပါကွယ်"

သူ့မျက်ဝန်းများ စိုစွတ်လာသလိုခံစားလိုက်ရသည်။ ရင်ထဲလှိုက် တက်ဝမ်းနည်းလာတာကို ဆို့နင့်စွာတင်းတင်းကြီး ခံစားနေရသည်။

သူ့ရဲ့လက်တစ်ဘက်ကို သိင်္ဂါရထံသို့ ကမ်းပေးလိုက်မိသည်။

ကြောင်၍ကြည့်နေသော သိင်္ဂါရကို အပြည့်အဝ သူပြုံးပြနိုင်လိုက် သည်ထင့်။

သိင်္ဂါရ၏ ပြန်ကမ်းပေးသောလက်တစ်ဘက်။

လက်ဖဝါးနှစ်ခုက လမ်းအလယ်တွင် ဆုံမိကြပြီး နွေးထွေးစွာ ဆုပ်ကိုင်ပေါင်းစည်းလျှက်…



www.burmeseclassic.com

www.burmeseclassic.com



ပြုံးနေသော ဦးလေးကြီးရဲ့မျက်နှာကို နောက်ဆုံးမြင်ခဲ့ရခြင်းပင် ဖြစ်လေသည်။

ထိုအပြုံးသည် သူ့ရင်ထဲက ခံစားမှုများအားလုံးကို နားလည်စွာ သယ်ဆောင်ယူငင်သွားသော အပြုံးပင်ဖြစ်သည်။

သူ့ရင်ထဲ တိုးတိတ်ညင်သာစွာ ခေါ်ခဲ့သံကိုတော့ ဦးလေးကြီး မကြားရတော့ပေမဲ့ ခံစားနိုင်လိမ့်မည်ဟု သူယုံကြည်နေမိသည်။

"ဖေဖေ..."

"ဖေဖေ..."

"ဖေဖေ..."

မိုးကောင်းကင်က တရားမမျှတစွာ သူ့အားပိုင်ဆိုင်မှုနဲ့ ဆုံးရှုံးမှုကို တစ်ပြိုင်နက်ပေးအပ်ခဲ့လေသည်။

မိုးကောင်းကင်တစ်ခု၏အောက်တွင် သူနဲ့သွေးသားရင်းခြာတစ်ယောက် ရှိနေသေးသည်ဟူသော အသိက အားတစ်ခုပေးစွမ်းနိုင်တာကတော့အမှန်ပင်။

နှစ်ယောက်စလုံး ခုံတန်းရှည်တစ်ခုတည်းပေါ်တွင် ထိုင်နေကြလျှက် ...





ဒါပေမဲ့ ခုံ၏အစွန်းတစ်ဘက်တစ်ချက်စီတွင် ထိုင်နေကြခြင်းပင်။

"မင်း အရိပ်ကို ချစ်နေတုန်းပဲလား"

ဘာပဲဖြစ်ဖြစ်သူက သိင်္ဂါရထက် အသက်ကြီး၍ အလိုလိုနေရင်း အစ်ကိုနေရာရောက်နေသည်။

သိင်္ဂါရကတော့ ဖရိုဖရဲဆံပင်များကို လက်ချောင်းများဖြင့် ထိုးဖွပြီး..

"အချစ်ဆိုတာ ဖန်တီးလို့မရသလို ဖျက်ဆီးလို့လည်း မရဘူးလေ"

သွယ်ဝိုက်ဝန်ခံလိုက်ခြင်းဖြစ်ကြောင်း သူနားလည်လိုက်သည်။

သူ့ရော သိင်္ဂါရပါ လေကိုမျက်နှာမူ၍ ထိုင်နေခြင်းဖြစ်၍ လေဖြည်းဖြည်းငွေ့ငွေ့က မျက်နှာကို ပွတ်တိုက်နေသည်။

"မင်း...ငါ့ညီဖြစ်နေတာကို ဘယ်လိုခံစားရသလဲ"

သိင်္ဂါရက ခါးသက်စွာ ပြုံးနေသလိုပင်

ပြီးတော့ မျက်နှာကိုရှေ့တည့်တည့်သို့ ပြန်မူထားလိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



"အစကတော့ အံ့သြတယ်၊ ပြီးတော့ ဒေါသဖြစ်တယ်၊ နောက်ဆုံးတော့ ဝမ်းနည်းမိတယ်"

သူ့ရဲ့ခံစားချက်ဖြစ်စဉ်ထက် တစ်ဆင့်ပိုနေသည်ဟု ပြောရမည်ပင် သူ့ခံစားမှုထဲတွင် ဒေသဖြစ်စဉ်မပါဝင်ခဲ့သောကြောင့်ပင်

"ငါ့မှာတော့ ဒေါသမပါဘူးကွ"

သူ့ရင်ထဲတွင် တကယ်ကိုပေါ့ပါးသောခံစားချက် သာရှိနေသည်။

"ငါ့မှာ သွေးသားရင်းချာတစ်ယောက်ရှိနေသေးတယ်ဆိုတာရယ် ပြီးတော့…"

သိင်္ဂါရ၏ မျက်ဝန်းများကို တေ့တေ့ဆိုင်ကြည့်လိုက်ပြီး

"ငါ့မှာ အဖေရှိတယ်ဆိုတာရယ်၊ ငါ့ရပ်တည်မှုက ပိုပြီးတန်ဖိုးရှိလာသလိုခံစားရတယ်"

သိင်္ဂါရကတော့ အားနာစိုးရွံ့စွာဖြင့် သူ့အကြည့်များကို ရှောင်ပြီး ခေါင်းငုံ့နေသည်။

ဒီလိုပျော့ညံ့ညံ့နဲ့ သူ့ကို မမီမကမ်းလိုက်ပြိုင်နေတတ်တဲ့ ကောင်လေးက သူ့ညီတဲ့…





သွေးသားရင်းဆိုတဲ့ အသိကို မခံစားဖူး၍လားမသိ။ သိမ့်သိမ့်ကလေး နွေးထွေးကြည်နူးသွားသည်။

"ဒီလောကမှာ မင်းနဲ့ငါ ညီအစ်ကိုဆိုတဲ့အသိကို ငါတို့ကလွဲရင် ဘယ်သူမှမသိဘူးနော်"

ရယ်စရာမဟုတ်ဘဲ နှစ်ယောက်သား ပြိုင်တူရယ်ဖြစ်သွားသည်။ သေချာသည် သည်ရယ်သံတွေကြားထဲမှာ ကြည်နူးမှုမပါ၊ နာကျင်ကြေကွဲမှုသာပါနေသည်။

နှစ်ယောက်စလုံး၏ဆန္ဒအရ အန်ကယ်ကီနှင်းကိုမပြောပြခဲ့ကြ။

မေမေက ဖေဖေ့ကိုပေးဆပ်ကာကွယ်ပေးခဲ့သည်။

ဖေဖေက သူ့ကိုပေးဆပ်ခဲ့သည်။

သူကရော တစ်လျှောက်လုံးအနိုင်ရလာတဲ့ သူ့ညီကို ပေးဆပ်စရာဆို၍ သိင်္ဂါရကိုငုံ့ကြည့်လိုက်စဉ်

ကိုင်းညွတ်နေသော ကျောပြင်ကျယ်ကို အားပါးတရဖက်ပြီးနှစ်သိမ့်ပေးလိုက်ချင်သည်။

"ငါ့ဝန်ခံစရာရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အင်း…"

သိင်္ဂါရက စကားနည်းလွန်းစွာ သို့သော် သူ့စကားတိုင်းကိုတော့ လိုလားစွာ နားထောင်နေသည်။

"ငါအရိပ်ကို မချစ်ဘူးကွ"

ဒီစကားကို ရင်ထဲက ဖြစ်ညှစ်အားထုတ်၍ ပြောလိုက်မိခြင်း ဖြစ်သလို သူ့နှလုံးသားကို သူ့ဘာသာသူဖြတ်ရိုက်ချလိုက်သလို ခံစားလိုက်ရသည်။

သိင်္ဂါရက ဖြတ်ခနဲလှည့်ကြည့်လာသည်။

"အင်း တော်တော်အသည်းမာတာပဲ"

သိင်္ဂါရရဲ့ မှတ်ချက်ထဲမှာ မကျေနပ်မှုတွေပါနေသည်။

"အစကတော့ မင်းကိုနိုင်ချင်တာကိုး"

"အခုရော"

မျှော်လင့်တကြီးမေးလာပုံက အရင်ကလို မနာလိုမှုများနှင့်မဟုတ်တော့။

တောင့်တပူဆာနေသည့် ပုံနှင့်ပင်တူနေသည်။





ချစ်စနိုးဖြင့် သိင်္ဂါရကို ကြည့်လိုက်ပြီး…

"ချစ်တဲ့သူဆီ ပေးလိုက်မှာပေါ့ကွ"

သိင်္ဂါရ၏ ဝမ်းသာသွားသောမျက်နှာသည် ခဏချင်းပင် ပြန်၍ မှေးမှိန်သွားပြီး…

"ဒါပေမဲ့…လရိပ်ပြာက အရုပ်မဟုတ်ဘူးလေ"

"အရုပ်မဟုတ်တဲ့အတွက်…ငါ ဒီလိုလုပ်ရတာပေါ့…သူ့မှာ ခံစားချက်ရှိတယ်လေ…ကြာရင် အချစ်မရှိတဲ့ ငါ့အတွက်…သူ စိတ်ဆင်းရဲရလိမ့်မယ်"

သိင်္ဂါရ…သက်ပြင်းချလိုက်ပြီး…

"သူကမှ ငါ့ကိုမချစ်တာ"

မမီမကမ်းနှင့် သိင်္ဂါရ ပခုံးကို လှမ်းပုတ်လိုက်ပြီး…

"မင်း ဘာဖြစ်လို့…ကိုယ့်ကိုယ်ကိုယ် မယုံကြည်ရတာလဲ"

သိင်္ဂါရက သူ့ကို အားကိုးသလို ငွေ့ငွေ့ပြုံးပြီး…

"မင်း နောင်တမရဘူးနော်"

ရင်ထဲက နောင်တမရပေမဲ့ နှလုံးသားကတော့ အကြိမ်ကြိမ် အပြစ်ပေးနေမှာ သေချာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ဘက်က ကိစ္စကို ငါ့ဘာသာငါ ရှင်းပါ့မယ်၊ မင်းဘက်က သာ အရိပ်ရဲ့ ရင်ခွင်အစစ်အမှန်ဖြစ်ပါစေ"

သိင်္ဂါရက သွက်လက်စွာ ခေါင်းညိတ်လေသည်။

ဒါလား…ဆရာဝန်တစ်ယောက်ရဲ့ ရင့်ကျက်မှုတွေ။

မင်း…ပျော့ညံ့တာလဲ ခပ်ကောင်းကောင်းပဲ။ နို့မို့ဆိုရင် ငါ့ရင်ထဲ ငိုကြွေးနေတာ မင်းမြင်တတ်မှာပေါ့။

ခွင့်လွှတ်ပါ အရိပ်ရယ်…

ငါ့ဘဝမှာ ပေးဆပ်မှုရဲ့အရသာကို ကျေကျေနပ်နပ် ခံစားစမ်းပါရစေ။

အချစ်တွေကို စတေးရဲတယ်လို့ အပြစ်မတင်ပါနဲ့။

အချစ်ဆိုတာ ပိုင်ဆိုင်ရမှ…ချစ်နေနိုင်တာမှ မဟုတ်ဘဲ။

ငါ့ရင်ထဲက ချစ်တတ်လာတဲ့ နှလုံးသားအတွက် ငါ တစ်သက်လုံး တမ်းတရင်း အပြစ်ပေးသွားမှာပါ။

❀❀❀





သူ့ကို ကျော့ခိုင်းထားသော အရိပ်၏မျက်လုံးများကို မတွေ့ရခြင်းက သူ့အတွက် ပို၍ ဖြေသာနိုင်နေသည်။

"ဒါ…အမှန်တွေပဲလား"

တုန်ရင်သောအသံက မယုံကြည်နိုင်လွန်းစွာ…

"အမှန်တွေပဲ အရိပ်…ကို ဆက်မညာချင်တော့လို့ ဝန်ခံရတာပါ…ဒီအတွက် မင်း နစ်နာမယ်ဆိုရင်…ကို တောင်းပန်ပါတယ်"

အရိပ်ရဲ့ မျက်နှာလေး ဒီဘက် ပြန်မလှည့်လာပါစေနဲ့…

သူ…ရင်မဆိုင်ရဲဆုံးအရာသည် အရိပ်ရဲ့ အပြစ်မဲ့သောမျက်ဝန်းများပင်။



www.burmeseclassic.com

www.burmeseclassic.com



“အခု…သိင်္ဂါရကို နိုင်ပြီဆိုတော့…အရိပ် မလိုအပ်တော့ဘူး ပေါ့နော်”

ရှိုက်သံစွက်သောအသံရဲ့ အဝေးဆုံးမှာ သူလည်း ငိုကြွေးနေလိုက်ချင်သည်။

“မလိုအပ်တော့တာ မဟုတ်ပါဘူး…ကို့ဆီမှာ ဘယ်သူ့အတွက်မှ မချစ်မရှိနေတာပါ”

မကြာသေးခင်ကမှ မွေးဖွားခဲ့တဲ့အချစ်ကို သူကိုယ်တိုင် ရှင်သန်ခွင့် မပေးတော့တာပါ။

“ကို့ကို မုန်းလိုက်ပါ အရိပ်”

သူ့စကားအဆုံး အရိပ်ရဲ့ နောက်ကျောလေးက ဆတ်ခနဲ လှည့်လာသည်။

မကြည့်ရဲသောမျက်ဝန်းများကို မလွဲမသွေ ရင်ဆိုင်လိုက်ရစဉ်…

သူ ကံကောင်းလွန်းစွာဖြင့်…

အရိပ်မျက်ဝန်းများထဲတွင် နာကြည်းကြေကွဲရိပ်များ ဖြည့်နက်လျက်…



BURMESE CLASSIC



သူ မျက်လုံးများကို မှေးမှိတ်ထားလိုက်ပြီး အသက်အောင့်ထားလိုက်သည်။

အပြစ်ပေးပါ…အရိပ်…

ကိုယ့်ကို နာနာကျင်ကျင် ရိုက်ပြီး အပြစ်ပေးလိုက်စမ်းပါ။

အရိပ်…သူ့ကို အပြစ်ပေးခဲ့ပါသည်။

သို့သော်…နာကျင်မှုကို ပေးသော အပြစ်ပေးမှုမျိုးမဟုတ်။

စိုစွတ်သော…မျက်ရည်လိမ်းကျံထားသည့် အနမ်းတစ်ပွင့်ကို သူ့ပါးပြင်ထက်တွင် ပေးအပ်ခဲ့ပြီး…

“ကျွန်မ…ပေးခဲ့တဲ့အချစ်တွေအတွက် ကျွန်မကိုယ်ကျွန်မ ဒဏ်ခတ်လို့ ရအောင် တစ်သက်လုံး ယူသွားမဲ့ အမှတ်တရပဲ…”

သူ မျက်လုံးများ ဖွင့်လိုက်စဉ် အရိပ်သည်…တကယ့်အရိပ် ပမာ ဝါးတားတားနှင့်…

အိုး…မျက်ရည်စိုလူးနေသော…သူ့ဆီက မျက်ရည်များလား…အရိပ်ဆီကလား။

မသေချာ။



www.burmeseclassic.com

www.burmeseclassic.com



သချာတာက···သူ့မြင်ကွင်းများကို ကြေကွဲမျက်ရည်များက ဝိတ်ဖုံးနေခြင်းပင်။

❀ ❀ ❀





အခန်းတစ်ခုထဲတွင် သူ့ကိုယ်သူ ပိတ်လှောင်ထားသောနေ့တစ်နေ့ ရှိသည်။

ထိုနေ့သည် အရိပ်ကို တရားဝင် ဆုံးရှုံးရသောနေ့နှင့် သိဂ်ါရ က အရိပ်ကို တရားဝင်ပိုင်ဆိုင်သွားသောနေ့ပင်။

*စားပွဲတစ်လုံး*

*ဖိတ်စာတစ်ခု*

ဘက်···

www.burmeseclassic.com

www.burmeseclassic.com



ပေးဆပ်ခြင်းကို နှစ်သက်စွာဖြင့် သူ ရယ်နေခြင်းဖြစ်သည်။

ဒါပေမဲ့…သူ့ရယ်သံတွေက ဘာဖြစ်လို့ ရှိုက်သံဖြစ်နေရတာလဲ…။

အိုမာဆမ်



www.burmeseclassic.com